သျှင်သုဝဏ္ဏသိရိ

ဦးလှမြို (စပါင်းတည်) ၏

# အနတ္တနိဗ္ဗာန်

NEGATIVE REVERSE

သျှင်သုဝဏ္ဏသီရိ

( ဦး လှမြို့ - ပေါင်းတည် )

# အနတ္တ + နိဗ္ဗာန်

NEGATIVE + REVERSE

ပထမအကြိမ်....အောက်တိုဘာ ၁၉၇၅

မျက်နှာဖုံး ပန်းချီ....တင်လှဝင်း

အဖုံးရိုက်....သိဒ္ဓိဗလ

ဘလောက်....သောင်းယှ

အုပ်ရေ....နှစ်ထောင်၊

ထုတ်ဝေသူ.... ဦးတင့်ဆွေ သဇင် စာပေ ([illegible] ၀၁၄၁၇) အမှတ် ၁၉၁၊ ၃၃ လမ်း ရန်ကုန်မြို့၊ ဖုံး ၁၀၃၆၇၊ ပုံနှိပ်သူ.... ဦးချစ်မြိုင် ([illegible] ၀၁၆၄၄) ကဝိရတနာပုံနှိပ်တိုက်၊ ၂၀၄၊ ၃၀လမ်း ရန်ကုန်မြို့က ကဝိရတနာစက်ဖြင့် ပုံနှိပ်သည်။

# " မိတ်ဆက်အမှာစကား "

ကမ္ဘာပေါ်၌ လူဦးရေသန်းပေါင်း '၃၈၀၀' ခန့်ရှိသည့်အနက် ငါးပုံတပုံမျှလောက်သော လူဦးရေသည်ဗုဒ္ဓဘာသာဝင် 'ဗုဒ္ဓဝါဒီ' များဟု အနောက်နိုင်ငံသုတေသီတို့က ဆိုကြသည်၊ မှန်၏၊ ဤမျှလောက်တော့ရှိတန်ရာ၏၊ သို့ရာတွင် ယင်းကမ္ဘာ့လူဦးရေ၏ ငါးပုံတပုံသော ဗုဒ္ဓဝါဒီတို့မှာ အမှန်စင်စစ် အားဖြင့် ဗုဒ္ဓ၏ ချမှတ်ထားခဲ့သော ဝါဒ၊ စည်းမျဉ်း လမ်းစဉ် အတိုင်း လိုက်နာခံယူ ကျင့်သုံးနိုင်ကြ သူများလော....ဟု အမေးရှိသော် ဗုဒ္ဓ၏ စည်းမျဉ်းလမ်းစဉ်ကို တိတိကျကျ လိုက်နာနိုင်ကြသူများ မဟုတ်ကြဘဲ မိရိုးဖလာဗုဒ္ဓဝါဒီများက ကိုးဆယ့်ကိုးရာခိုင်နှုန်းလောက် ရှိမည်ဟု ဖြေဆိုပါကမှားမည်မထင်။

အဘယ်ကြောင့်ဆိုသော်....၊ ယင်း 'ဗုဒ္ဓဝါဒီ' တို့၏ အရေးအသား၊ အပြောအဆို၊ အလေ့အကျင့်၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့မှာ 'ဗုဒ္ဓ' ချမှတ် ခဲ့သော စည်းမျဉ်း၊ လမ်းစဉ်မှလောကကြောင်း၌ လည်းကောင်း၊ 'ဓမ္မ' ကြောင်း၌လည်းကောင်း၊ သွေဖီလမ်းချော်လျက်ရှိနေသည်ကို တွေ့ရ၊ ကြားရ၊ မြင်ရသောကြောင့် ဖြစ်သည်။ သွေဖီသည်ဆိုရာ၌ အဖျက် သဘောမျိုးကို မဆိုလိုပါ၊ အပြုသဘောမျိုးနှင့်ပင် ဗုဒ္ဓ၏ လိုရင်း အကျိုးအမြတ်ကိုမရောက်ရှိကြဘဲ လမ်းခုလပ်၌သာ တိမ်းချော် စောင်းနင်းလျက်၊ အချို့အချို့သော 'ဗုဒ္ဓ' ၏ ပညတ်တော်များကို မိမိတို့ သက်ဆိုင်ရာ ဘာသာစကားတို့ဖြင့် ပြောင်းလဲယူဆရာတွင် 'ဗုဒ္ဓ' ၏ ဆိုလိုရင်းသို့ မထိရောက်ဘဲ၊ လွဲချော်မှားယွင်း၍ နေ့စဉ်သုံး၊ ရပ်သုံး၊ ရွာသုံး

ဝေါဟာရများသဖွယ်လေးနက်သော အနက် 'အဓိပ္ပာယ်'မှ ပေါ်ပျက်သောအသွင်သို့ ရောက်ရှိနေသည်ကို တွေ့နေရပေသည်။

ဗုဒ္ဓ၏ ပညတ်တော် ဝေါဟာရ များသည် သဗ္ဗညုတအတုမရှိသော ဝိဇ္ဇာမဏ္ဍာမှ ထွက်ပေါ်လာသောဝိဇ္ဇာမာနပညတ်များသာ ဖြစ်၍ ရုပ်သိုးရွာသိုး စကားဝေါဟာရ များမှာ ဗုဒ္ဓပညတ်တော် များနှင့် ဆန့်ကျင်နေသောပြောင်းပြန်အဝိဇ္ဇာမာနဝေါဟာရများသာဖြစ်ကြသည်။

အဓိကဖြစ်သော အချက်ကို တင်ပြရ ပါလျှင်ဗုဒ္ဓပညတ်တော်မူခဲ့သော ဓမ္မပုဒ် သည် ယခုလူသားတို့နားလည်ခံယူထားသော ဓမ္မ စကားလုံးနှင့် များစွာမှခြားနားနေသည်ကို တွေ့နေရပေသည်။ လောကလူသားတို့ နားလည်ခံယူထားသော ဓမ္မမှာပိဋကတ် တော်လာစာစကားများကို ဘုန်းတော်ကြီး များက တဆင့်ဟောကြားသော ပုံစံစကားများသာဟု လက်ခံယုံကြည်ထားကြသည်။ စကြာဝဠာအနန္တ၌ နေ့စဉ်နှင့် အမျှ စက္ကန့်နှင့်အမျှ ဖြစ်ပျက်နေသောဖြစ်စဉ် ပျက်စဉ်တို့ကိုဓမ္မဟုမယူဆကြကုန်၊ လောက၌ အဓိက ဖြစ်သော အိမ်ထောင်သားမွေးအလုပ်ကို ဓမ္မဟူ၍ မသိကြ၊ ဝေသန္တရာဇာတ်တော်ကြီးသာလျှင် ဓမ္မအစစ် ဟုခံယူကျင့်သုံး၍ နေကြသည်။

မှန်၏၊ စကြာဝဠာ အနန္တ ကမ္ဘာလောကဓာတ်ကြီးတခုလုံး၌ ဖြစ်ပေါ် ပျောက်ပျက်နေသော ဖြစ်စဉ်ပျက်စဉ် တို့တွင်ဝေသန္တရာဇာတ်တော်ကြီးထဲက ဖြစ်စဉ်ပျက်စဉ်လည်း ပါဝင်ပါသည်၊ ပိဋကတ်လာ ဖြစ်စဉ်ပျက်စဉ်တို့လည်း ပါဝင်ပါသည်။ ထို့နည်းတူစွာ ရေကြီးခြင်း၊ မိုးရွာခြင်း၊ လေတိုက်ခြင်း၊ နေပူ

ခြင်း၊ မီးလောင်ခြင်း၊ တဦးနှင့် တဦး၊ တနိုင်ငံနှင့် တနိုင်ငံခိုက်ရန်ဖြစ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သတ်ဖြတ်ခြင်းတို့သည်လည်းဗုဒ္ဓ အလိုဖြင့် ပညတ်တော်မူခဲ့သော ဓမ္မများသာ ဖြစ်သည်ဟု ထည့်သွင်းယူဆမှသာ လမ်းမချော်ဘဲ လမ်းပေါ်သို့ ရောက်ချေမည်။

'ဗုဒ္ဓ'ဆိုလိုသော 'ဓမ္မ'ကား ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ ဖြစ်စဉ်ပျက်စဉ်တခုသည် 'ဓမ္မ'ချည်းသာဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သဖြင့် လျှပ်တပျက်၊ လက် ခြင်းပင်လျှင် 'ဓမ္မ' အစစ်ဖြစ်သည်၊ မျက်တောင်တချက်ခတ်ခြင်းပင်လျှင် 'ဓမ္မ'အစစ်ဖြစ်သည်ဟု ယုံကြည်လက်ခံ၍ ကျွန်ုပ်တင်ပြမည့်စာအုပ်ငယ်တွင်ဖော်ပြထားသော ဖြစ်စဉ်ပျက်စဉ်တို့မှာ 'ဓမ္မ'စစ်စစ်များသာဖြစ်သည်ဟုဆိုလိုက်သည်။ မိမိတို့အယူအဆနှင့် မျှတသဘောတူသော 'ဓမ္မ'များကို လက်ခံသိမ်းပိုက်၍ သဘောမတူ အယူ မမျှသော 'ဓမ္မ'များကို ပယ်ပစ်ခွင့်လွှတ်ကြစေလိုကြောင်း။

'ဓမ္မ'ကို 'ဓမ္မ'အတိုင်း မြင်လျှင် အစွဲ'ဒိဋ္ဌိ' ပြုတ်သည်။
ဒိဋ္ဌိပြုတ်လျှင် အပါယ်ကလွတ်သည်။

အပါယ်ကလွတ်လျှင် အနတ္တဓမ္မကို ခံယူပြီးဖြစ်သည်။

အနတ္တဓမ္မကို ခံယူနိုင်လျှင် လောကီချမ်းသာကို ခံစားရသည်။

လောကီချမ်းသာကို ခံစားရသူသည်'သန္တိသုခ'ကို ခံစားရသည်။

(ပုံ) ဦးလှမြ။

# " စာ ရေး သူ ၏ ရည် ရွယ် ရင်း "

စာရေးသူသည် ဤစာအုပ်ငယ်ကို ရေးသားရခြင်းမှာ အားပေးတိုက်တွန်းသူများက အဖန်ဖန် အထပ်ထပ် တိုက်တွန်းနှိုးဆော်ခြင်းကတကြောင်း 'ဗုဒ္ဓ'၏'ဓမ္မ' သဘောများကို ကိုယ်တိုင် ကိုယ်ကျ လေ့လာဆည်းပူး ကျင့်သုံးယုံကြည် လက်ခံ အတည်ပြုခဲ့သည့် အလျောက် ဗုဒ္ဓ၏'ဓမ္မ'စစ်'ဓမ္မ'မှန်များကို အခြား'ဗုဒ္ဓဝါဒီ' ဟူသမျှ တို့အား'ဓမ္မ'သဘောဖြင့် ဝေငှဖြန့်ချိလိုသော၊ဖြူစင်မြင့်မြတ်သောဆန္ဒ ပြင်းပြသည်က တချက်၊ တပည့် ယောဂီတို့အဖို့ မမေ့မပျောက်နိုင်သော မှတ်တမ်းတခုအနေနှင့် ကျန်ရှိစေလိုခြင်းအစရှိသော ရည်ရွယ်ရင်း အကြောင်း အကြောင်းတို့ကြောင့် ဖြစ်သည်။

သို့ရာတွင် ယင်းသို့စာအုပ်ငယ် ထုတ်ဝေဖြန့်ချိရာ၌ ကုန်ကျသည့် စရိတ်စကများမှာ သာမန်အချိန်များကဲ့သို့ မဟုတ်ဘဲ ခေတ်အလျောက် ပိုမိုကုန်ကျခြင်းကြောင့်၊'ဓမ္မဒါန'အဖြစ် အလကားမဖြန့်ချိနိုင်ဘဲ အနည်းဆုံးတန်ဖိုး ထား၍ ဝေငှ ဖြန့်ချိ ရခြင်းကို ခွင့်လွှတ် ကြစေ လိုကြောင်း။

နောက်ပိုင်း၌လည်း အခါအားလျော်စွာ ကိုယ်တွေ့'ဓမ္မ' များကို ဆက်လက် ထုတ်ဝေ ဖြန့်ချိသွားမည် ဖြစ်ကြောင်း။

## စာရေးသူ၏ ရည်ရွယ်ရင်း

မှတ်ချက်။ ။ယင်း စာအုပ်ငယ်တွင် အချို့နေရာ များ၌ 'အင်္ဂလိပ်ဘာသာ စာများကို ထည့်သွင်း ဖော်ပြထားရခြင်းအကြောင်းရင်းမှာ အချို့ခေတ်ပညာတတ် ပုဂ္ဂိုလ်ကြီးငယ်တို့သည် ဗမာ စာပေထက် အင်္ဂလိပ်စာပေကိုအားသန်ကြသဖြင့်လည်းကောင်း၊ အချို့အင်္ဂလိပ် ဘာသာပြန်များမှာ ဗမာပြန်များထက် ပိုမို တိကျ ရှင်းလင်းသည်ဟု ယူဆ ကြခြင်း ကြောင့် လည်းကောင်း၊ ယင်း အကြောင်း အချက် များကြောင့် ထည့်သွင်း ဖော်ပြလိုက်ရ ပေသည်။ ဗမာဘာသာကို အားထား သူများ အတွက် မရည်ရွယ်ပါ၊ အင်္ဂလိပ် ဘာသာစာ များ၏ ဗမာပြန် အဓိပ္ပာယ် များလည်း တပါတည်း ထည့်သွင်းပြန်ဆိုထားကြောင်း။

(ပုံ) ဦးလှမြ။

# "ပါဝင်သော အချက်အလက်များ"


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| မထေရ်ထူး | ၁ |
| အကျင့်တူး | ၂ |
| ကျောက်သဘော်ယောဂီ | ၇ |
| လူထူးလူဆန်း | ၁၀ |
| ဆွမ်းခံချိန် | ၂၂ |
| နေ့လည်တရားပွဲ | ၂၄ |
| ယောဂီတို့တွေ့သောနိဗ္ဗာန် | ၃၁ |
| သီလခံယူပွဲ | ၃၉ |
| အာဠဝကစာ | ၄၉ |
| တရားပွဲ | ၅၄ |
| ဆေးလိပ်ပြဿနာ | ၅၉ |
| စောင်၊ခေါင်းအုံး၊ ခြင်ထောင်၊ပြဿနာ | ၆၃ |
| တရားတိုက်၏သဘာဝ | ၆၇ |
| တိုက်တွင်းယောဂီတို့ပြဿနာ | ၇၅ |
| ဆိုရှယ်လစ်ပြဿနာ | ၈၄ |
| ဂိုဏ်းပြဿနာ | ၉၂ |
| ဒုလ္လဘမျာ း | ၉၈ |
| လဗိမာန်ပြဿနာ | ၁၀၇ |
| တရားပွဲ | ၁၁၅ |
| ရဟန္တာပြဿနာ | ၁၂၆ |
| ဝါဆိုလပြည့်တရားပွဲ | ၁၃၉ |
| ဓမ္မစကြာ အနတ္တနိဗ္ဗာန် . | ၁၄၇/၁၅၂ |

## ‘မထေရ်ထူး’

‘ဟောဟိုကသပိတ်ပိုက်ပြီး၊ နောက်ပါ ရဟန်းကြီးများနှင့်အတူ ရှေ့ကဦးဆောင်လျက် ကြွလာသည့် မထေရ်ကို သိရဲ့လား’ဟူသော မေးခွန်းသံများမှာ မထေရ် ကြွလေရာရပ်ကွက်အသီးသီးတို့၌ တအံ့တသြ ပေါ်ထွက်လာပါတော့သည်။ ယင်းမထေရ်၏ ထေရုပ္ပတ္တိမှာ မဆန်းသော်လည်း ထူးသည်ဟု ဆိုရပေမည်၊ မထေရ်၏ အသက် အရွယ်မှာ မငယ် သော်လည်း မကြီးသေးပါ၊ လောကအလိုအရပြောရပါလျှင် လူဝတ်ကြောင်ဘဝ၌ ကာမဂုဏ်ခံစား၍ နေမည်ဆိုပါက အဖက်ဖက်ကပူစရာမရှိ၊ စိတ်သွားတိုင်း ကိုယ်ပါနိုင်သူ တယောက် ဖြစ်ပေသည်။ သူသည် ဘယ်အခါကမျှ မမျှော်လင့်ခဲ့သော ‘ဓမ္မ’ သဘောတရားတခုကို ရင်ဆိုင်ခဲ့ရသဖြင့် ယခုကဲ့သို့သော ‘သမဏ’ ရဟန်းအသွင်ကို ပြောင်းခဲ့ရခြင်းဖြစ်သည်၊ သူသည် အတိတ်ဘဝကို ကိုယ်ရောစိတ်ပါ စွန့်လွှတ်ခဲ့ချေပြီ၊ သူ့၌တွယ်တာစရာ ပရိက္ခရာသာကျန်တော့သည်၊ ‘သမဏ’ ရဟန်း ဘဝသို့ ရောက်သည့် နေ့မှစ၍ လောကကြီးကို နောက်ခိုင်းခဲ့သည် မေ့လျော့ခဲ့သည်။ သစ်ပင်

ရိပ်ဟူသမျှသည်သူ့အတွက်တည်းခိုရန်စခန်းဖြစ်သည်။လွယ်ထားသောသပိတ်ခွက်မှာသည် ထမင်းအိုးဖြစ်သည်၊ ခြေသလုံးအစုံသည် ယာဉ်ဖြစ်သည်။ နှစ်ထပ်သင်္ကန်းသည် စောင်ဖြစ်သည် ဟု သူ ဆုံးဖြတ်ခဲ့သည်။

သို့ရာတွင် မမျှော်လင့်သော 'ဓမ္မ' သဘော တရားတခုသည် သူ့အားတရားပြဆရာဘဝသို့တွန်းတင်ခဲ့ပြန်သည်၊ တရားပြဆရာဘဝ၌ အောက်ပါ ကျင့်ဝတ်များကို ထူးခြားစွာ ခံယူကျင့်သုံးခဲ့သည်၊ ထိုအချိန်၌ကား ရဟန်းအသက် တနှစ်သားမျှသာ ရှိသေးသည်။

## 'အကျင့်ထူး'

မထေရ်သည် နေ့စဉ်နှင့်အမျှ နေပူမရှောင် မိုးရွာမလွဲ နေ့လည်ဆွမ်းတနပ်စာအတွက် ရပ်ကွက်အသီးသီးသို့ အလှည့်ကျ နောက်ပါရဟန်းကြီးများနှင့်အတူ ဆွမ်းခံလေ့ရှိသည်။သူ၏ ရုပကာယမှာ'သမဏသာရုပ္ပ'အပြည့်ကို ဆောင်လျက် မြင်သူတိုင်းငေးကြည့်လောက်အောင် သမာဓိ၊အိန္ဒြေကိုအထူးထူးထောင်ထားပုံရပါသည်။ သူ၏ စူးရှတည်ငြိမ်သော မျက်လုံး အစုံတို့သည် ဝဲဘက်ယာဘက်တို့သို့ မငဲ့မစောင်းပဲ ရှေ့တူရူ ထမ်းပိုးတပြန် လောက်သာကြည့်သည်။ သူ၏ခြေလှမ်းမှာ မစိတ်မကြဲသုံးလှမ်း နှစ်တောင်မျှသာ လှမ်းကြွတော်မူသဖြင့် တွေ့မြင်ရသူတို့၏စိတ်အာရုံတွင် သမဏ အစစ်တို့၏ အာရုံကို ထင်ပေါ် စေလျှက်၊

ကြည့်ညိုခြင်းစေတနာတို့ကိုယိုဖိတ်စေ၏၊ဝတ်ရုံထားသောသင်္ကန်း၏အရောင်မှာ သစ်ခေါက်ဆိုးဖြစ်သဖြင့် ညိုမှောင်သောအသွေးအရောင်ကို ဆောင်၏၊ လက်ဖြင့် ပိုက်ထားသော သပိတ်မှာအလှုတ်မဟုတ်ပဲ သပိတ်သွယ်ကို သူ၏လကျ်ာဘက် ပုခုံးတွင်ချိတ်လျှက် လွယ်ထား၏။ ဆွမ်းလောင်း သူတို့မှာ မထေရ်၏ဆွမ်းရပ်ခြင်းကို စောင့်၍ အပြေးအလွှား လောင်းကြရ၏။ ဆွမ်းလောင်းစဉ်၌ မထေရ်သည် တည်ငြိမ်သောအိန္ဒြေနှင့် သပိတ်ခွက်၌သာ စူးစိုက်လျှက် ဆွမ်းလောင်းပြီးလျှင် ပြီးချင်းလကျ်ာခြေကိုစ၍ကြွတော်မူ၏။ ဆွမ်းလောင်းသူတို့ စကားပြောသည်ကိုလည်း သတိမထား၊ ဆိတ်ဆိတ်နေလေ့ရှိ၏။

နောက်ပါရဟန်းကြီးများလည်း မထေရ်၏ဩဝါဒကိုနာခံထားကြရသဖြင့်၊ မထေရ်ကဲ့သို့ တသွေမတိမ်း လိုက်နာကျင့်သုံးကြရ၏။ ဆွမ်းခံရာ၌ 'သတိပဋ္ဌာန်' အလေ့အကျင့်ကိုကျင့်သုံးကြရ၏။ ဆွမ်းခံရာ၌ရရှိသော 'သမ္မိဓမ္မ'မှာ အလွန်ထူးဆန်းလှပေသည်၏ ... ရှိုးရောက်သည်။ ဆွမ်းခံရာ၌ မထေရ်၏ 'သတိပဋ္ဌာန်' ကျင့်စဉ်မှာပဌမအပတ်များ၌ ခြေလှမ်းကိုရေတွက်၍ဆွမ်းခံသည်၊ အကယ်၍အသွားအပြန်ခြေလှမ်း လေးထောင့်ငါးရာရှိသော အချပ်ဆိုပါက ကုန်ကျသော မိနစ်မှာ လေးဆယ်ငါးမိနစ် ဖြစ်သဖြင့်တမိနစ်လျှင် အလှမ်းတရာဟု တွက်ချက်ရသည်၊ ထို့ကြောင့်မထေရ်သည် ခရီးနှင့်အချိန်ကို ခြေလှမ်းနှုန်းဖြင့် တွက်ချက်၍ဆွမ်းခံထွက်ချိန် ဆွမ်းခံဝင်ချိန်တို့ကို တိတိကျကျ သတ်မှတ်နိုင်သည်၊ခြေလှမ်းရေတွက်ရာ၌ တနေ့နှင့်မသေချာသဖြင့် တပတ်ငါးရက်နေ့စဉ်ရေတွက်မှတ်သားရသည်ဟု ဆိုသည်။ ရဟန်းကြီး

များကိုလည်း ရေတွက်စေသည်၊ ခြေလှမ်းနှင့်အချိန်တိကျသော အခါမှသာ အချိန်ကိုတိတိကျကျသတ်မှတ်တော်မူသည်။

ခြေလှမ်းနှင့်အချိန် တွက်ချက်ပြီး သောအခါ မထေရ်သည် ခြေလှမ်းရေတွက်မှုကို လွှတ်၍ ခြေဖဝါးနှင့် မြေကြီးထိသောအထိအတွေ့ 'ဓမ္မ'ပေါ်တွင်သတိကပ်လျက် 'သတိပဋ္ဌာန်' ကျင့်စဉ်ကိုသုံးသပ် တော်မူလေသည်၊ ယင်း နည်းလမ်းဖြင့်ခြေလှမ်းမှန်ကန်ခြင်း၊ မမောမပန်းခြင်း၊ အချိန်မှန်ဆွမ်းခံဝင်ခြင်းသာမက ကျန်းမာရေးလည်း ပြည့်စုံစေသည် ဟု မထေရ်က ရဟန်းကြီးများအား ဩဝါဒပေးလေ့ရှိသည်။

အကယ်၍ ဆွမ်းခံရာတွင် ခြေဖဝါးနှင့်မြေကြီးထိသော အပေါ်တွင် စိတ်ကို မလွှတ်လပ်အောင် ထိမ်းသိမ်း နိုင်သော 'သမာဓိ'ကိုရပါက ခြေဖဝါးဟူသော 'ပညတ်ဓမ္မ' 'မြေကြီးဟူသော' 'ပညတ်ဓမ္မ' ထိတယ်၊ သိတယ် ဟူသောပညတ်ဓမ္မ တို့မှ လွတ်၍ 'ပရမတ်ဆတ်ဆတ်'ဖောဋ္ဌဗ္ဗ' 'ဓမ္မ'ကို ကိုယ်တိုင်ကိုယ်ပိုင်တွေ့နေရသည်ဟုဆို၏၊ယင်းသို့ 'ပရမတ်ဆတ်ဆတ်' 'ဓမ္မ'သဘောကို တွေ့နေရသောအခါ၌ နေပူဒဏ်ကိုလည်း ခံနိုင်သည် မိုးရွာဒဏ်ကိုလည်း ခံနိုင်သည်၊ ရုန်းကန်ရသော ခန္ဓာကိုယ်၏ အလေးချိန်မှာလည်း ပေါ့ပါးလာသဖြင့်လေဟုန်စီး နေရဘိသကဲ့သို့ ပင်ပန်းခြင်း၊ မောပန်းခြင်းမရှိဘဲ ကြည်လင်ပေါ့ပါးလျက် ရှိသည်။ ခြေဟူသောအမှတ်အသား မြေဟူသောအမှတ်အသား မရှိသဖြင့် ခြေနှင့်မြေထိသည်ဟူ၍ ပင်မသိရဘဲ၊ လေထဲတွင် လွင့်နေသောဝါဂွမ်းသဖွယ် ပေါ့ပါးလျှင်မြန် သွက်လက်လျက် အာရုမ်အတွင်းသို့ ပြန်ရောက်၍ စိတ်ကို လွှတ်လိုက်သောအခါ

မှသာ 'သမဓိ' အရှိန် တဖြည်းဖြည်း လျော့နည်း လာပြီးလျှင် ခါတိုင်းကဲ့သို့ မူလစိတ်အတိုင်းဖြစ်ပေါ်လာ၏။

ယင်းကဲ့သို့ နေ့စဉ်နှင့်အမျှ ဆွမ်းခံခြင်းဖြင့် 'သမာဓိ' ထူထောင်ရသောအကျင့်မှာ တဖြည်းဖြည်း ရင့်ကျက်လာပါက နေရာတကာတွင် ယင်းသမာဓိအားကို အသုံးချ၍ ရလာ၏။ လောကီဓမ္မတို့၌လည်းကောင်း၊ လောကုတ္တရာဓမ္မ၌လည်းကောင်း၊ မပင်ပန်းမနွမ်းနယ်ဘဲ 'သမာဓိမမ္မကို လိုသလိုအသုံးချနိုင်သော အဆင့်သို့ မြင့်တက်လာပေသည်။ ထို့ကြောင့် မထေရ်သည် ရဟန်းကြီးများအား ယင်း အကျင့်ကို လိုက် နာ ကျင့် သုံး စေသည်။

ဆွမ်းခံမှ ပြန်လာသောအခါ သပိတ်ကို အစဉ်အတိုင်း ဆွမ်းစားကျောင်း၌ ထားပြီးလျှင် မထေရ်သည် မိမိကျောင်း လေးအတွင်း၌ ခေတ္တမျှအနားယူပြီးလျှင် ရေချိုးခြင်း ကိုယ် လက် သုတ်သင်ခြင်း အမှုကိုပြု၏။

နံနက် ၁၀ နာရီ ၁၅ မိနစ်သို့ ရောက်သောအခါ ဆွမ်း စားသံချောင်းသုံးချက်ခေါက်၏။ မထေရ်သည် သင်္ကန်းကိုကျန စွာရမ်းလျက် ဆွမ်းစားကျောင်းပေါ်သို့ ရဟန်းကြီးများနှင့် အတူ အစဉ်အတိုင်းတက်၍ ဆွမ်းကို တပါတည်း သပိတ်ခွက် တွင်နှိုက်၍စားလေ့ရှိသည်။ ဆွမ်းစားသည့်အခါအချိန်ကိုသတ် မှတ်၍ စားဘိသကဲ့သို့၊ အချိန်မှန်စားခြင်း၊ အချိန်မှန် ပြီးခြင်း အနည်းဆုံး တဆယ့်သုံးလုပ်မှ အများဆုံး အဆယ့် ရှစ်လုပ် အထိ ဆွမ်းကိုစားလေ့ရှိ၏။ အာရာမ်အတွင်း၌လှည့်လည်လေ

မရှိ၊ ဆောက်ရှိရာကျောင်း၌သာ ကျောင်းတံခါးကို အမြဲပိတ်၍ နေလေ့ရှိ၏။

ပြင်ပမြို့ထဲရပ်ထဲမှ ပင့်ဖိတ်သောဆွမ်းကို လက်မခံ 'အသုဘပို့ခြင်း၊ ပရိတ်ရွတ်ခြင်း၊ ဆွမ်းစားကြွခြင်း အမှုတို့ကို ပယ်သည်။ တနေ့လျှင်တထပ်တည်းသောဆွမ်းကိုသာ စား၍ ချမ်းသာစွာနေလေ့ရှိ၏။ နံနက် ၆ နာရီတွင် ရဟန်းကြီးများကိုပင့်၍ နေ့စဉ်နှင့်အမျှ အဆုံးအမပေးလေ့ရှိ၏။ အာရာမ်အတွင်း၌ ဝိုင်းဖွဲ့စကားပြောခြင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း တို့ကို လုံးဝခွင့်မပြု၊ တွေ့လိုသောယောကျ်ား၊ မိန်းမ ယောဂီတို့သည် အနည်းဆုံးနှစ်ယောက် လာရန် သတ်မှတ် ထား သည်၊ တွေ့လိုသော ယောဂီအား တံခါးခေါင်းလောင်းကို ထိုးစေ၍ အမည်နှင့်ကိစ္စကိုမေးပြီးမှ ကျောင်းတံခါးကို ဖွင့်ပေးလေ့ရှိ၏။ တနေ့လျှင် တရားဟောတရားပြချိန် လေးကြိမ် ဟောသည်၊ ပြသည်၊ တရားဟောတရားပြရာ၌ ယောဂီများအပေါ်၌ မေတ္တာဂရုဏာသန့်သန့်ထား၍ စိတ်လိုက်မာန်ပါ ဟောလေ့ ပြလေ့ ရှိ၏။

ယင်းအလေ့အကျင့်များကြောင့် မထေရ်၏ဂုဏ်သတင်းသည် တနေ့ထက်တနေ့ မြို့ရွာနယ်ပါကျော်ကြား ပြန့်နှံ့လျက်ရှိရာ ဖူးတွေ့လိုသူများ၊ တရားနာလိုသူများ၊ တရားအားထုတ်လိုသူများ တိုးတက်ပေါများ၍ လာလေသည်။

## "ကျောက်သဘော်ယောဂီ"

တန်ဆောင်မုန်းလအတွင်း တနေ့သောညနေခင်းဖြစ်ပါသည်။ လူရွယ်လူကြီးငါးယောက် အာရာမ်အတွင်းသို့ ရောက်လာကြသည်။ သူတို့သည် မထေရ်နေ့သော ကျောင်းကလေးကို မသိကြ၊ တယောက်သောသီလရှင်ကြီးက ကျောင်းကလေးကို လက်ညှိုးညွှန်လိုက်သဖြင့်တံခါးခေါင်းလောင်းခလုပ်ကို နှိပ်လိုက်ကြသည်။

မထေရ်သည် ထုံးစံအတိုင်း ထိုင်ရာမှထ၍ 'မည်သူနည်း၊ ဘာကိစ္စနည်း၊ ဘယ်ကနည်း' ဟု မေးပြီးဖွင့်ပေးလိုက်သည်။

အတွင်းသို့ရောက်သောအခါယင်းလူများထဲမှတယောက်သောသူက

'တပည့်တော်တို့ ဖူးတွေ့ရန်နဲ့ လျှောက်ထားရန်ရှိသဖြင့် လာခဲ့ပါတယ်ဘုရား....၊ လျှောက်လိုတာကတော့ တခြားကိစ္စပါဘဲ၊ တပည့်တော်တို့က ကျောက်သဘော်နည်းကို အားထုတ်ပါတယ်ဘုရား၊ ကျောက်သဘော်နည်းဟာ မှန်မမှန်၊ နည်း လမ်းကျမကျ သိလိုပါတယ်ဘုရား....' ဟု လျှောက်ရာ

မထေရ်က 'အိုဒကာကြီးတွေက ကိုယ်စီးလာတဲ့ မြင်း ကို အထီးလားအမလားဆိုတာ မသိတဲ့လူကို၊ ကိုယ်ကိုယ်တိုင် အားထုတ်နေတဲ့လမ်းစဉ်ဟာ မှားတယ်မှန်တယ်ဆိုတာ ကိုယ့်ဟာ ကိုယ်သိရတယ်'နိဗ္ဗာန်'ဆိုတဲ့တရားဟာ ၁တခုဘဲရှိတယ် နှစ်ခုမရှိဘူး ကြားဘူးမှာပေါ့၊(ကောယနော ဘိက္ခဝေ)ဆိုဒါမဟုတ်လား၊ ဒီ

တော့ ဘယ်နည်းနဲ့ဘဲအားထုတ်အားထုတ် ဒို့ကတော့ 'အန္တ' ဆိုက်ရမှာချည်းဘဲ၊ ဘယ်နည်းကမှားတယ် မှန်တယ်ဆိုတာ မရှိအပ်ပါဘူး။ ကြိုက်တာလုပ် လုပ်တာရမယ်၊ ကဲဆိုစမ်းပါအုံး၊ ဒကာကြီးတို့ကျောက်သဘော်နည်းက မသိလို့မေးရတာ....' ဟု မထေရ်က မေးလိုက်ရာ....

တယောက်သောလူရွယ်က

'တပည့်တော်တို့ အားထုတ်နည်းကတော့ 'စိတ်ကို စိတ်အတိုင်းထားတာပါဘဲ....'

မထေရ်က 'ဟုတ်ပါပြီ၊ စိတ်ကို စိတ်အတိုင်း ထားတယ် ဆိုတာ ဘာကိုဆိုလိုတာလဲ၊ ဘယ်လိုထားသလဲ....'

'တပည့်တော်တို့ကတော့ တင်ပလ္လင်ခွေပြီးသက်သက်သာသာထိုင် မျက်စိကိုမှိတ်၊ လက်နှစ်ဖက်ဒီလိုထပ်ပြီး စိတ်ကိုစိတ်အတိုင်းထားလိုက်တာပါဘဲ....'

မထေရ်က 'အဲဒီအချိန်မှာ ဒကာကြီးရဲ့စိတ် ဘယ်ရောက်နေသလဲ....'

'စိတ်က ရင်ထဲမှာပါဘဲဘုရား....'

'ဘယ်ကိုမှ မရောက်တော့ဘူးပေါ့....'

'မရောက်တော့ပါဘူးဘုရား....'

'ခန္ဓာကိုယ်ပေါ်မှာ ပေါ်လာတဲ့ဝေဒနာတွေပေါ်ကော မရောက်တော့ဘူးလား....'

'မရောက်တော့ပါဘူး၊ စိတ်ကလေးဟာ ငြိမ်သက်နေတော့တာပါဘဲ၊ ခြင်ကိုက်လို့ကိုက်မှန်းမသိ၊ဘေးဘီဆီက အသံတွေမကြားတော့ဘူး၊ စိတ်အေးနေတာပေါ့ဘုရား....'

မထေရ်က 'ဒီလိုဆို သုံ့ညဘဖြစ်နေတာပေါ့....'

'တင်ပ ဘာဆိုဘာမှမသိတော့ဘူး....'

မထေရ်က'ကိုင်း ဒီလိုဆိုယင် အခုလုပ်ရင်ကော ရနိုင်ပမလား....'ဟု မေးရာ

'ဘယ်အချိန်လုပ်လုပ်ရပါတယ်ဘုရား....'

'ကဲ ဒကာကြီး လုပ်နေကျအတိုင်း လုပ်ပြစမ်းပါ၊ စိတ်က ချက်ချင်းငြိမ်သွားသလား၊ သို့မဟုတ်ဘယ်နှစ်မိနစ်လောက်ကြာမှ ငြိမ်သလဲ....'

'နှစ်မိနစ် သုံးမိနစ်လောက်ဆိုငြိမ်သွားတာပါဘဲ....'

ယင်းလူသည် အပေါ်ရှပ်အင်္ကျီကိုချွတ်၍ အတွင်းခံစွတ်ကျယ်ကိုဝတ်ထားလျက် အားထုတ်နေကျအတိုင်း တင်ပလ္လင်ခွေထိုင်ကာ မျက်စေ့ကိုစုံမှိတ်ပြီး ခေတ္တမျှအသက်ကိုမှန်မှန်ရှူရှိုက်ပြီးလျှင်နေလိုက်၏။ စိတ်ငြိမ်သက်သည့်အချိန်လောက်တွင် မထေရ်က အခြားတယောက်ကို

'ဘယ်နဲ့လဲ ငြိမ်ပုံပေါ်ပြီလား....'ဟု မေးလိုက်ရာ

'ငြိမ်သွားပါပြီဘုရား....'ဟု ဖြေလိုက်၏။

မထေရ်သည် လက်သှိုးဖြင့် ယင်းအားထုတ်နေသောလူ၏ရင်ညွန့်ကိုထောက်လိုက်ရာ ယင်းလူမှာတွန့်ကနဲ ဖြစ်သွားသည်ကိုတွေ့လိုက်ရသဖြင့် မထေရ်က'ဘယ့်နဲ့လဲဒကာ၊ စိတ်ကိုထိန်းမရသေးဘူးလား၊ အာရုံနောက်ကိုစိတ်မလိုက်စေနဲ့လေ....'ဟု အမိန့်ရှိကာ၊

'တော်ပါပြီ....'ဟု ခွင့်ပြုလိုက်၏။ ယင်းဒကာသည်ခေတ္တမျှ ငြိမ်သက်နေပြီး မျက်လုံးကိုဖွင့်၍အရိယာပုဒ်ကို ပြင်လိုက်၏။

'မထေရ်က 'ဒကာအားထုတ်တာ ဘယ်လောက်ကြာပြီလဲ....'ဟု မေးရာ ယင်းဒကာက

'သုံးနှစ်လောက်ရှိပါပြီဘုရား ...'

'အော် သုံးနှစ်ရှိသေးတာကိုး၊ ဆက်အားထုတ် ပါ အုံး၊ စိတ်ကိုစိတ်အတိုင်းထားတတ်အောင် စိတ်ကို စိတ်အတိုင်းထားဖို့ ဆိုတာမလွယ်ပါဘူး....'ဟု မထေရ်ကအမိန့်ရှိရာ

အားလုံးသောလူများက' အရှင်ဘုရားအမိန့်ရှိတဲ့အတိုင်း ဆိုရင်စိတ်ကို စိတ်အတိုင်းထားနိုင်တယ်ဆိုတာ မဟုတ်ဘူးလို့ ဆိုလိုပါသလား....'

'ဒီလိုမဆိုပါဘူး၊ စိတ်ကိုစိတ်အတိုင်းထားနိုင်ဖို့ မလွယ်တဲ့အကြောင်းပြောတာ၊ အခုသတ္တဝါတွေဟာ စိတ် စေတသိတ် ရုပ်ဆိုတဲ့ ဓမ္မ'သုံးခု ပေါင်းစပ်ပြီး အလုပ်ဖြစ်နေကြတယ်၊ တရားအားထုတ်တဲ့ ယောဂီတွေလဲ ဒီ စိတ် စေ တ သိတ် ရုပ် ဆို တဲ့ 'ဓမ္မ' သုံး ခု ကို လွတ် လို့ မ ရ ဘူး။ စိတ် ဟာ စေ တ သိတ် လို့ ခေါ်တဲ့ အာရုံတွေနဲ့ပေါင်းပြီး ရုပ်ပေါ်မှာ ကျက်စား နေရတယ်၊ ဒီတော့ စိတ်ကိုစိတ်အတိုင်း ထားတယ်ဆိုတာ စိတ်မှာဘာအာရုံမှမရှိရဘူး၊ ရုပ်ကိုလဲမမှီတွယ်ရဘူး၊ ဒီတော့ဒီကိစ္စဟာ ဘယ်တော့ အောင်မြင်မလဲဆိုတော့ကိစ္စပြီးလို့'နိရောဓ'သမာပတ်နဲ့နေတဲ့ ပုဂ္ဂိုလ်များမှ အောင်မြင်နိုင်တယ်၊ ဒီစကားကို မှားတယ်လို့မဆိုပါဘူး၊ ကျောက်သဘော် ဆရာတော်ကြီးများတလဲ မဖြစ်နိုင်တာကို အမိန့်ရှိခဲ့တာ မဟုတ်တန်ရာဘူး' ဟု မထေရ်က အမိန့်ရှိရာ....

တယောက်သောလူက 'အရှင် ဘုရားတို့ စွန်းလွန်းနည်းကိုလဲ အမိန့်ရှိပါအုံးဘုရား'တဲ့၊

မထေရ်က 'ဦးပဥ္ဇင်းတို့နည်းကတော့ ပြင်းတယ်၊လူတိုင်းနဲ့မကိုက်ဘူး၊ ကိုယ့်နည်းနဲ့ကိုယ်သာဆက်လုပ်ပါ၊ လမ်းမှန်ရင်လိုရာခရီးရောက်ပါတယ်'ဟု အမိန့်ရှိလိုက်၏။

တယောက်သောသူက 'ကျင့်စဉ်နည်းကလေးကို နာကြားလိုပါတယ်ဘုရား၊ အမိန့်ရှိပါ'တဲ့။

ဦးပဥ္ဇင်းတို့ စွန်းလွန်း နည်းကတော့ 'သတိပဋ္ဌာန်းသမ္မပ္ပဓာန်' အချိုးကျကျ သတိဦးစီးပြီး ဝိရိယနဲ့အားထုတ်တာပါပဲ၊ ပထမဝင်သက်ထွက်သက်ကို ပြင်းပြင်းရှူပြီး ဝင်လေထွက်လေထိတဲ့နေရာကို သတိထားတာပါပဲ၊ ဒါကပထမပိုင်း သမာဓိပျိုးထောင်လိုက်တာပေါ့၊ နောက်....ဒုတိယပိုင်းကျတော့ ခန္ဓာကိုယ်ပေါ်ကိုစိတ်လွှတ်ပြီး ဖောက်ပြန်နေတဲ့'ရုပ်ဓမ္မ'တွေကို အာရုံပြုနေတာပါပဲ'ဟု မထေရ်က အမိန့်ရှိလိုက်၏။

တယောက်သောသူက'နိဗ္ဗာန်အာရုံပြုပုံ သိချင်ပါတယ်ဘုရား'တဲ့။

'အို....နိဗ္ဗာန် အာရုံပြုတယ်ဆိုတာ ကိုယ်အာရုံ ပြုတတ်တော့ ကိုယ်သိမှာပေါ့....'

ယင်းလူက'စာလိုဆိုတော့ တပည့်တော်တို့နည်းအရ စိတ်ကို စိတ်အတိုင်းထားကာ နိဗ္ဗာန် အာရုံပြုတယ် မဟုတ်လားဘုရား'တဲ့

'ဟုတ်ပြီ....နိဗ္ဗာန်အာရုံပြုတယ်ဆိုတော့ စိတ်ဟာ နိဗ္ဗာန်အာရုံမှာ နေတယ်လို့ဆိုတာပေါ့၊ ဒါကြောင့် စိတ်ဟာ အာရုံ-

ဘာခုခုမှာနေဘာယ်၊ အာရုံတခုခုနဲ့ ပူးတွဲနေရတယ်လို့ ပြောတာ၊ လောဘ ဒေါသ မောဟ အာရုံတွေလွှတ်ပြီး၊ လောဘ၊ဒေါသ မောဟ၊ အာရုံတွေအစား 'အနတ္တာဓမ္မ'ကို အာရုံပြုတာ ဒါကို နိဗ္ဗာန်အာရုံပြုတယ်လို့ခေါ်ကြတယ်၊ကိုယ်တွေ့မှ ကိုယ်သိမှာပါ၊ ဆက်သာ အားထုတ်ကြပါ' ဟု မထေရ်က စကားကို ဖြတ်လိုက်၏။

လူတစုသည်လည်း ဦးတင်၍ ကျောင်းကလေး အပြင်သို့ ထွက်ခဲ့ကြ၏။

မထေရ်၏ပြတ်သားသော အဖြေကိုကြားနာရသောသူတို့မှာ အားမလိုအားမရနှင့်ပင် အရပ်၌ဝ ါဒဖြန့်ကြ၏။ မထေရ်၏ သတင်းသည် တနေ့ထက်တနေ့ ပြန့်နှံ့၍ ပြဿနာတင်သူတို့ ပေါများလာတော့၏။

'တက္ကသိုလ်ကျောင်းသားများ ပြဿနာ...'

ပူပြင်းလှသော နွေရာသီ၏ ကျောင်းပိတ်ရက် အတွင်း နေ့ကနေ့တွင် တက္ကသိုလ်ကျောင်းသား သုံးယောက် မထေရ်၏ ကျောင်းကလေးဆီသို့ ဖြေးညှင်းစွာ လျှောက်လာပြီးလျှင် တံခါးဝသို့ ရောက်လာကာ 'မည်သူနည်း၊ ဘာကိစ္စနည်း'- ဟူသော မေးခွန်းတို့ကို မေး၍ တံခါးကို ဖွင့်ပေးလိုက်သည်။

ကျောင်းသားများသည် အံ့အား သင့်ကာ ရပ်လျက် မထေရ်ကို စူးစိုက်ကြည့်နေကြသည်။မထေရ်သည် 'ဝင်ခဲ့ကြ' ဟူသော ခွင့်ပေးစကားကိုပြောပြီး ထိုင်နေကျနေရာတွင် ထိုင်လိုက်သည်။ ကျောင်းသားတို့သည် အတွင်းသို့ ဝင်လာကြ ပြီးလျှင် နေရာများကို အသီးသီးယူလျက် ဦးချကြသည်။

မထေရ်က 'မင်းတို့ ဘာကိုဦးချသလဲ'ဟုမေးလိုက်သည်၊ သူတို့က 'အရှင်ဘုရားကို ဦးချပါတယ်ဘုရား'ဟု ဖြေကြသည်။

'အေး မင်းတို့ အဖြေဟာ မှန်သလိုလိုနဲ့ အတော်မှား နေတယ်၊ ငါ့ကိုကြည့်ပြီး ဦးချယင် မင်းတို့ဦးချနည်းဟာမမှန် သေးဘူးကွဲ့'ဟု မထေရ်က ပြောလိုက်ရာ ကျောင်းသားတို့ သည် တဦးကိုတဦး ကြည့်လျက် ငြိမ်နေကြသည်။

မထေရ်ကဆက်၍ 'ငါပြောပြမယ် နားထောင်၊ မှတ်လဲ မှတ်ထား၊ မင်းတို့လို အရွယ်တွေကစပြီး ရှိခိုးတဲ့'ဓမ္မ'သဘောကို မသိယင် နောက်ပိုင်းမှာ အတော်လွဲသွားကြမယ်။ မင်းတို့ပုံကို မြင်ကတည်းက မင်းတို့ဟာ အောက်တန်း ပုဂ္ဂိုလ်တွေ မဟုတ် ဖူးဆိုတာ ငါရိပ်မိတယ်၊ မင်းတို့အားလုံး တက္ကသိုလ် ကျောင်း သားတွေ မဟုတ်လား'ဟု မေးလိုက်ရာ....

'တင်ပ'ဟု ဝန်ခံကြ၏။

'အေး....အဲဒီလို လောကီပညာ အခံရှိတဲ့ လူငယ်တွေဆို တော့ ပြောလို့နားလည်လွယ်တယ်၊ ကြုံကြိုက်တုန်း ရှင်းပြပေး မယ် မှတ်လဲထားကြ၊မင်းတို့အဖြေက အရှင်ဘုရားကို ရှိခိုးတယ် လို့ ဆိုကြတယ်၊ ဒါဟာ မိရိုးဖလာ ရှိခိုးနည်းလို့ ခေါ်တယ်၊ အမှန်ရှိခိုးနည်းကတော့ မင်းတို့ သုံးကြိမ်သုံးခါ ရှိခိုးတဲ့အနက် ပထမ တကြိမ်က 'သဗ္ဗညုတ' ဆိုတဲ့ ဗုဒ္ဓညာဏ်တော်'ကို သတိ ရ အောက်မေ့ပြီး 'သဗ္ဗညုတ' ညာဏ် ဆိုတာ အလွန်ကြီး ကျယ်တဲ့ ညာဏ်ပါလား၊ လူသာမန်တို့မှာ မရှိတဲ့ ညာဏ်ပါ လားလို့ တအံ့တသြနဲ့ရှိခိုးရမယ်၊ ရှိခိုးတယ်ဆိုတာ အညွှတ်ခံတာ၊ အားကိုးတာ နောက်ဒုတိယအကြိမ်ရှိခိုးတာက အခုန ပြောတဲ့

'သဗ္ဗညုတ' ညာဏ်ကိုစေစားပြီး ပြောဟောထားခဲ့တဲ့ စကားတွေ 'ဓမ္မ'တွေဟာအတော်လေးနက်ပါကလား၊ ဆန်းကျယ်ပါကလား ဆိုပြီး 'ဓမ္မ'ရဲ့ သဘာဝ သဘောအဓိပ္ပာယ်ကို နားလည် နှလုံးသွင်းပြီး ရှိခိုးရတယ်။ တတိယအကြိမ်ကတော့ အဲဒီ'သဗ္ဗညုတ' ညာဏ်တော်မှ ထွက်ပေါ်လာတဲ့ 'ဓမ္မ' သဘောတွေကို 'ယထာဘူတ' ကျကျ လေ့လာဆည်းပူးပြီး တိတိကျကျ လိုက်နာကျင့်သုံးကြတဲ့ 'ဗုဒ္ဓ'၏ နောက်လိုက်အစစ် သံဃာတော်များရဲ့ စိတ်သန္တာန်မှာ ကိန်းနေတဲ့သတ္တိထူးကို အောက်မေ့ပြီး ရှိခိုးရတယ်၊ အဲဒီသတ္တိဆိုတာက ပုံစံစကားလုံးနဲ့ ပြောရယင် 'သီလ၊သမာဓိ၊ ပညာတွေပဲ၊ ကဲ...ရှင်းကြပြီလား'

'တင်ပ....'

'အေး ကြိုက်ယင် မှတ်ထားကြ၊ မကြိုက်ယင် ထားခဲ့' မထေရ်က ရတနာသုံးပါး သဘောသဘာဝကို ရှင်းပြလိုက်၏။

ကျောင်းသားများက 'တပည့်တော်တို့လျှောက်ထားလိုတာက အရှင်ဘုရားတို့ ကျင့်သုံး ဟောပြောနေတဲ့ အထဲမှာ ဖြစ်ပျက်ဆိုတဲ့ စကားပါပဲ၊ ဒီရုပ်တွေ နာမ်တွေရှိရှိသမျှ ရုပ်ဝတ္ထု နာမ်ဝတ္ထုတွေဟာ ဖြစ်ပြီးပျက်သွားတယ်ဆိုယင်တပည့်တော်တို့ အနေနှင့် ဟိုး....ငယ်ငယ်တုန်းက သင်ထား ခဲ့တဲ့ (က-ခ)တို့၊ (A.B.C)တို့ဟာ တပည့်တော်တို့ ဦးနှောက် ထဲမှာ ဘယ်ရှိပါတော့မလဲ၊ မရှိယင် ဘယ်မှာမှတ်မိပါတော့မလဲဘုရား၊ အခုတော့ တပည့်တော်တို့ အနေနဲ့ နောက် (၁၀)နှစ် (၁၅)နှစ်လောက်က တွေ့ခဲ့ကြုံခဲ့၊ သင်ခဲ့ကြားခဲ့တဲ့ အတွေ့ အကြုံ တွေကို ကွက်ကွက်ကွင်းကွင်း မှတ်မိနေတာ အရှင်ဘုရားတို့ရဲ့ဖြစ်ပြီးပျက်သွား

တယ်ဆိုတဲ့စကားဘဲ မှားလို့လား၊သို့တည်းမဟုတ် တပည့်တော်တို့ အယူအဆပဲမှားလို့လား ဘုရား'ဟု မေးလျှောက်ကြရာ....။

မထေရ်က ပြုံးလျက် 'မင်းတို့လို ခေတ် ပညာတတ်တွေဟာ ဟိုတုံးက အနှစ်ငါးဆယ်လောက်တုံးက လူကြီးတွေလို မဟုတ်ကြတော့ဘူး၊ ဟို အနှစ်ငါးဆယ်လောက်တုံးက ဆိုရင်စလောင်းဖုံး နှစ်ချပ်ကိုတီးယင်ကျားကိုက်တတ်တယ်၊ဘီလူးစားတတ်တယ်ဆိုရင်ပဲ ဘာမှအကြောင်းအကျိုး မစဉ်းစားပဲ ယုံပစ်လိုက်ကြတာပဲ။ အခုမင်းတို့ငါတို့ခေတ်ကျတော့မင်းတို့နားလည်အောင် ပြောမယ်ဆိုယင် ( Realistic ) ယုတ္တိယုတ္တာရှိမရှိတွေးခေါ်တတ်တဲ့ အသိဉာဏ်တွေ ပါလာပြီး ယုံသင့်မှယုံမယ်၊ ယုံလောက်တဲ့ အချက်အလက်ကို တင်ပြနိုင်ယင် ယုံမယ် ဆိုတဲ့ ဦးတည်ချက်၊ ခံယူချက်တွေ ပါလာတယ်၊ ကောင်းတယ်၊ မင်းတို့မေးလျှောက်တဲ့မေးခွန်းကို ငါမင်းတို့ သဘော ပေါက်အောင် ဖြေမယ်' ဟု မထေရ်ကပြောပြီးလျှင် အနီးရှိဖန်ခွက်ထဲမှ မြေဖြူ အပိုင်း တခုကိုယူ၍ ကြမ်းပေါ်တွင် မျဉ်းကြောင်းတကြောင်းကိုဆွဲပြီး ယင်းမျဉ်းကြောင်းဘေး တလက်မလောက်အကွာတွင် မျဉ်း .. အပြတ်ကလေးများကိုမျဉ်းကြောင်းနှင့်ယှဉ်၍ဆွဲလိုက်၏ "ဒီမှာမင်းတို့ကြည့်.... ဒီမျဉ်းဖြောင့်ကြီးကိုမြင်တယ်မဟုတ်လား....

'တင်ပ'

'အဲဒါက မင်းတို့ထင်ပြီး တထစ်ချယူထားတဲ့ ယုံကြည်ချက်၊ နောက် ဒီဘက်က အပြတ်ပြတ်မျဉ်းကြောင်းက မင်းတို့က

ဗုဒ္ဓအပေါ်မှာအထင်မှားပြီး ဗုဒ္ဓအယူအဆဟာ ဒီလိုပြတ် ပြတ်သွားတယ်လို့ စွပ်စွဲတဲ့အမှား စွပ်စွဲချက်'

'သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ'

'မင်းတို့မျဉ်းကြောင်းကြီးကို တဆက်တည်း ယူထားတာက ပုံစံစကား ပြောမယ်ဆိုယင် 'သဿတဒိဋ္ဌိ'လို့ ခေါ်တယ်၊ အနောက်တိုင်းက ဗုဒ္ဓဝါဒီတို့ ဘာသာပြန်ပုံ ကတော့ ( Eternalism )လို့ ခေါ်တယ်၊ ဒီဝါဒ ဒီအယူကို ဒို့ဆရာ ဗုဒ္ဓကပယ်တယ်၊ နောက်ဒီဘက်က အပြတ်ပြတ် မျဉ်းကြောင်းလို ဖြစ်ပြီး ပျက်သွားတယ် နောက်ဖြစ်တာက အသစ်၊ ပထမဖြစ်ပြီးသွားက အဟောင်းတွေမရှိဘူး၊ယူဆတာက(ဥစ္ဆေဒဒိဋ္ဌိ)လို့ခေါ်တယ်၊ အနောက်တိုင်းဘာသာပြန်နဲ့ ပြောမယ်ဆိုရင် (Annihi lationism ) တခါတည်း အဆက်အစပ်မရှိပျောက်ပျက်သွားတဲ့ဝါဒ၊ ယုံကြည်ချက်၊ အဲဒီဝါဒကိုလဲ ငါတို့ဆရာ ဗုဒ္ဓက ပယ်တယ်၊ ဒီတော့ မင်းတို့ခေတ်ပညာအခြေခံရှိတဲ့ လူငယ်တွေဆိုတော့ ဒီလောက်ပြောယင် မင်းတို့အမှားအမှန်တော့ သိလောက်ပြီ၊ ဒါပေသည့် ငါတို့ဆရာဗုဒ္ဓယူတဲ့အယူက ဘယ်လိုလဲဆိုတာ မင်းတို့ကို ငါမပြောယင် မင်းတို့ဘယ်နည်းနဲ့မှ မသိနိုင်ဘူး။

ဘာကြောင့်လဲ ဆိုတော့ အခု ပြောဆို နေကြတာက ဖြစ်ပြီးပျက်သွားတာဘဲ၊ ပေါ်ပြီးပျောက်သွားတာပဲ ဆိုတော့ 'ဥစ္ဆေဒ'ထဲ ရောက်နေတယ်၊ ဟောဒီမှာကြည့်ဟု မထေရ်ကပြောပြီးလျှင် ယခင်မျဉ်းကြောင်းနှစ်ကြောင်းအကြား၌ အကြောင်းအကျိုးဆက် မျဉ်းကြောင်းတကြောင်းကို ဆွဲလိုက်ပြီးလျှင် အဲဒီ

မျဉ်းကြောင်းရဲ့သဘောကို မင်းတို့နားလည်အောင် ပြောရယင် မင်းတို့စီးနေကျ ဘိုင်စကယ်ချိန်းကြိုးကို ရှေ့ရောက်သွားတဲ့ ချိန်းကြိုးအဆစ်ကို နောက်ချိန်းကြိုးအဆစ်က အားပေးပြီး ရှေ့နဲ့နောက်အကြောင်း အကျိုးဆက်နေသလို မင်းတို့ပြောတဲ့ ရုပ်ဝတ္ထုတွေ နာမ်သဘောတွေဟာ အကြောင်းအကျိုး ဆက်သွားတဲ့အတွက်ကြောင့် (ဥစ္ဆေဒ)( Annihilationism ) နဲ့လဲ မဆိုင်ဘူး၊ နောက် ဒီမျဉ်းကြောင်းကို တဆက်တည်း ( Eternalism )(သဿတ)နဲ့လဲ မဆိုင်ဘူး၊ဒါမှ ဒို့ဆရာ ဗုဒ္ဓရဲ့ 'ဓမ္မ'ဝါဒအစစ်၊ မင်းတို့က 'ဗုဒ္ဓ'ရဲ့ 'ဓမ္မ'ကို အလွယ်တကူ အံ့မဝင် ဂွင်မကျ သုံးနှုန်းနေကြတဲ့ အပြောအဆိုတွေကို အရပ်ထဲမှာ လူတတ်လုပ် ပြောနေတာတွေကြားပြီး အခုလို ငါတို့ဆရာ ဗုဒ္ဓအပေါ်မှာ အလွဲလွဲအချော်ချော် ဝါဒရေးသမားကြီး ပဲလို့ ထင်နေကြတာ၊ ဒီတော့ ဗုဒ္ဓဝါဒကို လေ့လာချင်ယင် ( Theory ) ကြားဘူး ဖတ်ဘူးတဲ့ ဗဟုသုတတွင် ရပ်မနေနဲ့။ ( Practice ) လက်တွေ့ကျင့်သုံးလိုက်တော့မှ ( Practice make perfect )ဆိုတာလို တကယ်သိတယ်။

'ဗုဒ္ဓဓမ္မ'သဘောကို ( Theory into Practice) အရ သဘောပေါက်လာတယ်၊ မင်းတို့အခု ငါပြောတာတွေကို ဒီနေရာမှာ လက်ခံသွားပေမင့် နောက်ပိုင်းမှာ ငါ့ထက်အပြော ကောင်းတဲ့ ပုဂ္ဂိုလ်တဦးတယောက်က ယုတ္တိယုတ္တာ လုပ်ပြီး စာအုပ်ကြီးထဲက အဆင့်မြင့်မြင့်စာတွေရွတ်ပြယင် မင်းတို့မျက်စိ လည်သွားကြအုံးမယ်။ ဒါကြောင့် စာအုပ်ကြီးတွေထဲက ဗုဒ္ဓရဲ့ ( Theory )အပြောတွေကို ( Practice )ဖြစ်အောင်လုပ်

ကြ စမ်းပါအုံး။ မင်းတို့လို ( Science ) သိပ္ပံသမားတို့ ( Philosophy ) ဒဿနိက အဘိဓမ္မာသမားတွေနဲ့ ကတော့ အခုတော့ ဆီလျော်တယ်၊ အမြန်ဆုံးလဲ ပထမ အဆင့်ဖြစ်တဲ့ ( First Enterer )ပုံစံစကားဆိုယင် အရိယာသောတာပန်ကြီးတွေ ဖြစ်ကြမယ်လို့ ငါယုံကြည်တယ်၊ ဒါကြောင့် မင်းတို့ကို ကိုယ်ကြိုက်တဲ့နည်းနဲ့ တရားအားထုတ်ကြည့်ဘို့ တိုက်တွန်းလိုက်မယ်၊ လုပ်ချင်တဲ့ တနေ့ကျတော့ လုပ်ကြပေါ့'ဟု စကားကို နိဂုံးချုပ်လိုက်ရာ....

ကျောင်းသားများက တဦးကိုတဦး ပြုံးကြည့်လျက် 'နောက်ရက်များကျမှပဲ စမ်းကြည့်ပါ့မယ် ဘုရား၊ အခု ဆရာတော်ရှင်းပြတဲ့ပြဿနာအတွက်တောင် တပည့်တော်တို့အတွက် အတော် အကျိုးရှိသွားပါပြီ' ဦးတင်သွားကြလေ၏။

မထေရ်၏ပြဿနာ ဖြေကြားချက်တို့သည် ကျောင်းသားလောက၊ တရားသမား၊ယောဂီလောကတို့၌ ပြန့်နှံ့သွားသည်နှင့် အမျှ တရားအားထုတ်သူ၊ ပြဿနာတင်ကြသူများ တနေ့ထက်တနေ့ တိုးတက်လာပါတော့သည်။

## 'လူထူး လူဆန်း'

ဝါဆိုလပြည့် နေ့ထူးနေ့မြတ်တနေ့ ဖြစ်သည်။ သီလဆောက်တည်ကြသူ ရပ်နီးရပ်ဝေး တရားအားထုတ်ချင်ကြသူ ယောဂီသစ်များအတွင်း၌ လူရွယ်တယောက် ထူးဆန်းသောပြဿနာကို တင်လာသည်။မထေရ်မှာ ထိုနေ့၌ အအေးမိသဖြင့်

နေ့ထိုင်မကောင်းဖြစ်နေသည်။ သို့ရာတွင် ထိုင်နေကျ နေရာတွင် ပင် ခါတိုင်းကဲ့သို့ ထိုင်လျက်ရှိသည်။

မကြာမီယောဂီဟောင်းတယောက်နှင့်အတူ ယင်းလူရွယ် ပါလာသည်။ မထေရ်ရှေ့မှောက်သို့ ရောက်သောအခါ ယင်း လူရွယ်က....

'တပည့်တော် မရှင်းမလင်းတာ တခု လျှောက်ထားချင် ပါတယ် ဘုရား' ဟု မထေရ်အားလျှောက်ရာ မထေရ်က ခွင့်ပြု လိုက်၏။

ယင်းလူရွယ်က 'တပည့်တော်ဟာ တောသား ဘယောက် ဘုန်းကြီးကျောင်းထွက် ဖြစ်ပါတယ်ဘုရား၊ ကာလသား ဘဝ အလျှောက် အပျော်အပါးလိုက်စားမှုတော့ မကင်းပါဘုရား၊ တခါတရံအပေါင်းအသင်းနဲ့တွေ့တဲ့အခါ အရက်ကလေး ထန်း ရည်ကလေး သောက်တတ်ပါတယ်ဘုရား၊ သောက်တဲ့အခါမှာ ထန်းရေကို ရေလိုဘဲ သဘောထားပါတယ်ဘုရား၊ ဟိုတုန်းက သင်္ဂြိုဟ်မှာသင်ဘူးခဲ့တဲ့ ဓါတ်လေးပါး အပေါင်းတွေဘဲဆိုပြီး တပည့်တော်ကတော့ နှလုံးသွင်းပြီး သောက်လေ့ ရှိပါတယ် ဘုရား၊ ဒီလိုသောက်တာမျိုးဟာ အပြစ်ရှိပါသလား ဘုရား ဟု လျှောက်ထားရာ....

မထေရ်က 'ဒကာ လျှောက်ပုံကတော့ ဘုန်းတော်ကြီး ကျောင်းထွက်ပီပီ အတော်တော့ သဘောကျဘို့ ကောင်းသား၊ သို့ပေမင့် ဒကာရဲ့လျှောက်တဲ့စကားကို နှစ်ပိုင်းပိုင်းပြီး မြင်ဘို့လို တယ်။ တပိုင်းက မူးရူးမေ့လျော့စေတတ်တဲ့ မကောင်းတဲ့ 'ဓမ္မ' တွေကို အသွယ်တကူလုပ်ဆောင်တတ်တဲ့ စိတ်ကို ဖြစ်စေ

တတ်တဲ့ အရက်တို့ထန်းရေတို့ ဘိန်းတို့ဆိုတာကို သောက်စား နိုင်တဲ့ အပိုင်းကတပိုင်း၊ ပြီးတော့ သောက်စားနေရင်း ဒါတွေဟာ ရေနဲ့ဘာခြားသလဲ၊ ရေ၊မြေ၊လေ၊မီး ဓာတ်ကြီးလေးပါးဘဲလို့ နှလုံးသွင်းတဲ့အပိုင်းဆိုတဲ့ အပိုင်းနှစ်ပိုင်း ရတယ်'

'တင်ပ'

'ဒီနေရာမှာ အကြောင်းအကျိုးကိုကြည့်ရမယ်၊ဒီ မူးယစ်စေတတ်တဲ့ အစားအသောက်တွေကို မှီဝဲပြီးတော့ နောက်ပိုင်းမှာ ကိုယ့်အတွက် အကျိုးအမြတ်အရှုံးကိုတွက်ရမယ်၊ အကယ်၍ သောက်စားပြီးတဲ့နောက် သတ္တဝါတို့ရဲ့စိတ်မှာ အမြဲလိုလို ယှဉ်နေတဲ့ မကောင်းတဲ့ 'ဓမ္မ'တွေဟာ ဝင်လာသလား မလာဘူးလား။ ပထမ တခွက်သောက်ပြီးတဲ့ အချိန်မှာဘဲ နောက်တခွက်သောက်ချင်လာတာတွေ ပြောနေကျ မဟုတ်တဲ့ အရေမရ အဖတ်မတင်တဲ့ ကြမ်းတမ်းတဲ့စကားတွေကို အရှက်အကြောက်မရှိဘဲ ပြောချင်လာတာတွေဟာ ဒီသောက်မှုစားမှုရဲ့ အကျိုး 'ဓမ္မ'တွေပေါ့'ဟု မထေရ်၏စကားမဆုံးမီ၊ယင်းလူရွယ်က'တပည့်တော်စိတ်မှာ ဒီစိတ်မျိုးတခါမှ မပေါ်ဘူးပါဘူးဘုရား၊ ဟု ကြားဖြတ်ငြင်းဆိုလိုက်ရာ....

မထေရ်က ဒီလိုဆိုယင် ဒကာဟာ သာမန်လူထဲက လူတယောက် မဟုတ်တော့ဘူး (အရိယာ) ဖြစ်နေပြီလို့ ဆိုရမယ်၊ ဘာကြောင့်လဲဆိုတော့ 'အရိယာ'များမှာ အရက်သောက်မိယင်လဲ စိတ်ဖောက်ပြန်မှုမရှိတဲ့အတွက် ရေနဲ့မခြားဘူးလို့ ပြောကြတယ်၊တချို့ကတော့လဲ (ရေနဲ့အရက်နဲ့ရောလိုက်ယင် အရိယာဝမ်းထဲကို အရက်မဝင်ဘူး၊ ရေသာဝင်တယ်လို့ပြောကြတယ်)

ဒီစကားကတော့ ယုတ္တိမရှိဘူး၊ အရက်သောက်ပေမင့် ဒကာ အခုလျှောက်သလို စိတ်မဖောက်ပြန်ဘူးဆိုတာ ကြိုက်တယ်။ ဒီတော့ ဒကာက ကိုယ့်ကိုယ်ကို ကိုယ် 'အရိယာ'လို့ ဝန်ခံသလား ..။

ယင်းလူရွှယ်သည် ခေတ္တမျှစဉ်းစားပြီး ဖောက်တော့ ဖေါက်ပြန်ပါတယ်ဘုရား ဒါပေသည့်ခေတ်လေးပါးအသိနဲ့ထိန်းချုပ်ထားတော့ မလွန်ဘူးပေါ့'

မထေရ်က 'ဒကာကြီး စကားက ရှေ့နောက်မညီဘူး၊ သတိထားပြောပါ(အရိယာ)လို့ဝန်မခံနိုင်ယင် အပြစ်လဲရှိဘယ်၊ နောက်ပိုင်းမှာ တခါမဖောက် တခါတော့ ဖောက်ပြန်မယ်ဆိုတာတထစ်ချမှတ်ပြီး မသောက်ရင်ကောင်းတယ်၊ ဒုတိယပိုင်းအနေနဲ့သောက်နေတုန်းမှာ ဘုန်းတော်ကြီးကျောင်းထွက်ဗိုပီ ခေတ်ကြီးလေးပါးကို နှလုံးသွင်းတာကတော့ အချည်းအနှီးမဖြစ်ပါဘူး၊ ကဲ....တော်လောက်ပါပြီ မဖောက်ပြန်အောင်သာထိန်းသိမ်းပါ'ဟုဖြေလိုက်၏။

ယင်းလူရွှယ်က'အချည်းအနှီးမဖြစ်ပါဘူးဆိုတာက ဘယ်လိုအကျိုးများ ပေးနိုင်ပါသလဲဘုရား'တဲ့၊

မထေရ်က 'နောက်သံသရာမှာ ပါရမီအထောက်အပံ့တော့ရမှာပေါ့ ပါရမီဆိုတာက ပြောနေကျပုံစံစကား 'ခမ္ဘ' သဘောကတော့ တဖြည်းဖြည်းသဘော ပေါက်လာမယ်ပြောတာကြိုက်ပလား'

'မှန်တာလျှောက်ရယင် မကြိုက်တကြိုက်ပါဘဲဘုရား' ဟုလျှောက်ရာ'မထေရ်ကအေးကြိုက်ယင် လျှော့သောက်မကြိုက်ယင်

ကောသလဘော ကြိုက်သလိုက်ဆက်လုပ်၊ တော်လောက်ပြီ’ဟု စကားနိဂုံးချုပ်လိုက်၏။

ယင်းလူငယ်လည်း မထေရ်ရှင်းလင်းချက်ကို မကြိုက်တကြိုက်နှင့်ပင် ဦးတင်၍ နောက်ပိုင်းလဲ တပည့်တော်မရှင်းဘာနှင့်လျှင် လျှောက်ထားခွင့်ပြုရန် ပန်ကြား၍’ ထွက်လာခဲ့၏။

## ‘ဆွမ်း ခံ ချိန်’

မထေရ်လည်း ရေချိုးအိမ်သို့ဝင်ပြီးလျှင် ကိုယ်လက်သန့်စင်၍ ဆွမ်းခံထွက်ရန် အစီအစဉ်ကို ပြုပြင်ရလေ၏။ မိမိ၏သင်္ကန်းကို ကောင်းစွာပတ်တိုက်၍ အသင့်ပြင်ပြီးလျှင် သက်န်းကိုမတိုမရှည်ခြုံလျက် လက်ျာပခုံးထက်ဝယ် သပိတ်လွယ်ကြိုးကိုချိပ်လျက် ကျောင်းကလေးအတွင်းမှ ထွက်ခဲ့၏။

သီတင်းသုံးဖော်ရဟန်းကြီးများလည်း မထေရ်၏အလာကိုစောင့်မျှော်လျက်နေကြ၏။ မထေရ်ကြွလာသည်ကို မြင်ကြသည်နှင့် တပြိုင်နက် အစဉ်အတိုင်း တန်းစီကြကုန်၏၊ မထေရ်သည်ရဟန်းကြီးများ၏သက်န်းရုံပုံနှင့်တကွ သင်္ကန်းများကို စစ်ဆေး၍ဥပဒေနှင့်မညီညွတ်သော သက်န်းရုံခြင်းတို့ကို ပြုပြင်ပေးကာထုံးသံအတိုင်း ဆွမ်းခံရာတွင် ကျင့်အပ်သော စည်းကမ်းဥပဒေများကို အောက်ပါအတိုင်း မိန့်တော်မူ၏။

‘အရှင်ဘုရားတို့ ခြေလှမ်းစလှမ်းလျှင် လက်ျာခြေမှစ၍ လှမ်းကြပါ၊ မိမိတို့ခြေလှမ်းကို ရေတွက်၍သော်လည်းကောင်း၊ ရှေ့သံဃာ၏ခြေဖနောင့်ကို စူးစိုက်၍သော်လည်းကောင်း

သတိကပ်၍ကြွကြပါ။ခြေလှမ်းသည့်အခါမစိပ်မကြဲသုံးလှမ်းလျှင် နှစ်တောင်ကျလှမ်းကြပါ၊ တပါးနှင့်တပါး နှစ်တောင် ကွာပါစေ၊ သို့မှ ရှေ့သံဃာ ရုတ်တရက်ရပ်လိုက်လျှင် တဦးနှင့်တဦး တိုက်မိခြင်း နင်းမိခြင်းအပြစ်မှလွတ်မယ်၊ ဆွမ်း လောင်း သူ၏ မျက်ခွက်မျက်နှာ၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့ကို မကြည့်ဘဲ လောင်းထည့်လိုက်သော ဆွမ်းသပိတ်အတွင်းသို့ကျသွားစဉ်တွင် အာရုံပြု၍ထားပါ။ တခါတရံ ဆွမ်းစေ့တို့၏ အနေအထားမှ 'ဓမ္မ'သဘောတွေကို တွေ့ရှိနိုင်ပါတယ်၊ ဆွမ်းလောင်းသူများက စကားစပြောလျှင် ပြန်ပြောသင့်မှပြောပါ၊ အကျိုးမရှိတဲ့စကားကို မတုံ့ပြန်ကြပါနဲ့၊ တပါးကိုတပါးသတိပေးကြပါ'ဟု မထေရ်က ဩဝါဒစည်းမျဉ်းများပေးပြီးလျှင်ပင် ကပ္ပိယများလည်း ရောက်လာကြသည်။ ဆွမ်းခံထွက်ရန် မောင်းလည်း ထိုးချေပြီ၊ မထေရ်သည် ဦးဆောင်လျက်အစဉ်အတိုင်း ကြွကြသည်။

မထေရ်နှင့် သီတင်းသုံးဖော် ရဟန်းကြီးတို့သည် ဆွမ်းခံစားလေ့ရှိသော 'ပိဏ္ဍပါတိက'အကျင့်ကို တိတိကျကျ ကျင့်သုံးနိုင်ကြသဖြင့် ဆွမ်းခံဝင်ချိန်ဆွမ်းရပ်ချိန်ဆွမ်းစားချိန် ဆွမ်းစားပြီးချိန်တို့မှာ အလွန်တိကျမှန်ကန်လှပေသည်။ ဆွမ်းလောင်းသူများမှာလည်း မိမိတို့အိမ်ရှေ့သို့ရောက်မည့် အချိန်ကို တိတိကျကျမှတ်ထားနိုင်ကြ၏။ ဝေးသောအရပ် နီးသောအရပ် ဟူ၍ ဆွမ်းခံဝင်ချိန်တွင် မပြောင်းလဲ ၉ နာရီ ၄၅ မိနစ်သို့ ရောက်လျှင် အာရာမ်အတွင်းသို့ ပြန်ရောက်ကြသည်။ ဆွမ်းခံထွက်ချိန်ကိုသာ နီးလျှင်နီးသလို ဝေးလျှင်ဝေးသလို ရွှေ့ပြောင်းပေးရသည်။

## 'နေ့လည်တရားပွဲ'

နေ့လည်တရားပွဲသို့ လာရောက်ကြသော ယောဂီ ဦးရေမှာ 'ဓမ္မဗိမာန်' ကြီးပြည့်ကြပ်လျက်ရှိ၏။ နေ့လည် တနာရီမောင်းထိုးလိုက်သည်နှင့်တပြိုင် အနီး ပတ်ဝန်းကျင်ရှိသော ယောဂီဟောင်းသစ်တို့သည် အပြေးအလွှား လာခဲ့ကြသည်။ နောင်ဒိုင်းဟူသော နာရီခေါင်းသံသည်လည်း တမြို့လုံးပြန့်နှံ့သွား၏။ နာရီမောင်းထိုးပြီးနောက် ယောဂီမောင်းသံသည် မကြာမီ ထွက်ပေါ်လာပါတော့သည်။ ယောဂီများလည်း 'ဓမ္မဗိမာန်ကြီးအတွင်း၌ အသီးသီးနေရာယူကြ၏။ ယောကျ်ား ယောဂီများကလက်ျာဘက်၌နေရာယူကြ၏။လက်ဝဲဘက်၌မိန်းမ ယောဂီများက နေရာယူကြ၏။ ရဟန်းတော်များမှာ တပေမြင့်သော သံဃာများနေရာ၌ နေရာယူကြသည်။ များမကြာမီ မထေရ်အားပင့်သော မောင်းတချက် ထိုးလိုက်သည်တွင် မထေရ်သည် သစ်ခေါက်ဆိုးနှစ်ထပ်သင်္ကန်းကြီးကို ခြုံလွှမ်းကာ တရားပလ္လင်ပေါ်သို့ ဖြေးညှင်းစွာတက်ပြီးလျှင် ဘေး၌ ချထားသော ယပ်တောင်ကိုကိုင်ကာ ပရိသတ်ဘို့အားတချက်ဝေ့ကြည့်ပြီးနောက် စက္ခုအိန္ဒြေချ၍ တရားပွဲစလိုက်သည်မှာ အောက်ပါ အတိုင်း ဖြစ်သည်။

'ဒီနေ့နံနက်က ယောဂီသစ်တချို့ တရားတောင်းထားကြတယ်၊ တရားတောင်းတဲ့ယောဂီသစ်များ ပါရဲ့လား၊ ပါယင်သူတို့ကိုရှေ့တန်းကထားပါ၊ တရားနာတဲ့အခါမှာ ရှိရှိသေသေ

နာကြပါ၊ နားလည်အောင် ကြိုးကြိုးစားစားနာကြပါ၊ တရားနာနည်းကို ပဌမပြောပေးမယ်၊ တရားနာတော့မယ်ဆိုကတည်းက ငါတို့ တရားနာတော့မယ်ဆိုတဲ့စိတ်ကို မေ့လိုက်ကြပါ....'

'ထိုထိုအာရုံ ကာမဂုဏ်မှ စိတ်ကိုခွာရှင်းခန္ဓာတွင်း၌စိုက်ခါမသွေ လိုက်နာမှတ်သားနိုင်ကြပါစေ....'

'အခုပြောလိုက်တာကသတိပေး'ဓမ္မ'လို့ခေါ်တယ်၊ ထိုထိုအာရုံကာမဂုဏ်ဆိုတာ တရားမနာခင်က မြင်ခဲ့တာတွေ ကြားခဲ့တာတွေ၊ စားခဲ့တာတွေ အနံ့ရခဲ့တာတွေ ထိတွေ့လာခဲ့တာတွေ စိတ်ထူးလာခဲ့တာတွေကို ဆိုလိုတယ်။ ဒါတွေလဲ'ဓမ္မ'တွေဘဲ ဘာဓမ္မတွေလဲဆိုတော့ 'ကာမဓမ္မ'တွေလို့ခေါ်တယ်၊ အဲဒီကာမဓမ္မတွေကို ခေတ္တတရားနာနေစဉ်မှာခွဲပြီး 'ခန္ဓာဓမ္မ'ထဲမှာစိတ်သွင်းပြီး နားနဲ့အသံထိတဲ့ သဘောကလေးတခုသာ နှလုံးသွင်းကြ၊ တရားနာယူနေတဲ့အခါမှာယားယင်မကုတ်နဲ့၊ညောင်းယင်လဲမပြင်နဲ့ဒါမှ'သမာဓိဓမ္မ'ဖြစ်မယ် ဟုတ်ပြီလား၊နားလည်ကြပြီလား....'

'တင်ပ....'

'ကိုင်းထပ်ပြီး 'သတိပေးဓမ္မ'ကို ယောဂီတွေရဲ့ နှလုံးထဲသွင်းပေးလိုက်အုံးမယ်' ထိုထိုအာရုံကာမဂုဏ်မှ စိတ်ကိုခွာရှင်းခန္ဓာတွင်း၌ စိုက်ခါမသွေ လိုက်နာ မှတ်သားနိုင်ကြပါစေ...'

'ဒီကနေ့ဟာ ငါတို့ဆရာဗုဒ္ဓရဲ့ဖြစ်စဉ်ပျက်စဉ် ဓမ္မတွေထဲမှာ အရေးကြီးတဲ့ ဓမ္မနဲ့ဆိုင်တဲ့ နေ့ထူးနေ့မြတ်ဘဲ ဒါပေသည့်တရားတောင်းထားတာက အားထုတ်ပုံအားထုတ်နည်းဆိုတော့ အခုနေ့လည် တရားပွဲမှာ အားထုတ်ပုံ အားထုတ်နည်း ဟောပြီး

ညတရားပွဲကျတော့ ဆရာဇုဒ္ဓရဲ့ ဖြစ်စဉ်ဓမ္မ၊ ပျက်စဉ်ဓမ္မတွေကို ဟောမယ်...'

'ကိုင်း.... ဦးပဉ္ဇင်း တို့ရဲ့ အား ထုတ် ပုံ အား ထုတ် နည်းနဲ့ အား ထုတ် လို့ ရ တဲ့ အကျိုး ဓမ္မတွေကို ပြောမယ်၊ ဦးပဉ္ဇင်းတို့ကတော့ ဒီအားထုတ်ပုံ အားထုတ်နည်းလမ်းစဉ်တွေကို စာအုပ်ထဲမှာ ကြည့်ပြီး အား ထုတ်ခဲ့ တာ မ ဟုတ် ဘူး၊ မိမိယုံကြည်အားထားတဲ့ ဆရာတယောက်ကို မှီးပြီးသူခိုင်းသလို လုပ်၊သူ့စကား နားထောင်ပြီး လုပ်ခဲ့ရတာ၊ ဒါကြောင့်ဆရာ သမား ကောင်းတယောက် တပါးလိုတယ် 'ဆရာမပြ နည်းမကျ' ဆိုသလို ငါးပိဖုတ်ရာမှာတောင် ဆရာလိုတယ်....တဲ့၊ ဦးပဉ္ဇင်းတို့ မှီးတဲ့ ဆရာကတော့ တောင်ဥက္ကလာ (၁၆)ရပ်ကွက် မြင်းခြံ ဦးကဝိဆရာတော်ဘုရားကြီးရဲ့ တပည့်ကြီးဖြစ်တဲ့ ကျေးဇူးတော်ရှင် ဆရာတော်ကြီး 'ဦးသုန္ဒရ'ပါဘဲ။ ဆရာတော်ကြီးရဲ့နည်းကတော့ ယောကျ်ားမိန်းမ ထိုင်ချင်သလိုထိုင်လက်နှစ်ဖက်ထပ် မျက်စိမှိတ်ပါးစပ်ပိတ် ဝင်သက်ကာစရှူရမယ်၊ရှူတဲ့အခါမှာအတွင်းဘက်ကိုလည်း စိတ်မလိုက်နဲ့ အပြင်ဘက်ကိုလဲစိတ်မလိုက်နဲ့ လွှဆွဲတဲ့ဥပမာလို လွှဆွဲသမားတယောက်ဟာ မိမိဖြတ်ချင်တဲ့ သစ်သားတခုကို တခုခုပေါ်မှာတင်ပြီး လွှသွားကို ထိုးဖြတ်ချင်တဲ့ အမှတ် အသားပေါ်မှာ တင်ပြီး လွှသွားနဲ့သစ်သား ထိတဲ့နေရာကလေးကိုသာ သတိထားသတိပြုတိုက်သလိုဟိုဘက်အပြင်ထွက်သွားတဲ့ လွှသွားကိုလည်းနှစ်လုံးမသွင်း ကိုယ့်ဘက်ပါလာတဲ့ လွှသွားကိုလည်းနှလုံးမသွင်းဘဲ လွှသွားနဲ့သစ်သားထိတဲ့ နေရာကလေးမှာသာ စူးစိုက်ပြီး မတိမ်းမစောင်းအောင် သတိထား

သတိပြုတိုက်သလို ရှုရှိုက်တဲ့အခါမှာ ဝင်လေ ထွက်လေထိသွားတဲ့ အေးကနဲပူကနဲ ဖြစ်ပေါ်နေတဲ့ 'ခမ္မ' စစ်စစ်ကလေး သဘောကလေးကို သတိပြုပြီးအားထုတ်ရမယ်တဲ့။ရှုတဲ့နေရာမှာ ဦးပဉ္ဇင်းတို့လက်တွေ့ 'ခမ္မ' ကတော့ပြင်းပြင်းရှုလေကောင်းလေဘဲ၊ပြင်းပြင်းရှုတော့ရှုအားရှိတယ် ရှုကောင်းတယ် ကောင်းတော့ပိုရှုလာတယ် ရှုလာတော့ အထိလဲနာတယ်၊ အသိကလဲ ပိုလာတယ်၊စိတ်ကလဲဒီနေရာကလေးမှာဘဲ တည်နေတယ်၊စိတ်ငြိမ်လွယ်တယ်၊ ဒါပေသည့်ဝန်နဲ့အား မျှားနဲ့လေးဆိုသလို အားကောင်းရင်ကောင်းသလိုရှု၊ မကောင်းရင် မကောင်းသလိုရှု၊ ကောင်းတာကိုသာ ပြောရတာ။

အဲဒီလိုပြောစကား နားထောင်ခိုင်းတဲ့အတိုင်း ရှုလို့ တနာရီလောက်ကြာတော့ ဒီနေရာမှာမေးစရာရှိတယ် ပြင်းပြင်းလဲရှုရမယ်၊ အချိန်ကလဲတနာရီလောက်ဆိုတော့ သေလောက်အောင် မမောပေဘူးလားလို့၊ ဒါကလုပ်ကြည့်မှ ရှုရှိုက်ရတဲ့ ခမ္မသဘောဟာ မသေမယ့်အပြင် အသက်တောင် ရှည်သေးတယ်၊ အခုသိပ္ပံပညာတွေ ထွန်းကားတဲ့အချိန်မှာ အသက်ရှုရပ်သွားတဲ့ လူမမာကို ကုစားနေတဲ့နေရာမှာ အသက်လေကိုစုတ်ဆဲ့တဲ့ ကရိယာတန်ဆာကိုတောင် တပ်ဆင်ပြီး ရှုးရှဲရှုးရှဲနဲ့ မြည်လာအောင် လုပ်ပေးရတယ်၊ဒါကြောင့်ဆရာတော်များက 'ရှုတဲ့လူမသေ သေတဲ့လူမရှုဘူး' လို့အမိန့်ရှိကြတယ် အေးတနာရီလောက်ရှုလိုက်တော့ခန္ဓာကိုယ်တကိုယ်လုံးမှာပေါ်နေလိုက်တဲ့'ခမ္မ'တွေချွေတွေသလိပ်တွေနှပ်တွေဟာ ဘေးကကြည့်နေတဲ့ လူသာရှိယင်အနားတောင်ကပ်ချင်မှာမဟုတ်ဘူး၊ဒါတွေ

ဟာ အနှစ်နှစ်အလလက အောင်းနေတဲ့ အညစ်အသိုး အပုတ်အစပ်တွေပြီးတော့ အရှူရပ်ခိုင်းလိုက်လို့ ရပ်လိုက်တော့ တကိုယ်လုံးမှာ လက်တွေခြေတွေ အင်္ဂါအဂိတ်အပိုင်းတွေပျောက်ပြီး ဘောက်ဘောက်ဇတ်ဇတ်နဲ့ ပုဇွန်ဆိတ် ကလေးတွေ ခုန်နေသလို၊ ဖောက်ပြန်နေတဲ့ ခန္ဓာ စက်ယန္တရားခုတ်မောင်း နေတဲ့ ဓမ္မအစင်တွေကို တွေ့ရပါလိမ့်မယ်။ ဒါတွေကိုဘဲ၊ ပုံစံစကား 'ပြောရင်' အနိစ္စတွေဒုက္ခတွေ အနတ္တ'တွေ ပါဘဲ။

ဒီအချိန်မှာ 'သမထ' အားသန်တဲ့ ယောဂီတွေအဖို့မှာ ကြောက်စရာနိမိတ်တွေ၊ ဝမ်းမြောက်စရာနိမိတ်တွေ တွေ့ရမယ်၊ 'သမထ'ဆိုတဲ့'ဓမ္မ'က ကိုယ်ဝါသနာပါတာ၊ကိုယ်တွေးလို့ ကိုယ့်စိတ်ထဲပေါ်တာ တကယ်မဟုတ်ဘူး၊ ဒါကလဲ စိတ်ကိုချွန်ထက်လာမှုပေါ်တာ၊ စိတ်ချွန်ထက်လာတာကိုဘဲ 'သမထ'လို့ခေါ်ကြတယ်၊ အဲဒီစိတ်ချွန်ထက်မှုဟာ တကယ် 'ဓမ္မ'အစစ်ဖြစ်တဲ့ ခန္ဓာကိုယ် ဖောက်ပြန်မှုပေါ်မှာ ကျသွားတဲ့အချိန်ကျတော့ 'ယထာဘူတ'တကယ် 'ဓမ္မ'သဘောတွေကို တွေ့ရတယ်၊ဒါကိုပုံစံစကားနဲ့ ပြောမယ်ဆိုယင်'ဝိပဿနာ'လို့ ခေါ်တယ်၊ ကိုယ်ကြိုက်တာကိုယ်ရမယ် ကိုယ်နဲ့ဆိုက်တာကိုယ်ရမယ်။

'သမထဓမ္မ'ရဲ့ အာရုံတွေကတော့ ပျော်စရာတွေ၊ ဝမ်းမြောက်စရာတွေ၊ စွဲလန်းစရာတွေကများတယ်၊ ကြောက်စရာလန့်စရာဆိုတာက နည်းပါတယ်'ဝိပဿနာဓမ္မ'ရဲ့ အာရုံတွေကတော့ ငြီးငွေ့စရာတွေ မခံစားချင်စရာတွေချည်းပါဘဲ။

ပထမရှုရှိုက်တဲ့အပိုင်းက တနာရီ၊ နောက်အာရုံပြုတဲ့အပိုင်းက တနာရီ၊ဒုတိယအာရုံပြုတဲ့ အပိုင်းကို 'ဝေဒနာပိုင်း'လို့

ခေါ်တယ်၊ နောက် နာရီစေ့လို့တော်ချင်ယင် တော်နိုင်ပြီဆို တော့ အထိုင်ဖျက်ပြီး ကြိုက်သလိုနေနိုင်တယ်၊ ဒါဟာ ဆရာ သမားများ သင်ပြတဲ့လုပ်ထုံးလုပ်နည်းဘဲ။ဒီလိုနေဒီလိုထိုင်၊ဒီလို စိတ်ထားဆိုတာက ဆရာသမားတို့တာဝန်၊ လိုက်နာကျင့်သုံး တာက ကျင့်ချင်တဲ့ယောဂီတို့ရဲ့တာဝန်၊ အကျိုးပေးလို့သိမြင် လာတဲ့ သဘောကတော့'ဓမ္မ' သဘောဘဲ။

အဲဒီလို အားထုတ်လို့ရတဲ့ အကျိုးတွေကို ဦးပဥ္စင်းတို့ အနေနဲ့ပြောရမယ်ဆိုယင် ချွေးပုပ် ချွေးသိုးတွေ ထွက်တယ်၊ သလိပ်ရှင်းတယ်၊ လေသွားလေလာ၊ သွေးသွားသွေးလာ မှန် တယ်၊ ထမင်းစားကောင်းတယ်၊ အိပ်ကောင်းတယ်၊ အနှိပ်သယ် မလိုဘူး၊အကြောအချင်အလိုလိုရောတယ်၊ ခေါင်းကိုက်ရောဂါ ဇက်ကြောတက်၊ အကြောတက်ရောဂါ၊ လေအောင့် လေနာ ရောဂါ ကြီးယင်သက်သာတယ်၊ နုယင်ပျောက်တယ်၊ဒါတွေဟာ အကျိုး'ဓမ္မ'တွေပါဘဲ။

နောက်'ပရမတ်ဓမ္မ'တွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့ရ တယ်၊ ပုံစံစကားတွေကို'ဓမ္မ' အစစ်အနေနဲ့ ဘာသာပြန်နိုင်လာ တယ်၊သူတပါးတွေကိုလဲ ပြောပြတတ်လာတယ်။

အဲဒီလို'ခန္ဓဓမ္မစစ်စစ်တွေကို ကိုယ်တွေ့ရ သိရတော့ ဒီ 'ဓမ္မ'သဘောမျိုး မယူမရချင်တော့ဘူး၊ မရချင်ယင် ဘယ်တော့ မှ မရတော့ဘူးလို့ မှတ်ကြ(**စွန်းလွန်း ဦးကဝိ ဆရာတော်ဘုရား ကြီးကလဲ သိတော့မလိုချင် မလိုချင်တော့ ရအောင်မလုပ်၊ ရအောင်မလုပ်ယင်မရပါဘူး**)တဲ့၊ခုတော့ ယောဂီတွေဟာ ဓမ္မ စစ်မသိတော့ မရအောင်လဲ မလုပ်တတ်၊ မလုပ်တတ်တော့

မစွဲလန်းသင့်တာတွေကို စွဲလန်းနေကြတယ်၊ စွဲလန်းမှု 'ဒိဋ္ဌိဓမ္မ' ဟာ သံသရာရှည်တယ်။

မြင်းခြံမြို့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဆုံးမခဲ့တဲ့အတိုင်း ပြန်ပြောရယင် လူတွေဟာမသိလို့ မကြောက်ကြတာ'မသိတော့လိုချင်၊လိုချင်တော့စွဲလန်း၊ စွဲ လန်းတော့ပြုလုပ်၊ ပြုလုပ်တော့ရရှိ၊ မသိတာက(အဝိဇ္ဇာ) လိုချင်တာက(တဏှာ)စွဲလန်းတာက (ဥပါဒါန်)ပြုလုပ်တာက (ကမ္မဘဝ) ရရှိတာက (ဇာတိ) ဇာတိရတော့ မအိုချင်မနေရ၊ မနာချင် မနေရ၊ မသေချင်မနေရလို့ ဟောတော်မူခဲ့တယ်....'

ဒါကြောင့် ဓမ္မစစ်စစ်သဘောကို သိအောင်လုပ်ရမယ်၊ သိအောင်လုပ်တော့ အမှန်ကိုအမှန်အတိုင်းမြင်တယ်၊ အမှားကို အမှားအတိုင်းမြင်တယ်၊ လောကဓမ္မမှာလဲ လိမ်မာပါးနပ်လာတယ်၊ လောကုတ္တရာဓမ္မမှာလဲ ကျွမ်းကျင်လာတယ်၊ဒါကြောင့် အမှန်နဲ့အမှား ခွဲခြားပြီးသိအောင် ဆထက်တံပိုး ကြိုးစားအားထုတ်ကြဟု မထေရ်သည်တရားကို ချလိုက်သောအခါ ယောဂီတို့၏တပြိုင်နက် ထွက်ပေါ်လာသော သာဓုသံကြီးမှာ ပွဲ့ဘင်ထပ်မျှဖြစ်၏။

မထေရ်၏ဟောကွက်မှာတိုတောင်းလှသော်လည်းယောဂီတို့အဘို့ လိုအပ်သော အချက်အလက်တို့မှာ ထိမိလှသည်ဟု ကျွန်ုပ်တို့ ယူဆမိပါသည်။ တရားအားထုတ်ချိန် နာရီပြည့်သောအခါ မထေရ်၏'တော်ချင်တော်နိုင်ပြီ' ဟူသောအသံကို ကြားလိုက်ရပါသည်။ အားလုံးသော ယောဂီ တို့ သည် လည်း ချာချတ်သဲသဲဖြစ်ကာ မိမိတို့ဘည်းခိုသော ဇရပ်အသီးသီးသို့

ပြန်သွားကြ၍ နာရသောတရားနှင့်အားထုတ်၍တွေ့သောတရားများကို ဆွေးနွေးလျက်ရှိကြပါသည်။

## 'ယောဂီတို့ တွေ့သော နိဗ္ဗာန်'

ယောဂီသစ်အချို့တို့မှာ မိမိတို့တွေ့ရှိရသော ထူးခြားချက်များကို မထေရ်အား လျှောက်ထားလိုကြသဖြင့် ကျောင်းကလေးအနီး၌ ခြေရှုတ်နေကြသည်။ ကပ္ပိယ တယောက်သည် တံခါးခေါင်းလောင်းခလုပ်ကို နှိပ်လိုက်ရာ

'မည်သူနည်း၊ ဘာကိစ္စနည်း....'ဟု မေးမြဲအတိုင်း မေး၍ တံခါးကိုဖွင့်ပေးလိုက်သည်။ ယောဂီ ဆယ့်ကိုးယောက်လောက် ဝင်လာကြပြီးလျှင် မထေရ်၏ရှေ့မှောက်တွင်ရှိသေလေးစားစွာ ထိုင်နေကြသည်တွင် မထေရ်က

'ဘာများ အကြောင်းထူးလို့လဲ....'ဟုမေးလိုက်ရာ....

တယောက်သောယောဂီသစ်က'တပည့်တော်တခါဘူးမျှ မတွေ့ဘူးသေးတဲ့ အတွေ့တခုလျှောက်ချင်လို့ပါဘုရား....'ဟုဖြေကြား၏။

'ကိုင်းလျှောက်ပါအုံး'ဟု မထေရ်ကခွင့်ပေး၏။ယောဂီက

'တပည့်တော်ပထမပိုင်း အားထုတ်စဉ်မှာ တအားရှူပြီး အရှင်ဘုရားက အရှူရပ်လို့ခိုင်းလိုက်တဲ့အခါမှာ အရှူလဲရပ်လိုက်ရော တပည့်တော်တကိုယ်လုံးဟာဘယ်ရောက်လို့ရောက်မှန်းမသိ တခါတည်းပျောက်သွားပါတယ်ဘုရား၊ ဒါဟာနိဗ္ဗာန်ထဲဝင်သွားတာလားဘုရား....' ဟု လျှောက်ထားရာ မထေရ်က

'အဲဒီအချိန်မှာ ဒကာမကြီး စိတ်ဟာ ဘယ် ရောက် နေသလဲ'ဟု မေး၏။

ယောဂီက 'ဘယ်ရောက်လို့ရောက်မှန်း မသိပါဘူးဘုရား'

'အေး ဒီလိုလဲ ဖြစ်တတ်တယ် ဒကာမကြီး အဲဒီအချိန် မှာ 'သမာဓိမှု' လွန်ကဲနေတဲ့အချိန်ပဲ 'သမာဓိမှု'လွန်ကဲတော့ သတိပျောက်ပြီး မောဟဘက်ရောက်သွားတယ်'

'ဒီလိုဆိုယင် တပည့်တော်မ တွေ့တာ နိဗ္ဗာန်မဟုတ်ဘူး ပေါ့'ဟု မထေရ်၏အဖြေကို မကြိုက်သော အနေဖြင့် တုံ့ပြန် မေးလျှောက်ရာ....

မထေရ်က 'မဟုတ်သေးပါဘူး၊ နောက်ပိုင်း ဘယ်လိုဖြစ် တယ်ဆိုတာ ဆက်လျှောက်ပါအုံး'ဟု အမိန့်ရှိရာ....

ယောဂီက 'နိဗ္ဗာန်ဆိုတာ ဘာမှမရှိ၊တခါတည်းအေးငြိမ်း သွားတယ်ဆိုတော့ တပည့်တော်မ တွေ့နေတာဟာ နိဗ္ဗာန်လို့ ထင်မိပါတယ်ဘုရား'

ဟုတ်ပြီ အဲဒီလို ဖြစ်နေတာ ဘယ်လောက် ကြာသလဲ၊ နောက်ဘယ်လိုဖြစ်လာတယ်ဆိုတာ လျှောက်ပါအုံး'

'သိပ်ကြာပါဘူး ဘုရား၊ ခန့်မှန်းခြေဆိုယင် ကွမ်းတရာ ညက်လောက် ရှိလိမ့်မယ် နောက်တော့ တကိုယ်လုံး ပြန်ပေါ် လာပါတယ်ဘုရား'

'ကိုင်း....ဦးပဥ္စင်း ရှင်းပြမယ်၊ ဦးပဥ္စင်း မေးတာကို ရဲရဲ တင်းတင်းဖြေပါ၊ အဲဒီခန္ဓာကိုယ်ကြီးပျောက်ပြီး ပြန်ပေါ် လာ တော့ ဘာတွေတွေ့နေရသလဲ'

'ခန္ဓာကိုယ်ကြီးပေါ်လာတော့ကိုယ်ကြီးတခုလုံး မီးလောင်နေသလို ပူလောင်နေပါတယ်ဘုရား'

'ဟုတ်ပြီ ဒါမှဟုတ်တာ တကယ့် 'ဓမ္မစစ်'ဟု အမိန့်ရှိလိုက်ရာ အနီးတွင် နားထောင်နေသူ ယောဂီတို့မှာ တယောက်ကိုတယောက်ကြည့်လျက် ရှေ့ဆက်လက်၍ မထေရ်၏ဝေဖန်ချက်ကို နားစိုက်နေကြ၏။ ကျွန်ုပ်လည်း မထေရ်၏ ပြတ်ပြတ်သားသား အမိန့်စကားကို မြှော်လင့်နေမိပါသည်။

မထေရ်က ဆက်လက်၍ 'ဓမ္မအစစ်'ပေါ်တဲ့ အချိန်ဟာ 'သမာဓိဓမ္မ'လွန်နေတာက တဖြည်းဖြည်းကျလာပြီး'သမာဓိဓမ္မ'နဲ့ 'သတိပညာဓမ္မ'တို့ချိန်ကိုက်သွားတဲ့အချိန်ပဲ၊ အဲဒီအချိန်မှာ ခန္ဓာကိုယ်ကြီး ပြန်ပေါ်ပြီး ပူလောင်နေတာတွေ့ပြီးတော့ ဘာဆက်ပေါ်လာသလဲ....'

'အဲဒီလိုတွေ့နေပြီး ၁၀မိနစ်လောက် ကြာတော့ တပည့်တော်ရဲ့စိတ် အိမ်ကသားတွေ၊ သမီးတွေဆီ ရောက်သွားပါတယ်'

'ဟုတ်ပြီ အဲဒီအချိန်ကျတော့ ဒကာမကြီးထူထောင်ထားတဲ့ **'သမာဓိဓမ္မ'ကကုန်သွားပြီ** မိခမွေးတိုင်းဖမွေးတိုင်းစိတ်၊ အရှုးစိတ်'ဓမ္မ' တွေပေါ်လာတဲ့အချိန်ပေါ့၊ ဒါကြောင့်'သမာဓိဓမ္မ' လွန်တာလဲ မကောင်းဘူး၊ရော့တာလဲ မကောင်းဘူး၊သူ့ဟာနဲ့သူ 'သဒ္ဓါ၊ သတိ၊ဝီရိယ၊ သမာဓိ၊ ပညာဓမ္မတွေဟာ ညီတူညီမျှ ချိန်ကိုက်မှ အမှန်ရှိတာကို အမှန်ဖြစ်နိုင်တယ်လို့ မှတ်ပါ။ ကျန်တဲ့ ယောဂီတွေကရော ဘာများလျှောက်စရာ ရှိကြသေးလဲ' ဟု မထေရ်က ကျန်ယောဂီများဘက်သို့လှည့်၍ ဖိတ်ခေါ် လိုက်ရာ....

အသက် (၄၀)လောက် အရွယ် ဒကာ တယောက်က 'တပည့်တော် အခုန ဟိုရောဂါကို ရှင်းပြတဲ့အထဲမှာ တကိုယ်လုံး ပျောက်ပြီး စိတ်ဘယ်ရောက်သွားတယ်မသိဘူးဆိုတော့ သမာဓိ လွန်ကဲလို့မောဟဝင်ပြီး တွေဝေသွားတယ်ဆိုတာ ဘယ်သဘော ဖြစ်သွားတယ်ဆိုတာကို ရှင်းပြစေချင်ပါတယ်ဘုရား'

'အေး ဒကာကြီးတို့နားလည်အောင် တူရာ တူကြောင်း ဥပမာပေးရမယ်ဆိုယင် တဦးတယောက်ဟာ အလွန် အမင်း အဖျားကြီးပြီး မေ့မြောသွားတယ်ဆိုပါတော့၊အဲ့ဒီလိုအချိန်မှာ အနားမှာရှိတဲ့ လူတွေက ဆေးထိုးတန်ထိုး နှိပ်တန်နှိပ်၊ယပ်ခတ် ပေးတန် ပေးကြပေမင့် သူဘာမှမသိဘူး၊ တကိုယ်လုံးကိုက်၊ ပူ လောင်နေတာလဲ သူမသိဘူး၊ နောက်သတိရလာတဲ့ အခါကျ တော့မှ သူ့ခန္ဓာကိုယ်ဟာပူလောင်ပြီး ကိုက်ခဲနေတာကိုသိတယ်။ ခံစားရတယ်၊ ဥပမေယျတင်ပြရယင် အပူကြီးပြီးမေ့သွားတာနဲ့ သမာဓိလွန်ကဲပုံနဲ့တူတယ်၊ အပူကျသွားလို့ သတိ ရလာတာနဲ့ သမာဓိအရှိန် တဖြည်းဖြည်း လျော့လာတာနဲ့တူတယ်၊ အဲ့ဒီလိုဘဲ ဘုရားအားသုတ်တဲ့အခါမှာ စိတ်ကို တဖြည်းဖြည်း ချုပ်ကိုင်ပြီး သား ဖြစ်လာတယ်၊ စိတ်ဟာနဂိုရ်ရက နယ်ကျယ်ကျယ် ကျက်စား ရမှကြိုက်တာ၊ အခုတော့စိတ်ကိုချုပ်ကိုင်လိုက်တော့'စိတ်ခမ့်'က သဘာဝ အတိုင်း မခံချင်ဘူး၊ ရုန်းကန်လာတယ်၊ရုန်းကန်ရဖန် များတော့ စိတ်မောလာတယ်၊ စိတ်မောပြီးရုန်းကန်တဲ့ သဘာဝ ခမ့်ကို လွှတ်လိုက်တယ်၊ လက်လျှော့ လိုက်တယ်၊ လျှော့လိုက် တော့ စိတ်ဟာတည်ကြည်သလိုဖြစ်ပြီး 'သမာဓိခမ့်'ထဲ ရောက် သွားတယ်၊ ရောက်သွားတော့ 'စိတ်ခမ့်' ဟာ တဖြည်းဖြည်းခိုင်

မာသွားတယ်၊ ခိုင်မာသွားတော့ ဝိညာဏ်ဆိုတဲ့အသိ ‘ဓမ္မ’ဟာ ပျော့သွားတယ်၊ အလုပ်မလုပ်ချင်တော့ဘူး။ ‘ဝိညာဏ်ဓမ္မ’အလုပ်မလုပ်တော့ ‘ဦးကျောက်’မှာရှိတဲ့ ဝေဖန်တဲ့ ‘ဓမ္မ’နဲ့ အဆက်အသွယ် ပြတ်သွားတယ်၊ ဒါဟာ ‘သမာဓိဓမ္မ’လွန်ပြီးစိတ်‘ဓမ္မ’ ခိုင်မာသွားလို့ ခိုင်မာလွန်းလို့ ဘာမှမသိတော့တာ ကြားဘူးကြမှာပေါ့။ မာလွန်းတော့ဆတ်တယ်၊ ပျော့လွန်းတော့ ပတ်တယ် ဒီအတိုင်းဘဲ၊ ဘာဘဲဖြစ်ဖြစ် လွန်ယင်လဲ မကောင်းဘူး၊ ပျော့ယင်လဲ မကောင်းဘူး၊ တင်းတော့လဲ ပြတ်တယ်။ လျှော့တော့ပတ်တယ်လို့ ပြောကြတယ်။အခုဥပမာ ပေးတာဟာ တူရာတူကြောင်း ပေးရတာ ရှင်းကြပြီလား၊ မရှင်းသေးလဲနောက်ရက်တွေမှာ ရှင်းပေးရမှာပေါ့၊ အချိန်လဲမရှိတော့ဘူးဆို၍ မထေရ်သည် စကားကိုဖြတ်လိုက်၏။

ကျွန်ုပ်လည်း ယောဂီများနှင့်အတူ မထေရ်၏ ကျောင်းကလေးအတွင်းမှ ထွက်ခဲ့၏။အပြင်သို့ရောက်သောအခါ မထေရ်၏ ရှင်းလင်းချက်များကို ကြိုက်သူတို့ရှိသလို မကြိုက်သူများလည်း ရှိကြ၏။ ကြိုက်သူတို့ကား ကြိုက်သလို ပြောကြ၏။ မကြိုက်သူတို့ကလည်း မကြိုက်သလိုပြောကြ၏။ ကျွန်ုပ်မှာကား ကြိုက်တာမကြိုက်တာတွေ အပထား၊မထေရ်၏ တိကျပြတ်သားသော ရှင်းလင်းချက်နှင့် လတ်တလောတင်ပြသောဥပမာဥပမေယျတို့ကို ကြားနာရသဖြင့် ပီတိအများကြီး ဖြစ်မိပါသည်။

ဝါတွင်းသုံးလတို့တွင် ဝါခေါင်တွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပါပြီ။ မိရိုးဖလာဗုဒ္ဓဝါဒီတို့အဖို့ ဝါတွင်းသုံးလအတွင်းတွင် သီလဆောက်တည်ခြင်း၊ ဒါနပြုခြင်း၊တရားအားထုတ်ခြင်း

တို့ကို အထူးကြိုးစားကြပါသည်။ ဝါတွင်းသုံးလသည် မိုးရာသီဖြစ်သဖြင့် ခရီးပေါက် နည်းပါးသည်ကတကြောင်း၊ လယ်သူဦးကြီးတို့အလုပ်ရှုပ်ကြသဖြင့် မြို့ပြတို့သို့တက်၍ ပိုက်ဆံမဖြုန်းနိုင်ကြခြင်းကြောင့် ဈေးရောင်းဈေးဝယ်လုပ်သူတို့ အရောင်းအဝယ်ပါးသည်က တကြောင်း၊ ယင်းအကြောင်းကြောင်းများကြောင့် အားအပ်သည့်မိုးဥတုအတွင်း ဝါတွင်းသုံးလတွင် ဒါန၊ သီလ၊ဘာဝနာအလုပ်များကို အခြားအချိန်တို့ထက် ကြိုးစားကြသည့်အလျောက် လူမိုက်၊လူတေ၊လူပွေများပင်လျှင် ဝါတွင်းသုံးလအတွင်း မကောင်းမှုတို့ကို ကျူးလွန်ခြင်းတို့မှ အောင့်အီးသည်းခံ၍ သက်သတ်လွတ်စားခြင်း၊သောက်စား မူးယစ်မှုတို့ကို ကျဉ်ရှောင်ခြင်းစသော ကောင်းသောစိတ်ကို မွေးကြပေသည်။

ယနေ့ကား ဝါတွင်းသုံးလ၏ ပထမတလ ကုန်ဆုံးသော ဝါခေါင်လဆန်း (၁၅)ရက် လပြည့်နေ့ဖြစ်သည်။ ဘုန်းတော်ကြီးကျောင်း တရားကျောင်းများ၌ အလှူပေးသူ၊သီလဆောက်တည်သူ၊ တရားအားထုတ်သူတို့ ပေါများလှပေသည်။

မထေရ်သည် ကျောင်းကလေးအတွင်း၌ ထိုင်နေကျနေရာတွင် ထိုင်လျက်ရှိသည်။ကျောင်းကလေးတံခါးတချပ်မှာ လပြည့်နေ့ဖြစ်သဖြင့် ဖွင့်ထားသည်။

နံနက် သီလ မခံယူမီ အသက် (၆၀) ရွယ် အဖိုးကြီးတယောက်၊ (၅၅) နှစ်ရွယ် အမယ်ကြီးတယောက်၊ (၃၅)နှစ်အရွယ် အမျိုးသမီးတယောက်တို့ မထေရ်၏ မျက်မှောက်သို့ ရောက်လာကြပါသည်။ ယင်းသုံးယောက်တို့အနက် အဖွားကြီးက

လက်အုပ်ချီကာ လျှောက်ထားသည်မှာ .... 'တပည့်တော်တို့ ဒီတရားတိုက်မှာ အားထုတ်ကြတာတပတ်လောက်ရှိပါပြီဘုရား၊ တပည့်တော်မမှာ သားနှစ်ယောက်ရှိသည့်အနက် သားကြီးမှာ အတော်ဆိုးပါတယ်ဘုရား။ တပည့်တော်မတို့က ဗုဒ္ဓဘာသာပီပီ ကျောင်းကန်ဘုရားသွားတဲ့အခါ အခုလိုတရားတိုက်တို့ ဘာတို့ လာတဲ့အခါ သူ့ကိုချော့မော့ခေါ်လို့ ကိုမရဘူး။ အရက်ကလဲ နေ့မအား ညမအား သောက်နေတာပါဘဲဘုရား.... စကားကလဲ များ၊ ဆင်ခြေဆင်လက်ကလဲများ၊ သူ့ကို ဘယ်လိုဆုံးမလို့မှ မရပါဘူး ဘုရား၊ တော်တော့ဘုန်းတော်ကြီးကိုလဲ ဦးမချပါ ဘူး ဘုရား'

မထေရ်က 'အဲဒါ ဘာလုပ်စေချင်သလဲ'ဟု မေးရာ....

ယင်းအဖွားကြီးက ဆက်လက်၍ 'ဟိုတနေ့တုန်းကတော့ ဘာစိတ်ကူးပေါ်တယ် မသိပါဘူးဘုရား....ဟောဒီ သူ့ဇနီးကို ပြောတယ်တဲ့၊ နင်တို့သွားတဲ့ တရားတိုက်ကကိုယ်တော်နဲ့ တွေ့ချင်တယ်၊ ငါတွေ့ချင်တာက တရားအားထုတ်ချင်လို့ မဟုတ်ဘူး၊ သူနဲ့ ဆွေးနွေးကြည့်ချင်လို့ အကယ်၍ ငါတင်ပြတဲ့ ပြဿနာကို သူက ငါလက်ခံနိုင်အောင် ဖြေနိုင်ယင် သူ့စကား နားထောင် မယ်လို့ ပြောပါတယ်တဲ့ ဘုရား....'ဟု ရှင်းလင်း လျှောက် ထားရာ....

မထေရ်က 'သိပါပြီ ဒီလိုပုဂ္ဂိုလ်မျိုးဟာ အလွန်လွယ်ပါ တယ်၊ ဦးပဉ္ဇင်းတာဝန်သာထားပါ၊ သူလာချင်တဲ့စိတ် ရှိနေတုံး အမြန်ခေါ်ခဲ့၊ သူ့ထက်ကြမ်းတမ်းခက်ထန်တဲ့ 'အာဠဝက'

ဘီလူးကြီးတောင် ဗုဒ္ဓက အရှုံးပေးပြီး အနိုင်ယူသွားတဲ့ နည်းရှိသားဘဲ၊ 'ဦးပဥ္စင်းတို့လဲ ဗုဒ္ဓရဲ့တပည့်ရင်းတွေဘဲ ဆရာဗုဒ္ဓရဲ့ နည်းကို လက်ကိုင်ထားပြီး ချတ်ရမှာပေါ့၊ ဆရာဗုဒ္ဓက အတုမရှိလို့ 'အာဠဝက'ဘီလူးကို ချတ်နိုင်ယင် ဆရာဗုဒ္ဓ ရဲ့တပည့်ဖြစ်တဲ့ ဦးပဥ္စင်းတို့က(အာဠဝကာ)လူကြမ်းကို ချတ်နိုင်ရမပေါ့' ဟု အမိန့်ရှိသ

အဖွားကြီးက 'တပည့်တော်မ တခုတော့ ကြိုတင်လျှောက်ထားပါရစေဘုရား၊ သူက လူမိုက် လူကြမ်း ဆိုတော့ ပါလေယင် အရှင့်ဘုရားရှေ့မှာ ရှိရှိသေသေ ကိုင်းကိုင်းရှိုင်းရှိုင်းနေချင်မှနေမှာ ဒီတော့ တပည့်တော်မတို့က မျက်နှာပူရမယ်ထင်တယ်'

'အို ဘယ်လိုနေနေ ဘာဘဲပြောပြော ဘာဘဲလုပ်လုပ် သူ့ကိုသာအပါခေါ်ခဲ့။ ဦးပဥ္စင်းအဖို့ ဘာမှအကြောင်းမဟုတ်ပါဘူး၊ ဒကာမကြီးများကလဲ အားမနာနဲ့၊ လူမိုက်က လူလိမ္မာဖြစ်ဖို့သာ အဓိကမဟုတ်လား....ကဲ သီလခံယူဘို့အချိန်လဲ နီးပြီ ညနေသာ ခပ်စောစောကလေးလာခဲ့ကြ၊ မူးလဲခေါ်ခဲ့၊ ရူးလဲခေါ်ခဲ့၊ ဆိုးလဲခေါ်ခဲ့၊ ခိုးလဲခေါ်ခဲ့၊ မိုက်လဲခေါ်ခဲ့၊ တိုက်လဲခေါ်ခဲ့၊ ဘီလူးတောင်ယဉ်သွားသေးတာ၊ ဒကာမကြီးသားဟာ တိရစ္ဆာန်မှမဟုတ်ဘဲ'ဟု မထေရ်က စကားကိုဖြတ်လိုက်သဖြင့် အဖိုးကြီး၊ အဖွားကြီးများ ကျောင်းကလေးအတွင်းမှ ထွက်သွားကြ၏။

## "သီလ ခံ ယူ ပွဲ"

(၇)နာရီ၊ နာရီခေါင်းထိုးချေပြီ၊ ယောဂီများ 'ဓမ္မဗိမာန်'ကြီးအတွင်းသို့ ဝင်လာကြပြီး အသီးအသီး နေရာယူကြသည်။ တဆက်တည်း ယောဂီခေါင်းလည်း တီးလေပြီ —၊ များ မကြာမီ မထေရ်အားပင့်သော ခေါင်းတချက်ထိုးလိုက်လျှင်ပင် ခေါင်းသံ၏အကြား၌ မထေရ်၏ တည်ကြည်ငြိမ်သက်သော အိန္ဒြေတော်ကို ဖူးတွေ့ကြရပါသည်။ မထေရ်သည် တရားပလ္လင်ပေါ်၌ သီတင်းသုံးလျက် ရှိပါသည်။

မထေရ်သည် ပရိသတ်ဖက်သို့ တချက်မျှ လှမ်းကြည့်လိုက်လျှင် 'ယောဂီများ စုံကြပြီလား....'ဟု နှုတ်ခွန်းဆက်လိုက်ရာ ယောဂီ များက စုံလင်ကြောင်း တပြိုင်နက် ပြေဆိုကြသည်။

'ကိုင်း သီလခံယူကြရတော့မယ်၊ သီလခံယူခြင်းနဲ့ ပတ်သက်တဲ့ သိသင့်သိထိုက်တဲ့ ကိစ္စ ဓမ္မတွေကို ပဌမ သိထားဘို့လိုတယ်၊ သီလဆိုတာပေးလို့မရဘူး ယူလို့လဲမရဘူး၊ စောင့်ထိန်းမှုရတယ်လို့မှတ်ကြ၊ သီလယူဘို့ လာကြတယ်ဆိုတာ အရပ်သုံးစကား၊ ဒီကနေ့အဖို့ငါတို့ဒီဓမ္မတွေကိုရှောင်မယ်တိမ်းမယ် စောင့်ထိန်းမယ်ဆိုပြီး စောင့်ထိန်းနိုင်ယင် ပြီးတာပါဘဲ၊ ဒါမှမဟုတ် မကောင်းတဲ့အကျင့်တွေကို တွေ့တော့မှ ဒါတွေဟာ မကောင်းတဲ့ဓမ္မာတွေပါလားလို့နှလုံးသွင်းပြီးထိန်းသိမ်းလိုက်ယင်လဲ သီလရှင်ကြီးတွေ ဖြစ်ကြမှာပါဘဲ၊ **သီလဆိုတာက ကုလားစကား**

ဗမာပီပီပြောရယင် စောင့်ရှောက်စောင့်ထိန်းခြင်းလို့ ခေါ်တယ်၊ ဘာတွေ စောင့်ရှောက် ထိန်းသိမ်းရသလဲဆိုယင် မကောင်းတဲ့ တကိုယ်ကောင်းဖြစ်တဲ့ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူ အရာတွေကို ကိုယ်ချင်းစာနာပြီး စောင့်ထိန်းရမယ်။

အခုယောဂီတို့ စောင့်ထိန်းရမယ့် သီလမျိုးက 'ဗုဒ္ဓ၊ ဓမ္မ၊သံဃ ကိုအားကိုးပြီးစောင့်ထိန်းရတဲ့သီလမျိုးမို့ သာသနာ တွင်းသီလလို့ခေါ်ကြတယ်၊ဒီလိုရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ် ပါးသီလငါးပါးသီလစတဲ့ ရိုးရိုးသီလတွေကသာသနာမပေါ်ခင် (ဗုဒ္ဓဓမ္မ၊သံဃ) မပေါ်ခင်ကတည်းကလဲရှိခဲ့တယ်။ ဟိုပဝေသဏီ ထဲက လူတို့ကျင့်သုံးဆောက်တည်ကြတယ်၊ ခြားနားချက်က'ဗုဒ္ဓ' မပေါ်သေးလို့ ဗုဒ္ဓ၊ဓမ္မ၊သံဃတို့ကို အားကိုးအားထား မပြုနိုင် ကြတာဘဲ၊ ကွာတယ်လို့မှတ်ကြ၊ ဒါနသီလ ဘာဝနာလဲ ဒီအ တိုင်းဘဲ၊ ဗုဒ္ဓမပေါ်ခင်က ဒါနသီလဘာဝနာဓမ္မတွေဟာ ရှိပြီး သား၊ အဲဒီနေရာမှာ ဘာဝနာဓမ္မနဲ့ ပတ်သက်လို့ ပြောစရာရှိ တယ်၊ ဗုဒ္ဓမပွင့်ခင်က ဘာဝနာက သမထဓမ္မသက်သက် ဝိပဿ နာဓမ္မမပါဘူး၊ ဗုဒ္ဓပေါ်လာတော့မှ ဝိပဿနာဓမ္မပါလာတယ်။

ဓမ္မသဘောကတော့ ဗုဒ္ဓမပေါ်လဲရှိတယ်၊ ပေါ်လဲ မ ပျောက်ဘူး၊ ဒါပေမင့်ဗုဒ္ဓက'သဗ္ဗညုတဉာဏ်' ကို သုံးပြီး ဓမ္မ အလုံးစုံကို ဓမ္မအတိုင်း ဖော်ပြနိုင်ခဲ့တယ်။ အစက ဘယ်သူမှ ဓမ္မကို ဓမ္မအတိုင်း မမြင်ကြဘူး၊ ဓမ္မကို ပုဂ္ဂလအနေနဲ့ဘဲမြင်ကြ တယ်၊ ဗုဒ္ဓလဲပေါ်ပေါက်လာရော ဓမ္မကိုဓမ္မအတိုင်း မြင်ကြတဲ့ ပုဂ္ဂိုလ်တွေ ပေါ်လာတယ်။

ဒါကိုသံသာလို့ခေါ်တယ်၊ ဗမာလိုကတော့ ဗုဒ္ဓနောက်လိုက်တွေဘဲ၊ အခုယောဂီတွေလက်ခံရမယ့် သီလတို့ပေးလှူရမယ်၊ ဒါနတိုးပွားရမယ့် ဘာဝနာတွေက ဗုဒ္ဓ ဓမ္မသံဃ တို့ကို အားကိုးပြီး ပေးလှူစောင့်ရှောက်ပွားများရမယ့် ဓမ္မတွေဘဲ။

နာကြားနေကြရသော ပရိသတ်တို့မှာ သက်မဲ့ ဝတ္ထုပစ္စည်းများကဲ့သို့ မတုန်မလှုပ် ဓမ္မပီတိများ ဖြစ်ပေါ်လျက်ရှိကြပါသည်။

'ထိုအခါ သာသနာ့ပတုံးကတော့ ဒီလိုအားကိုးရမယ့် ပုဂ္ဂိုလ်တွေမရှိဘူး၊ ကိုယ့်သဘောနဲ့ကိုယ် ကောင်းမယ်ထင်တာတွေကို ရွေးလုပ်ကြရတယ်၊ ကိုယ်ပိုင်အသိနဲ့ရှောင်ကျဉ်ကြတယ်၊ ကျင့်သုံးကြတယ်၊ ဒီတော့အခုလို ဘုန်းတော်ကြီးကျောင်းတွေ၊ တရားကျောင်းတွေကိုလာပြီး သီလတောင်းရတာတို့ သီလပေးသီလယူလုပ်ရတာတို့ဟာ ပိုသလို ဖြစ်မနေပေဘူးလားလို့ မေးယင် မပိုပါဘူးလို့ဖြေရမယ်၊ ဘာကြောင့်လဲဆိုတော့ အခုလိုလာလို့ အခုလိုမကြားဘူးသေးတဲ့ ဗဟုသုတတွေရတယ်၊ ဒါနဓမ္မလဲတပါတည်း ပါလာတယ်၊ တပျော်တပါးကြီး မတွေ့ဘူးသေးတဲ့ မိတ်ဆွေသစ်တွေလဲတွေ့ရဘယ်၊ မတွေ့ရတာကြာနေတဲ့ မိတ်ဆွေဟောင်းတွေလဲ တွေ့ရတယ်၊ သားရေးမယားရေး၊ ရပ်ရေးရွာရေး၊နိုင်ငံရေး စီးပွားရေးတွေလဲ ဆွေးနွေးရတာပေါ့၊ ဗဟုသုတတိုးတယ်၊ မိတ်ဆွေတိုးတယ်၊ ဒါတွေဟာ လောလောဆယ်ခံစားရတဲ့ လောကီဓမ္မတွေပေါ့၊ လောကီဓမ္မဆိုတာကလဲ ကောင်းတဲ့အကျိုး၊ မကောင်းတဲ့အကျိုး ရှိသေးတယ်၊ကောင်းတဲ့အကျိုးရတဲ့ လောကီဓမ္မတွေကို အရယူရမယ်။

ယခုလိုလာပြီး သီလခံယူပြီးတဲ့အခါမှာ ကိုယ်ကျင့်သုံးဆောက်တည် စောင့်ရှောက်ရမဲ့ ဓမ္မတွေကို စေ့စေ့အောင်မြင်အောင် မထိန်းမသိမ်း မစောင့်မရှောက်ယင် ကိုယ်ခံစားရမယ့်အကျိုး ဓမ္မတွေဟာ အချည်းနှီးဖြစ်သွားမယ်၊ အချုပ်ကတော့ ကိုယ်ကျင့်တရားနဲ့ပတ်သက်ယင် ကိုယ့်အားကိုယ်ကိုးရမယ်၊ တဆင့်ထက်တဆင့် ကောင်းကျိုးချမ်းသာ ဓမ္မတွေကို ရင်ဆိုင်ရအောင် ကြိုးစားရမယ်၊ ဒါနဓမ္မထက် သီလဓမ္မက မြတ်တယ်၊ သီလဓမ္မထက် သမထဓမ္မကမြတ်တယ်၊ သမထဓမ္မထက်ဝိပဿနာဘာဝနာဓမ္မကမြတ်တယ်၊ ဝိပဿနာထက်အနတ္တဓမ္မကမြတ်တယ်၊ အမြတ်ဆုံးဘဲ၊ အခုလောက်ဟောယင် သီလခံယူခြင်းနဲ့ပတ်သက်လို့ သိတန်သလောက်တော့ သိပြီပေါ့၊ ကိုင်း တော်ပြီ ဒို့သီလတောင်းတော့မယ်ဆိုတဲ့စိတ်ကို မွေးလိုက်ကြ....'

ဘုရား၊ တရား သံဃာကိုရည်မှန်းပြီး စာန်တော့ကြရမယ်၊ ဒါကပြောနေကျစကား ရည်မှန်းတယ်ဆိုတဲ့စကားဟာအဓိပ္ပါယ်ရှိတယ်။ ကိုယ်မမြင်ဘူးတာကို ဘယ်လိုလုပ်ရည်မှန်းပမလဲ၊ ရည်မှန်းချက်မှားနေယင်လဲ ရည်မှန်းတဲ့ကိစ္စဟာ အလကားအချည်းနှီးဖြစ်နေမှာစိုးရတယ်၊ ဒါကြောင့် ရည်မှန်းတတ်အောင်ဉာဏ်မှီသလောက်ပြောပေးမယ်၊ ဗမာတွေခေါ်နေတဲ့ ဘုရားဆိုတာ ဗုဒ္ဓကိုခေါ်တာ ဗုဒ္ဓလို့ဘာကြောင့်ခေါ်ရသလဲဆိုတော့ ဗောဓိမို့ ဗုဒ္ဓလို့ခေါ်တာ ဗောဓိဆိုတာက ဉာဏ်ပွင့်ခြင်းကိုခေါ်တယ်၊ ဘယ်ဉာဏ်ပွင့်သလဲဆိုယင် သဗ္ဗညုတဉာဏ် ပွင့်တယ်၊ သဗ္ဗညုတဆိုတာက အလုံးစုံသော ဓမ္မတွေကို ဓမ္မအတိုင်း မြင်တာသိတာ။ ဗုဒ္ဓရဲ့ဉာဏ်ဟာ အခြားလူများရဲ့ ဉာဏ်ထက်ထူးတယ်၊ ဆရာမရှိ

ဘဲနဲ့ အလိုလိုဦးဏှောက်က ပေါ်လာတဲ့ညာဏ်၊ အဲ့ဒီလိုညာဏ်ကို သဗ္ဗညုတလို့ ခေါ်တယ်၊ ဒါကြောင့် အချုပ်အားဖြင့် 'ဗုဒ္ဓ'ရဲ့ ဦးဏှောက်က ထွက်လာတဲ့ညာဏ်ဟာ ဘုရားအစစ်လို့မှတ်ရမယ်၊ အခုပလ္လင်ပေါ်မှာမြင်နေရတာက စေတီလို့ခေါ်တယ်၊ စေတီနဲ့ ဘုရားနဲ့ မကွဲကြသေးဘူး၊ ကွဲအောင် မှတ်ထားကြ ညာဏ်ကို ဘုရားလို့ခေါ်တယ်....'

နောက်ဗမာတွေခေါ်နေတဲ့ တရားက အဲဒီ 'သဗ္ဗညုတ ဦးဏှောက်'ကိုသုံးပြီး 'ဓမ္မ'ကို'ဓမ္မ'အတိုင်း မြင်အောင်ဟောထား ခဲ့တာ ပြောထားခဲ့တာတွေဟာ တရားချည်းပဲ၊ သို့ရာတွင် 'ဓမ္မ' အစစ်ကတော့ 'အနတ္တဓမ္မ'လို့သိမှ 'ဓမ္မ'စစ်သိတယ်လို့ခေါ်တယ်၊ ဒါကြောင့်'အနတ္တဓမ္မ'စစ်ကို တွေ့အောင်'ဗုဒ္ဓ'လမ်းစဉ်အရရှာနေ ကြရတယ်။'အနတ္တဓမ္မ'တွေ့ယင်တရားစစ်တရားမှန်တွေ့ပြီ။ဟိုဘီရို ထဲက ပိဋကတ်တွေက စေတီခေါ်တယ် တရားနဲ့စေတီနဲ့ ကွဲပါ စေ၊ ကိုယ်တွေ့တဲ့ 'အနတ္တဓမ္မ'ကို တရားလို့ခေါ်....'

(သံဃာ)ဆိုတာက (အနတ္တဓမ္မ)ကို မတွေ့ တွေ့အောင် ရှာလို့ 'အနတ္တဓမ္မ' ပေါက်သွားတဲ့ ပုဂ္ဂိုလ်တွေရဲ့ ဦးဏှောက်က ထွက်ပေါ်လာတဲ့အသိဓမ္မ၊အဲ့ဒီအသိဓမ္မတွေကဘာလဲဆိုတော့ ပုံစံ စကားနဲ့ ပြောရယင် မဂ်က လေးဆင့်၊ ဖိုလ်က လေးဆင့်၊ပေါင်း အသိညာဏ်ရှစ်ဆင့်ကိုခေါ်တယ်၊ အခုယောဂီ တွေမြင် နေတဲ့ ကတုံးနဲ့အညို၊အဝါ၊ အရွှေ၊အဝတ်တရောင်တည်းကို ပတ်ထား တာက(ပုံစံသံဃာ)ပုံစံစကားအရ သမုတိသံဃာ သမုတိနဲ့ပရမတ် ကွဲအောင်မြင်အောင်ကြည့်'ရှစ်ပါးမြတ်သံဃာလို့ခေါ်....၊

အခုရှင်းပြခဲ့တဲ့အတိုင်း သုံးခေါက်လိုက်ဆိုကြ'ညာဏ်ကို ဘုရား တွေ့တရား....ရှစ်ပါးမြတ်သံဃာ'

ကိုင်း ဘုရား၊တရား၊သံဃာကိုအာရုံပြုတတ်ကြပြီ၊ အာရုံပြုပြီး ညီညီညာညာ မနှေးမမြန်ကန်တော့ကြ။ အဲဒီ'ဩကာသ'ကစပြီး ကန်တော့ပါ၏။ အထိက ရတနာသုံးပါးကို ကန်တော့တယ်လို့ ခေါ်တယ်၊ ကန်တော့တယ်ဆိုတာ အညံ့ခံတဲ့ 'ခမ္မ' တခုပဲ၊ အညံ့ခံမှုလဲ 'ဆုံးမတဲ့ပုဂ္ဂိုလ်က ရဲရဲတင်းတင်း ဆုံးမနိုင်တာ ဒီ ကန်တော့ရတဲ့အတွက် အညံ့ခံလိုက်တဲ့ အတွက်ကြောင့် အခု ကန်တော့တဲ့ ယောဂီတွေဟာ လိုရာဆုန္ဒပြည့်စေလို့ မှီခိုအား ထားခံရတဲ့သူက ပြောလိုက်တော့ ယောဂီတွေက ဒို့တောင်းတ နေတဲ့ဆုတွေတော့ ပြည့်ပြီလို့ ယုံကြည်သွားတယ်၊ဒီလိုယုံကြည် သွားတော့ စိတ်အားထက်သန်သွားတယ်၊ ကြိုးစားအားရှိသွား တယ်၊ ဒါဟာ (စိတ္တဗေဒ) (စိတ်ခမ္မ)တခုပဲ။

ဒီလိုယုံကြည်အားထားတဲ့ စိတ်၌ သီလတောင်းလိုက်ကြ။ အဲဒီ 'အဟံဘန္တေ'ကစပြီး'သီလံ ဒေထ မေဘန္တေ'အထိကတော့ အညံ့ခံပြီး တောင်းပန်တိုးလျှိုးပြီး ဆောက်တည်ထိန်းသိမ်းကြ ရမယ့် 'သီလခမ္မ'တွေကို ပြောပြပါလို့ဆိုလိုတယ်။

ဒီတော့ အားကိုး ယုံကြည် ခံရတဲ့ ပုဂ္ဂိုလ်က မင်းတို့ ငါပြောတာကိုလိုက်နာကျင့်သုံးမယ်ဆိုယင် ငါဆိုခိုင်းတာကိုဆို အုံးလို့ ခိုင်းတယ်။ဘာဆိုခိုင်းလဲဆိုတော့ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' သုံးခေါက်ဆိုခိုင်းတယ်၊ ဗမာပြန်က ဘုရားကို အားကိုးပါ၏။ နောက် 'ဓမ္မံ သရဏံ ဂစ္ဆာမိ'သုံးခေါက်ဆိုခိုင်းတယ်၊ ဗမာပြန်က တရားတော်ကိုအားကိုးပါ၏။ နောက် သံဃံ သရဏံ ဂစ္ဆာမိ'

သုံးခေါက်ဆိုခိုင်းတယ်၊ ဗမာပြန်က သံဃာကို အားကိုးပါ၏၊ ဘာပြုလို့ သုံးခေါက်စီဆိုခိုင်းလဲမေးယင် ယောဂီတွေက အရိုင်းတွေ စိတ်မငြိမ်သေးဘူး။ တကြိမ်နဲ့ သဘောကို မမိမှာ စိုးလို့

တကြိမ်မမိ တကြိမ်မိအောင်ဆိုခိုင်းတာဘဲ၊ဒါက သမာဓိ ဓမ္မကိုတင်ပေးတာ....'

'အဲဒီလိုဆိုခိုင်းတော့မှ ဘုရားသတိရမယ်၊ တရားသတိရမယ်၊ သံဃာသတိရမယ်၊ အဲဒီလိုသတိရတဲ့စိတ်နဲ့ ကိုယ်စောင့်ထိန်းရမယ့်တာဝန်တွေကို တဆက်တည်း ချပေးလေ့ရှိတယ်။

ကိုင်း....မိရိုးဖလာအတိုင်း ဗုဒ္ဓကိုရည်မှန်းပြီး နမောတဿ ဘဂဝတောအရဟတောသမ္မာသံဗုဒ္ဓဿလို့ သုံးခေါက်ဆိုလိုက်ကြ'

နောက်လိုက်ဆို၊ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ သံဃံသရဏံဂစ္ဆာမိ၊ဒုတိယံပိ၊တတိယံပိ သုံးခေါက်ဆို၊ ဒီလိုဆိုပြီးယင် ယောဂီတို့မှာ ဘုရားကပ်ပြီ တရားကပ်ပြီ သံဃာဓာပ်ပြီတဲ့ ဒါကြောင့်ယုံကြည်အားထားခံရတဲ့ ပုဂ္ဂိုလ်က ထပ်ဆင့်ပြီး အားပေးလိုက်ပြန်တယ်၊ ဟုတ်ပြီ သရဏဂုံနှင့် ပြည့်စုံပြီး သာသနာတွင်းရောက်ပြီလို့ဆိုလိုတယ်။

'ယောဂီဟောင်းတွေက ရှစ်ပါးသီလကို အစဉ်အတိုင်း ရကြပြီမို့ ပါဏာတိပါတာကစပြီး အစဉ်တိုင်း နှေးနှေးမှန်မှန် ပြတ်ပြတ်သားသားဆိုကြ....'

ယောဂီအားလုံး လေးလေးနှင့်မှန်မှန်၊ ညီညာ ဖြဖြ ဆိုလိုက်ကြသည်မှာ သာယာနာပျော်ဖွယ်ရှိလှပေသည်။

'ကိုင်းအခုဆိုလိုက်တဲ့အပိုဒ်ရှစ်ခုဟာ ယောဂီများ အခုအချိန်ကစပြီး စောင့်ရှောက်ထိန်းသိမ်းရမယ့် ဓမ္မတွေဘဲ၊နံပါတ်

(၁) ပါဏာတိပါတဆိုတာက သူတပါးအသက်ကို သတ်ခြင်းလို့ ဘာသာပြန်ကြတယ်၊ **အမှန်ကတော့** သေစေလိုတဲ့ မသေ သေအောင် သတ်မယ်ဆိုတဲ့ ပြင်းထန်တဲ့ စိတ်ဓမ္မဘဲ လူတပါး အသက်သတ်တဲ့နေရာမှာ မသတ်ခင်ကလဲ ရည်ရွယ်ချက်ရှိရမယ် သတ်ဆဲအခါမှာလဲ နိုင်နိုင်နင်းနင်းနဲ့ မသေ့သေအောင်သတ်ရမယ်၊ နောက်သေအောင်သတ်ပြီးတော့လဲ သေသွားတဲ့ သတ္တဝါပေါ်မှာ သနားညှာတာစိတ်ကင်းပြီး ဝမ်းမြောက် ဝမ်းသာတဲ့ စိတ်ဓမ္မဖြစ်ပေါ်နေရမယ်၊ ဒါဟာ သူတပါးအသက်ကို သတ်ရာရောက်တယ်၊ ဒီလိုအလုပ်မျိုး ဒီလိုစိတ်ဓမ္မမျိုးမဖြစ်ပေါ်အောင် ကြိုးစားရမယ်၊ နံပါတ်(၂) 'အဒိန္နဒါနာ' ဆိုတာက သူတပါး ဥစ္စာကိုခိုးယူခြင်းလို့ ဘာသာပြန်ကြတယ်၊ **အမှန်ကတော့**သူတပါးပိုင် သက်ရှိသက်မဲ့ ဝတ္ထုပစ္စည်းကို ကြည်ကြည်ဖြူဖြူ မပေးဘဲနဲ့ မရရအောင်ယူမယ်ဆိုတဲ့ စိတ်ဓမ္မဖြစ်ပေါ်မှုကိုခေါ်တယ်။ နံပါတ်(၁)မှာ ရှင်းပြသလိုဘဲ၊ မယူခင် ယူဆဲ၊ ယူပြီးတဲ့ အချိန်များမှာဖြစ်ပေါ်နေတဲ့စိတ်ဓမ္မအစဉ်ကြီး မဖြစ်ပေါ်အောင်ကြိုးစားရမယ်....'

နံပါတ်(၃)'အဗြဟ္မစရိယာ' ဆိုဘာကမမြတ်သောမေထုံအမှုကို ပြုခြင်းလို့ ဘာသာပြန်ကြတယ်၊ **အမှန်ကတော့** ဘာအကျင့်ဘဲဖြစ်ဖြစ် သူတပါးမြင်လို့မကောင်း၊ အများရဲ့စိတ်ဓမ္မကို တနည်းနည်းနဲ့ထိခိုက်သွားအောင်၊ မြင်မကောင်းအောင် ကြားမကောင်းအောင် စိတ်ဓမ္မကိုထိခိုက်သွားအောင် ဗုဒ္ဓနဲ့ နောက်လိုက်များမှ ကျင့်တဲ့အကျင့်ကို ကျင့်ချင်တဲ့စိတ်ဓမ္မ မဖြစ်ပေါ်အောင် ကြိုးစားရမယ်။ဒီနံပါတ်(၃)အကျင့်ဟာလေးနက်တယ်။

နံပါတ်(၄)(မုသာဝါဒါ)ဆိုတာကတော့လိမ်လည်ပြော ဆိုခြင်းလို့ **ဘာသာပြန်ကြတယ်၊ အမှန်ကတော့ သူတပါး**နစ်နာ သွားအောင် သူတပါးရဲ့ သက်ရှိသက်မဲ့ ပစ္စည်း ဝတ္ထု ပျက်စီး ဆုံးရှုံးသွားအောင် ထိခိုက်သွားအောင်ဆိုတဲ့ 'စိတ်ဓမ္မ'ကိုခေါ် တယ်၊ ဒီနေရာမှာလဲ နံပါတ်(၁)(၂)လို့ပဲ မလိမ်မီ၊ လိမ်ဆဲ၊ လိမ်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ပေါ်နေတဲ့ 'စိတ်ဓမ္မ' မျိုး မဖြစ်ပေါ်အောင် ကြိုးစားရမယ်။

နံပါတ်(၅) 'သုရာမေရယ'ဆိုတာက မူးယစ် စေတတ် သော ဘိန်းဘင်းကဇော် လျှော်စာ အရက်တို့ကို မှီဝဲခြင်းလို့ ဘာသာပြန်ကြတယ်။ **အမှန်ကတော့** အရှက်အကြောက် ကင်း အောင် ၊ ကောင်းတာဆိုးတာခွဲမရအောင်၊ ဦးနှောက်ကို ထိ ခိုက်အောင် ဖြစ်စေတတ်တဲ့အခုအခါဆိုယင် ခေတ်စားနေတဲ့ ထိုးဆေး၊စားဆေးတို့ပေါ့၊ ဒါတွေက အင်္ဂလိပ် အမည်တွေ ဆို တော့ အဲဒီ နံပါတ်(၅)ထဲမှာ မပါဘူးမထင်နဲ့။ယောဂီတွေထဲက သိတဲ့လူတွေလဲ သိကြမယ်၊ မသိတဲ့သူတွေလဲ ရှိမယ်။ သိအောင် အင်္ဂလိပ် အမည်တွေ ထည့်ပြောပေးမယ်၊ သူတို့အခေါ်ကတော့ မော်ဖင်း( Morphine )ပက်သီဒင်း( Pethidine )ကိုဒင်း (Codine) မီသာဒုံ(Methadone)ဟီးရိုးအင်း(Heroin) (No-4 )တို့ဘဲ၊ ဒါတွေကို ခံစားချင်တဲ့ 'စိတ်ဓမ္မ' မဖြစ်ပေါ် အောင် ကြိုးစားရမယ်။

နံပါတ်(၆) (ဝိကာလဘောဇနာ) ကတော့ နေ့လွဲ ည စာ၊ စားခြင်းမှ ရှောင်ရမယ်လို့ ဘာသာပြန်ကြတယ်၊ အမှန် ကတော့ စည်းမဲ့ကမ်းမဲ့ စားသောက်ချင်တဲ့ စိတ်ဓမ္မ'ကိုဆိုလို

တာပါ၊ အများအားဖြင့် သတ္တဝါတွေဟာ ဆာလောင်တယ်၊ မွတ်သိပ်တယ်ရယ်လို့ မဟုတ်ဖူး၊ တွေ့ယင်စားချင်တယ်၊ ပျင်းယင်စားချင်တယ်၊ အပေါင်းအသင်းနဲ့ ဆိုယင် စည်းကမ်းမရှိ စားချင်တယ်၊ အဲဒီလိုစည်းမဲ့ကမ်းမဲ့ စားသောက်ချင်တဲ့စိတ်မျိုး မပေါ်လာအောင် ကြိုးစားရမယ်။

နံပါတ်(၇)(နစ္စဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာ ဂန္ဓ၊ ဝိလေပန၊ ဓါရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ) ဆိုတာကတော့ ဒူရိယာတီးခြင်း မှုတ်ခြင်း၊ ကခြင်း၊ သီဆိုခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ မိမိကိုယ်ကို အပြေအပြစ် ပြုပြင်ခြင်းလို့ ဘာသာပြန်ကြတယ်၊ အမှန်ကတော့ သူတပါးရဲ့ 'စိတ်ဓမ္မ'ကို ဖေါက်လွဲဖေါက်ပြန်ဖြစ်စေ 'ရာဂ' စိတ်ထအောင် လှုံ့ဆော်သော အနေဖြင့် တကာတို့ ဆိုတာတို့ တီးမှုတ်တာတို့ ပန်းပန်တာ အမွှေးအကြိုင်၊နံ့သာသနပ်ခါးစသည်တို့နဲ့ မလှလှအောင် ပြုပြင်ချင်တဲ့ 'စိတ်ဓမ္မ'ကို မဖြစ်ပေါ်အောင် ကြိုးစားရမယ်၊ အခုခေတ် ( Make-up )မိတ်ကပ်လဲ ပါတယ်နော်။ ဒါက သာဆိုးသေးတယ်၊ ဆံပင်တုတို့ မျက်တောင်တု၊ တင်တု၊ ရင်တု စတဲ့ ခေတ်သုံး အစအနတွေလဲပါတယ်နော် သတိထား။

နံပါတ် (၈) (ဥစ္စာသယန မဟာသယနာ) ကတော့ မြင့်သောနေရာမြတ်သောနေရာလို့ ဘာသာပြန်ကြတယ်၊ အမှန်ကတော့ ဒီနေရာ ထိုင်မိ အိပ်မိလို့ ဘဝင်မြင့်တဲ့စိတ်၊ စိတ်ကြီးဝင်တဲ့စိတ်၊ နှစ်ကိုယ်တဲ့ အိပ်ချင်တဲ့စိတ်၊ ထိုင်ချင်တဲ့ စိတ်ဓမ္မ အစဉ်ကိုခေါ်တာဘဲ၊ ဒီလို'စိတ်ဓမ္မ'အစဉ်မျိုးမဖြစ်အောင် ကြိုးစားရမယ်လို့မှတ်ကြ။

'ဒါကိုဘဲ 'ရှစ်ပါးသီလ' လို့ပုံစံစကား အနေနဲ့ ခေါ်ကြတယ်၊ အချုပ်ကတော့ စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ 'အရပေါ့၊'စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ' ဆိုတာက'စိတ်ဓမ္မ'ဘဲ အရေးကြီးတယ်၊ အချုပ်အချာဖြစ်တယ်လို့ ပြောတာ၊ ဒီတော့ မိမိတို့'စိတ်ဓမ္မ'ကို နိုင်အောင် ထိန်းသွားနိုင်ရင် ကျန်းမာရေး။ ပေါင်းသင်းဆက်ဆံရေး၊အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ စီးပွားရေး၊ ကြီးပွားရေးတို့ပါပြည့်စုံနိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ထားပြီး ဆထက်တပိုးကြိုးစားအားထုတ် ကျင့်ကြံကြ'ဟု သီလခံယူပွဲနိဂုံးကို မထေရ်ကချုပ်၍ တရားချလိုက်၏။

ကျွန်ုပ်နှင့်တကွ ယောဂီတို့သည် မထေရ်၏ ရှင်းလင်းပြတ်သားသော သီလပေးတရားတော်ကို နာကြားကြရသဖြင့် ဝမ်းမြောက်ဝမ်းသာ အိုင်တိုက်အားတိုက် ဆက်လက်၍ တရားအားထုတ်ကြကုန်၏။

## 'အာ ဠ ာ ဝ က'

ညတရားပွဲသို့ လာရောက်ကြသူများအား ညနေငါးနာရီလောက်ကပင် တဖွဲဖွဲ ရောက်ရှိလာကြ၏။ ညတရားပွဲ တက်ရောက်ကြသူများအနက် နံနက်ပိုင်းက လျှောက်ထား သွားကြသော မိသားစုတို့သည် မထေရ်၏ ကျောင်းကလေး အတွင်းသို့ ရောက်နှင့်လေကြလေပြီး၊ မထေရ်သည် အသောက်သမားလူကြမ်းလူခက်ထန်ကြီး၏ ရုပ်သွင်ကို ခြေဆုံးခေါင်းဆုံး ခေါက်တုံ့ခေါက်ပြန် ကြည့်ပြီးနောက်၊ စက္ခု အိန္ဒြေချလျှက် နေမြဲ

အတိုင်းနေ၏၊ 'အာဠာဝက'ကြီးကား မထေရ်ရှေ့မှောက်တွင် တင်ပလ္လင်ခွေထိုင်၏။ မထေရ်က 'ဒကာကြီးကြိုက်သလိုသာထိုင် ဦးဥင်းခွင့်ပြုပါတယ်'ဟု စကားစလိုက်၏။

'အာဠာဝက'ကြီးမှာ အရက်'တေဇော'ဓာတ်များတက် ကြွနေသဖြင့် ထရှုံးရှုံးတရှဲရှဲ အသံထွက်နေ၏။

အတန်ငယ်ကြာသော်၊အဖွားကြီးက သားကြီး'အာဠာဝ က'ဘက်သို့ လှည့်၍ 'သားကြီးဆရာတော်ကို လျှောက်ထားချင် တယ်ဆိုလျှောက်ပါ'ဟု ချော့မော့ကာ ပြောလိုက်၏။

'အာဠာဝက'ကြီးကလက်ကြားတွင်ညှပ်ထားသော စီးက ရက်ကို အားရပါးရ ဖွာလိုက်ပြီးလျှင် ဒီလိုပါ လူတော်ရော တိရစ္ဆာန်တွေပါ၊ကိုယ့်ကိစ္စနဲ့ကိုယ်အဆင်းရဲခံပြီး ရုန်းကန်နေရ ပါတယ်။ဒီလိုရုန်းကန်နေတဲ့နေရာမှာ ကိုယ့်ဦးတည်ချက်ယုံကြည် ချက်၊ ခံယူချက်ရယ်လို့ အချက်ကြီးသုံးချက်ပါပါတယ်၊ ဥပမာ အဲဒီလို သုံးချက်ဟာ ကိုယ့်အနေနဲ့ ကိုယ့်ယုံကြည် ကြတယ်၊ ခံယူကြတယ်၊ ကျင့်သုံး ကြပါတယ်။ အလှူ ဆင်းရဲတဲ့ မဆိုးမ တယောက်ဟာ လင်သေပြီးတဲ့နောက် သားသမီးတပြုံကြီးကျန် ရစ်ခဲ့တယ် ဆိုပါတော့ သူ့မှာရင်းနှီးငွေလည်းမရှိဘူး၊ အားကိုး အားထားလဲမရှိဘူးဆိုတော့ သူ့ဘဝလမ်းခရီးမှာ ဘာလုပ်ရမလဲ ဆိုယင် သားငယ်သမီးငယ်ကလေးတွေနဲ့သူ့အဖို့ပါစားရေးနေရေး အတွက် ရုန်းကန်ရတော့မှာ အမှန်ပါဘဲ၊ အဲဒီလို ရုန်းကန်တဲ့ နေရာမှာ အသက်ထက် ဘယ်သူ့ကိုမှမချစ်နိုင်ဘူးဆိုတဲ့ သဘာဝ အလျှောက် ခိုးယင်လဲကျွေးမယ်၊ လိမ်ကောက်ပြီးယင်လဲ ကျွေး မယ် စားမယ်ပေါ့၊ ဘာကြောင့်လဲဆိုတော့သူ့မှာသူ့များနည်း

တူ အားကိုးစရာမှမရှိဘဲ၊ ဒီလိုမရှိလို့လုပ်ရတဲ့ ရှန်းကန်မှုဟာ သူ့အနေနဲ့ကတော့ မှန်တယ်လို့ဆိုရမယ်၊ ဒီလိုမှမရှန်းကန်ယင် အားလုံး အသက်ဆုံးရှုံးကုန်မှာမို့ သူ့အသက်ကိုစပြီး သားငယ် သမီးကလေးတွေရဲ့ အသက်ကိုပါ မဆုံးရှုံးအောင် ရှန်းကန် ခြင်းမို့ သူ၏ခံယူချက်၊ ဦးတည်ချက်ဟာ မှန်တယ်လို့ယူဆချင် ပါတယ်၊ ဒီအယူအဆ၏ အမှားအမှန်ကို ဝေဖန်ပေးစေလိုပါ တယ်။

မထေရ်က 'ကောင်းတယ်ဒကာကြီး၊ ဒီလိုပြဿနာမျိုး ကို တင်တတ်မှ ဖြေရတဲ့ပုဂ္ဂိုလ်မှာလည်းညာဏ် ပွင့်တယ်။ ဒကာကြီး တင်လိုက်တဲ့ပြဿနာဟာ အတော်သဘောကျဘို့ ကောင်းတယ်၊ သဘောတူတာ မတူတာ၊ လက်မခံတာ ခံတာထား ပြဿနာဆို တာ ဆွေးနွေးရမယ်၊ ဒကာကြီးလဲ ခေတ်ပညာတတ်ဘဲ ကြား ဘူးမှာပေါ့(Ibazez)အီဘာဇက်ရဲ့စကားတခု( To discuss even to disagree is to cooperate )ဟု မထေရ်က 'အာဠဝက'ကြီးအား တချက် မြင့်တင်ပေးလိုက်ပြီးမှ ဆက် လက်၍....

'ဒကာကြီးတင်လိုက်တဲ့ ဥပမာနဲ့ပတ်သက်လို့ဒကာကြီး အယူအဆဟာ မမှားဘူး၊ သို့ရာတွင် မမှန်ဘူးလို့ ဆိုရမယ်....'

အာဠဝကကြီးက ကြားဖြတ်၍ 'အရှင်ဘုရား စကားက ဘာစကားလဲ မမှားယင် မှန်ရမှာပေါ့....'

'အေး၊ ရှင်းပြမယ်၊မမှားဘူးဆိုတာက တကိစ္စ၊ မမှန်ဘူး ဆိုတာက အခြားတကိစ္စ၊ ဒီဥပမာမှာ ကိစ္စက နှစ်ပိုင်း ကွဲနေ တယ်၊ ပထမပိုင်းက မုဆိုးမဖြစ်တဲ့ သူ့ရဲ့ဖက်ကကြည့်ယင် ဒကာ

ကြီးပြောသလို အပြစ်မရှိဘူး၊ ဒီအပိုင်းမှာမှန်တယ်၊ ဘာပြုလို့ မှန်တယ်လို့ ပြောရသလဲဆိုတော့ အမိတို့ရဲ့သားသမီးများအပေါ်မှာ ထားရှိတဲ့မေတ္တာ ကရုဏာဟာ အတော်ကြီးမားလို့ မရှက်မကြောက်ရှာကြံ ရုန်းကန်ပြီး ကျွေးမွေးခြင်း ဖြစ်တာက တကြောင်း၊ ဒီအကြောင်းတွေကို ထောက်ခြင်းအားဖြင့်ဒကာကြီးတင်ပြပုံဟာ အတော် သဘာဝလဲ ကျတယ်၊ မှန်လဲမှန်တယ်၊ ဦးပဥ္စင်းလက်လဲခံတယ်’ဟု အမိန့်ရှိရာ (အာဠာဝကကြီးသည် စီးကရက်ဗူးထဲမှစီးကရက်တလိပ်ကို ထုတ်ယူရင်း၊အဖိုးကြီးအဖွားကြီးနှင့် သူ၏ဇနီးတို့ဖက်သို့ နှစ်သက်သောမျက်နှာပေးနှင့်ကြည့်တာ ဆေးလိပ်ကို မီးညှိ၍အားရပါးရ ဖွာရှိုက်လျှက် မထေရ်၏စကားဆက်ကို နားစွင့်လျက်ရှိ၏)။

‘အခုပြောလိုက်တဲ့ အပိုင်းက ဒကာကြီးရဲ့ အယူအဆကို လက်ခံလိုက်တဲ့အပိုင်း....’

နောက် တကာကြီးရဲ့ အယူအဆကို သဘောမတူတဲ့အပိုင်းကတော့ ဒီမုဆိုးမအမိ ဖြစ်သူဟာ သူ့ရဲ့သား သမီးကလေးတွေအတွက် စားရနေရရင်ပြီးရော အခြားပုဂ္ဂိုလ်များအတွက် ဘာမှမစဉ်းစား မစာနာတဲ့ (selfish)အတ္တဆန်တဲ့အပိုင်းဘဲ၊ဒီနေရာဒကာကြီးကိုဘဲမေးရမယ်၊အကယ်၍ တကာကြီးရဲ့ပစ္စည်းတခုဟာတဦးတယောက်က ယူသွားပြီ ဆိုပါတော့ ဒကာကြီး ဒီပစ္စည်းပျောက်မှန်း သိတဲ့အချိန်မှာ ဒကာကြီးဘာလုပ်မလဲ’

‘ပျောက်သွားတဲ့ ပစ္စည်းကို ပြန်ရှာမှာပေါ့’

‘ဟုတ်ပြီ၊ဘာပြုလို့ ရှာတာလဲ’

‘ပြန်ရလိုရငြား ရှာရတာပေါ့’

'အကယ်၍ပြန်မရယင် ဒကာကြီးစိတ်မှာဘယ်လိုနေမလဲ'

'ပျောက်ချင်လို့ ပျောက်တာ ပျောက်ပါစေ ဒါပေသည့် စိတ်ထဲကတော့ ကိုယ့်ပစ္စည်းမို့ နှမြောတွန့်တိုတာပေါ့'

'ဟုတ်ပြီနှမြောရုံဘဲနေမလား ဒါမှမဟုတ် စိတ်ဆိုးနေ့တဲ့ သဘောကော မပေါ်ပေဘူးလား'

'အာဋ္ဌာဝက'ကြီးသည် ခေတ္တမျှစဉ်းစားပြီး

'အဖိုးတန်တဲ့ ပစ္စည်းလဲဖြစ်မယ် များပါးတဲ့ပစ္စည်းလဲဖြစ်ဆိုရင် အများကြီး စိတ်ဆိုးမှာပေါ့' စသည်ဖြင့် မလေးမခန့်ဆက်ဆံပြောဆိုနေလေ၏။

'အေး....ဟုတ်ပြီ အကယ်၍များ ဒီယူတဲ့လူကို တွေ့ရင်ဘယ်လိုလုပ်မလဲ....စဉ်းစဉ်းစားစားဖြေနော် အရေးကြီးလာပြီ'

'တကယ်သာယူတဲ့ လူကို တွေ့ယင်ဆွဲထိုးပြီး ရဲအပ်လိုက်မှာပေါ့ဘုရား'

အာဋ္ဌာဝကကြီး သည် မထေရ် နှင့် စ ကား ပြော ရာ၌(ဘုရား)ဟူသော စကားကို ထည့်သုံးလာသဖြင့် မိသားစုတို့ကသူ့ကိုငဲ့ကြည့်ကြ၏။ မထေရ်ကား သီးခံမြဲသီးခံလျက်ပင်။

'အေး....ဟုတ်ပြီ....အဲဒါ ပစ္စည်းပိုင်ရှင်ဘက်က ကြည့်ရင်ဒီမှဆိုးမဟာ သားရေးသမီးရေး ပြဿနာကိုဖြေရှင်းတဲ့နေရာမှာကောင်းတဲ့နည်းလမ်း မဟုတ်လို့ ပစ္စည်းပိုင်ရှင်အနေနဲ့ ခွင့်မလွှတ်နိုင်ဘူး၊ သဘာဝဓမ္မအနေနဲ့လည်း လောကကြောင်းမှာလက်ငင်း(ဒိဋ္ဌ)ဆင်းရဲဒုက္ခရောက်ရမယ်၊မိမိကို အကြောင်းပြုပြီးအများ ဒုက္ခဆင်းရဲ ရောက်တယ်၊ နောက်မမြင်အပ်တဲ့(သံသရာခမ္မ) ကိုတော့ ပြောစရာ မလိုတော့ဘူး၊ ဒါကြောင့် ဒကာကြီး

အယူ အဆဟာ မမှားပါဘူး၊ သို့ရာတွင် မမှန်ဘူးလို့ ဖြေတာပါ။ ဒကာကြီးဟာ ခေတ်ပညာတတ် တယောက်ဘဲ (ဗုဒ္ဓဝါဒ)'ဓမ္မ' သဘောကို အသာထား အနောက်နိုင်ငံစာပေ တွေမှာ (To defend culture is to defend peace )နောက်တခုကဒကာကြီးအတွက်(Concepts without factual contents are empty, sense data without concept are blind)လို့ ဆိုတယ်၊ ဒါကြောင့် အယူအဆဆို တာကိုယ်ကြိုက်သလို'အတ္တ' သန့်ပြီးယူယင်လွဲတတ်တယ်'

'အာဋ္ဌာဝက ကြီးသည် မထေရ်၏ ရှင်းလင်းချက်ကို နှစ်သက်သောအမူအရာကိုပြ၍'ဒီနေ့ညတရားပွဲရှိရင် တရားတော် နာချင်တယ်ဘုရား၊တရားတော်အားမထုတ်ပါရစေနဲ့ဟုလျှောက် ထားရာ မထေရ်ကခွင့်ပြုလိုက်၏။

မိသားစုတို့လည်း တိုင်းထက်အလွန် ဝမ်းမြောက်ဝမ်း သာ ဖြစ်ကြ၍ တဦးကိုတဦးပြုံး၍ ကြည့်ပြီးလျှင် တရားနာရန်၊ ဓမ္မဗိမာန်အတွင်းသို့ 'အာဋ္ဌာဝက'ကြီးကို ခေါ်ဆောင်သွား ကြလေ၏။

## "တရား ပွဲ"

ည(၇)နာရီမောင်း ထိုးချေပြီ၊ ယောဂီတို့သည် ဓမ္မဗိ မာန်အတွင်းသို့ တဖွဲဖွဲ ဝင်လာကြသည်။ အာဋ္ဌာဝကကြီးတို့ မိသားစုတို့သည် ရှေ့တန်းနေရာများကို အသီးသီး ယူထားကြ လေပြီ၊ မျှားမကြာမီ ယောဂီမောင်းထိုးလိုက်သဖြင့် 'ဓမ္မဗိမာန်'

ကြီးအတွင်း၌ ယောဂီများပြည့်လျှ ၍ သွားတော့သည်၊ ဆရာတော်ကိုပင့်သော မောင်းတချက်လည်း ပေါ်ထွက်၍ လာလျှင်ပင်၊ မထေရ်သည် တရားပလ္လင်ပေါ်သို့ တက်ခဲ့သည်။

မထေရ်သည် ထုံးစံအတိုင်း ပရိသတ်ကိုတချက်မျှကြည့်လိုက်ပြီးလျှင် စက္ခုန္ဒြေချလိုက်ပြီးလျှင် တရားစသည်မှာ'ဒီနေ့ညတော့ လူသစ်လူဟောင်းတို့နဲ့သက်ဆိုင်တဲ့ တရားကိုဟောရမယ်၊ ငါတို့ တရားနာတော့မယ်ဆိုတဲ့စိတ်ကို မွေးလိုက်ကြ'ဟု အမိန့်ပေးပြီးလျှင်

'တရားကတော့ သမ္မာဒိဋ္ဌိတဲ့၊ ဘာတရားလဲ....'

'သမ္မာဒိဋ္ဌိပါဘုရား....'ဟု သံပြိုင်ဟစ်ကြသည်။

'**သမ္မာဒိဋ္ဌိဆိုတာကကုလားစကား**၊ ဒီစကားကို ဗမာတွေက အမြင်မှန်လို့ဘာသာပြန်ကြတယ်၊ အမှန်ကတော့အမှားအမှန်ကို ခွဲခြားဝေဖန်နိုင်တဲ့ 'ဓမ္မ'တခုဘဲ၊ အမှားနဲ့တမှန်ခွဲခြားတဲ့နေရာမှာ (သမ္မာဒိဋ္ဌိ)ညာဏ် မရဘဲနဲ့ မခွဲခြားနိုင်ဘူး၊ တချို့ကိစ္စတွေမှာ မှန်သလိုလိုနဲ့ အမှားနဲ့ဘဲ ရင်ဆိုင်ရတယ်၊ တချို့နေရာမှာ မှားမလိုလိုနဲ့ အမှန်နဲ့ ရင်ဆိုင်ရတယ်၊ 'သမ္မာဒိဋ္ဌိ'မှာ နှစ်မျိုး နှစ်စား ရှိတယ် (လောကီသမ္မာဒိဋ္ဌိ) (လောကုတ္တရာသမ္မာဒိဋ္ဌိ)လို့ ရှိတယ်၊ လောကီဟုတ်မှ လောကုတ္တရာ 'ဆိုသလို' 'လောကီသမ္မာဒိဋ္ဌိ'ကို ပထမကိုယ်ပိုင်ညာဏ်နဲ့၊ကိုယ်ပိုင်ဦးနှောက်နဲ့ သိအောင်လုပ်ရမယ် 'လောကီသမ္မာဒိဋ္ဌိ' ဆိုတာ လောကဆိုင်ရာ ရပ်ရေး ရွာရေး စီးပွားရေး၊ သားရေး မယားရေး၊နိုင်ငံရေးတို့မှာ အမှားကို အမှားအတိုင်း မြင်စွမ်းနိုင်ရမယ်၊ အမှန်ကို အမှန်အတိုင်း မြင်စွမ်းနိုင်ရမယ်၊ ဒါကိုဘဲ 'လောကီသမ္မာ

ဒိဋ္ဌိ’’လို့ ခေါ်တယ်။ ဥပမာတင်ပြရယင် ဆေးလိပ်ကိုကြိုက်လို့ သောက်တယ် ဆိုပါတော့ လောကီသမ္မာဒိဋ္ဌိ ဦးကျောက် ရှိတဲ့ သူက ဆေးလိပ်ဖွာနေရင်ပဲ ဆေးလိပ် သောက်ခြင်းရဲ့ အကျိုး အပြစ်တွေကိုဝေဖန်လာတယ်။ ဆေးလိပ်သောက်ခြင်းမှ ထွက် လာတဲ့အမြတ်က ဘယ်လောက်၊ အရှုံးကဘယ်လောက်ဆိုတာ ရှင်းတမ်းထုတ်လာတယ်၊ ရှင်းတမ်းထုတ်လိုက်လို့ အရှုံးကများ နေတယ်ဆိုယင် ဒီအလုပ်ဟာ မလုပ်ထိုက်တဲ့ အလုပ်ပဲလို့ သိလာ တယ်။ ဒီလိုပဲ တဖြည်းဖြည်းစိစစ်ပြီးပယ်ပယ်လာတော့မကောင်း တဲ့ မမှန်တဲ့ အယူအဆတွေ၊ အလေ့အကျင့်တွေ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာကစပြီး မှန်ကန်တဲ့ လမ်းကြောင်း ပေါ်ရောက်လာတယ် အဲဒီလိုနဲ့ လောကဖက်ဆိုင်ရာပယ်အပ်တဲ့ ‘ဓမ္မ’တွေကိုပယ်ပြီး ကျင့်ကြံအပ်တဲ့ ‘ဓမ္မ’တွေကို ကြိုးစား အား ထုတ်လာတော့ ‘လောကုတ္တရာ သမ္မာဒိဋ္ဌိ’လို့ ခေါ်တဲ့ အမှန် ရှိတဲ့ ‘ဓမ္မ’တွေကို အမှန်အတိုင်းမြင်လာတယ်။ ဘာတွေအမှန် ရှိသလဲ၊ တကယ်ရှိတဲ့ ‘ဓမ္မ’တွေဟာ ဘာတွေလဲ လို့၊ စူးစမ်း ရင်းက မြင်လာတဲ့တရားတွေက ‘ဓမ္မ’ အစစ်တွေ၊ ဘာတွေလဲ ဆိုယင် ဓာတ်တွေ၊ ပရမတ်တွေ၊ ဒါတွေက ပုံစံ စကားအရ ပြောရယင် ဗမာနားလည်အောင် ပြောရယင် ပူတဲ့ သဘော၊ အေးတဲ့သဘော, တွန်းကန်တဲ့သဘော, ပေါင်းစပ် ဖွဲ့စည်းတဲ့ သဘော, မာတဲ့သဘော၊ ဒီသဘော လေးမျိုးကလွဲပြီး ဒီကမ္ဘာ လောကကြီးဟာ တည်မြဲနေတာမဟုတ်ဘူး၊ ဒီသဘောဓမ္မ လေး မျိုးဘဲဖြစ်နေတယ်။ ဒီ‘ဓမ္မ’ လေးမျိုးပဲ ပျက်နေတယ်။ သူတို့ပဲ ဖြစ်အောင် လုပ်တယ်၊ ပျက်အောင်ဖျက်တယ်၊ ကိုယ့်ကိုယ်ကိုယ်

ဖျက် သံချေးတက်ဆိုတာလို ဒီ'ဓမ္မ'လေးမျိုးကပဲ ဒီလက်ရှိသက်မဲ့လောကကြီးကို တည်ဆောက်တယ်။ ဒီဓမ္မလေးမျိုးကပဲ မပျက်ပျက်အောင် ဖျက်နေတယ်။ ရေကြီးတယ်၊ ရေခဲတယ်၊ လေထန်တယ်၊မိုးခေါင်တယ်၊ မိုးများတယ်၊ နေပူတယ်၊ နေအေးတယ်ဆိုတာတွေဟာ ဘယ်သူ့လက်ချက်မှမဟုတ်ဘူး၊ အဲဒီ'ဓမ္မ'ထေးခုကြောင့်ပဲ။ ဒီရေ၊ ဒီလေ၊ဒီမိုး၊ဒီနေတွေဟာလဲ ဒီ'ဓမ္မ' လေးခုနဲ့တည်ဆောက်ပေါင်းစပ်ထားတာပဲ။

ဒီအတိုင်းဘဲ ငါ၏ ခန္ဓာကိုယ်လို့ခေါ်တဲ့ ရုပ်လောက၊ နာမ်လောကဟာလဲ အပြင် လောကဓာတ်ကြီးလိုဘဲ၊ ဒီ'ဓမ္မ' လေးခုခြယ်လှယ်နေပါကလား၊ ငါ၏ ရုပ်လောက နာမ်လောကမှာလဲ ရေကြီးခြင်း၊ လေထန်ခြင်း၊ မိုးသည်းများခြင်း၊ မိုးသည်းနည်းခြင်း၊ အပူရှိန်ပြင်းခြင်း ပျော့ခြင်းတို့ဖြင့် အမြဲမပြတ်၊ ဖောက်ပြန်ဖြစ်ပျက်နေပါကလားလို့ သိလာယင် 'လောကုတ္တရာ သမ္မာဒိဋ္ဌိဓမ္မ'ဦးကျောက်ရပြီလို့မှတ်ကြ၊ ဒါကြောင့် အဲဒီလို 'လောကီ' ဖက်ဆိုင်ရာမှာ 'သမ္မာဒိဋ္ဌိ' ဦးကျောက်မျိုးရအောင် ကြိုးစားပြီး နောက်ပိုင်း'လောကုတ္တရာသမ္မာဒိဋ္ဌိ' ဦးကျောက် အဆင့်သို့ တက်လှမ်းနိုင်အောင် ဆထက်တံပိုး ဆက်လက်ကြိုးစားကြ'ဟု၊မထေရ်သည် တိုက်တွန်းစကားဖြင့် နိဂုံးချုပ်လိုက်ရာ၊ ယောဂီတို့၏ (ကောင်းလေစွ၊ ကောင်းလေစွ) ဟူသော 'သာဓု' သံကြီးမှာပဲ့တင် ထပ်မျှပါပေ။

ကျွန်ုပ်သည် နေ့ညဥ့်တိုကာလပတ်လုံး မထေရ်၏ အနေအထိုင်၌ အပြောအဆို အမူအရာတို့ကို တိုက်ရိုက် သော်လည်း

ကောင်း၊တစ်တစောင်း ချောင်းမြောင်း၍ သော်လည်းကောင်း လေ့လာခဲ့သည်မှာ ကြာမြင့်လေပြီ။

မထေရ်သည် ညဉ့်အခါ၌ (၁၀) နာရီတွင် ကျောချမြဲဖြစ်သည်။ကျောမချမီ'အာနာပါန' ရှုရှိုက်ခြင်းကို လေ့ကျင့်သည်။မထေရ်၏ရှုရှိုက်သံသည် ပန်းဘဲဖိုမှ ဖားဖိုကြီး အသံနှင့်တူ၏၊ ဝါးတပြန်နှစ်ပြန်ကပင် ကြားလောက်သည်၊ နံနက် (၃) နာရီတွင် ကျောင်းကလေးအတွင်း၌ မီးရောင်ကိုမြင်ရမြဲဖြစ်သည်။ယင်းအချိန်တွင် မထေရ်ထ၍ ရှုရှိုက်မြဲဖြစ်သည်။ ရဟန်းကြီးများလည်း ထို့နည်းတူစွာ ကျင့်ရန် အချိန်ပေးထားသည်။ တာဝန်ကျသော ရဟန်းသည် နံနက်(၃)နာရီ မိနစ် (၃၀)တွင် ရဟန်းကြီးများအတွက် တရားမောင်း ထိုးရမြဲဖြစ်သည်။

နံနက်(၆)နာရီသို့ရောက်လျှင် မထေရ်သည် ရဟန်းကြီးများအား သူ၏ကျောင်းကလေးသို့ စုဝေးရန် အမြဲတီး(၃)ချက်ခေါက်လေ့ရှိသည်။ ရဟန်းကြီးများစုဝေးမိလျှင် အမြင်မတော် အကြားမတော် လုပ်မှားကိုင်မှားတို့ကို ဖော်ပြ၍ ဆုံးမဩဝါဒ ပေးလေ့ရှိသည်။ အပြစ်ရှိသောရဟန်းသည် မိမိ၏အပြစ်ကို ဖုံးကွယ်မထားရ၊ရဟန်းတို့အလယ်တွင် မိမိအပြစ်ကို အပြစ်ဟုသိ၍ ဝန်ခံထင်ရှားစေသည်။

## "ဆေး လိပ် ပြဿနာ"

ယနေ့ကား အပြစ်နှင့်တကွသော ရဟန်းကြီး တပါး၏ ပြဿနာတင်ရန်နေ့ဖြစ်သည်။ ရဟန်းကြီးများသည် မထေရ်၏ ပင့်တုံး (၃) ချက်သံကို ကြားကြသဖြင့် မထေရ်၏ ကျောင်း ကလေးအတွင်းသို့ အစဉ်အတိုင်း ဝင်လာကြ၍ အစဉ်အတိုင်း နေရာယူကြသည်။မထေရ်သည် စကျွန်ခြွေချကာ 'ကျန်းမာ ချမ်း သာကြသလား' ဟူသောအမေးကိုမေး၏။မထေရ်က 'အရှင်ဘုရား တို့အထဲမှာ ဆေးလိပ်ကို ဆက်သောက်နေသူများရှိသေးသလား' ဟု မေးရာ....

ရဟန်းကြီးများသည် တဦးကိုတဦးကြည့်၍ ဆိတ်ဆိတ် နေကြ၏။

မထေရ်က 'ရဟန်းဆိုတာ ကိုယ်လုပ်ထာကိုယ်သိပြီး လုပ် ရတယ်၊ လုပ်ယင်လုပ်တယ် မလုပ်ယင်မလုပ်ဘူးလို့ သံဃာ့ အလယ်မှာ ဖြေရဲရမယ်၊ နံနက်(၃)နာရီလောက်မှာ အရှင်ဘုရား တို့နေတဲ့ မြောက်ဖက်က လေနဲ့အတူပါလာတဲ့ ဆေးလိပ်ငွေ့ဟာ ဒီကျောင်းကလေးထဲဝင်လာတယ်၊ ဆေးပေါ့လိပ် မဟုတ်ဘူး၊ ဆေးပြင်းလိပ်အငွေ့၊ ဖွါမိတဲ့သူကဖွင့်ဟလိုက်ယင် ပြီးသွားတာ ပေါ့၊ ထောင်ကျမဲ့အမှုမှမဟုတ်ထာ' ဟု ပွင့်လင်းစွာ တိုက်တွန်း လိုက်ရာ ရဟန်းအိုကြီးတပါးက 'တပည့်တော် ဖွါမိပါတယ် ဘုရား' တဲ့။

'ကိုင်း....ကာယကံရှင်ပေါ်ပြီ၊ပြီးသွားတာပေါ့ အချိန်လဲ မကုန်ဘူး၊ ကျန်တဲ့ရဟန်းကြီးကလဲ ကျေနပ် သွားကြမှာပေါ့။ တပည့်တော်လျှောက်ချင်တာက 'ဆရာဗုဒ္ဓ'ရဲ့စကားပါ 'ဆရာ ဗုဒ္ဓရဲ့ဥပဒေက ဆေးလိပ်ကို လုံးဝမဖွာရလို့ မပိတ်ပင်ပါဘူး။ 'ဂိလာန'ထိပ်ကပ်နာရှိတဲ့ရဟန်းဆိုယင် ခွင့်ပြုပါတယ်၊ သို့ရာတွင် ရဟန်းနဲ့ ဆေးလိပ်နဲ့ ကြည့်မကောင်းလို့ 'သာရုပ္ပ' မဖြစ်လို့ ဒီ ဆေးလိပ်ကို မှီဝဲတဲ့'ဓမ္မ'ကို ပယ်ခိုင်းတာပါ၊အခုဝန်ခံတဲ့ရဟန်း ကြီးမှာ ရောဂါရှိသလား'ဟုမေးရာ....

'မရှိပါဘုရား '

'အေး....ဒီလိုဆိုလဲ ဒီကိစ္စကို စွန့်လိုက်ပါ၊အရှင်ဘုရားမှာ ဆေးလိပ်ကျန်သေးသလား'

'သုံးဆယ့်သုံးလိပ် ကျန်ပါသေးတယ်ဘုရား'

'ဟာ များလှချည်ကလား တနေ့ဆေးလိပ်ဘယ်နှစ်လိပ် ကုန်သလဲ'

'မများပါဘူးဘုရား.... တခါထရုံလဲ'၃'လိပ်၊ တခါတရံ လဲ'၄'လိပ်လောက် ကုန်ပါတယ်ဘုရား'

ကျန်ရဟန်းကြီးများက ရဟန်းအိုကြီးအားကြည့်၍ ပြုံး ကြ၏။

'တယ်လဲဖွါလိုက်ပါလား တန်ဖိုးကိုလျှောက်စမ်းပါအုံး'

'မများပါဘူးဘုရား အလိပ် (၅၀) တထုပ်မှ (၆၀) ခြောက်ကျပ်ထဲပါ'

ရဟန်းကြီးများက ပွစိပွစိလုပ်ကြ၏။

'ဈေးတာလဲကြီး၊ ဒီဆေးလိပ်ကို မှိဝဲတဲ့ အတွက်ကြောင့် ဘာများ အကျိုးရှိတယ်ဆိုတာကို တပည့်တော် သိအောင် လျှောက်စမ်းပါအုံး....'

'ဆေးလိပ်ဖွါလို့တော့ 'ဖွါကောင်းတာက လွဲပြီး ဘာ အကျိုးမျှမရပါဘူး ဘုရား....၊ ပါးစပ်နံတယ်၊ ခြုံလွှမ်းထားတဲ့ သက်နံ့တွေမှာ ဆေးနံ့စွဲနေတယ်။ ဒါပါပဲဘုရား'

'ဒီလိုဆို အရှင်ဘုရားလဲ အကျိုးအပြစ်ကို သိသွားဘဲ၊ အကျိုးအပြစ်ကိုအကျိုးအတိုင်း အပြစ်အတိုင်းမြင်ယင် ညက ဟောခဲ့တဲ့ 'လောကီသမ္မာဒိဋ္ဌိ'ဦးကျောက်ရပြီပေါ့၊ ကဲ ကြိုးစား ကြ၊ ပြီးတော့ အရှင်ဘုရားတို့ကို တခုအကြံပေးချင်တာက အရှင် ဘုရားတို့အားလုံးလိုလို ဆွမ်းစားပြီးတဲ့အချိန်မှာ အိပ်တတ်ကြ တယ်၊ ဒါမကောင်းဘူး၊ အိပ်မယ့်အစား 'အာနာပါနဓမ္မ' ကို အားထုတ်ချင်ထုတ်၊ ဒါမှမဟုတ်ယင် 'ဗဟုသုတဓမ္မ' အတွက် (ဘုရားဥပဒေတော်ကြီး) တို့ (ဘာသာဋီကာ)တို့ ဘာတို့ကို လေ့လာမှတ်သားဘို့ ကောင်းတယ်၊စားပြီးအိပ်တဲ့ အကျင့်ဟာ အရပ်ထဲက အိမ်ထောင်သားမွေးသမားတွေ ကျင့်တဲ့ အလုပ် ပါ၊ တညမှာအများဆုံး (၆)နာရီ၊ အနည်းဆုံး (၅) နာရီ အိပ်ယင် လူတယောက် အတွက် လုံလောက် ပါတယ်၊ ဒါမှ တိုးတက်သင့်တဲ့ ကောင်းတဲ့'ဓမ္မ'တွေ တိုးတက်မယ်၊ ပွားများ လာမယ်။ (သမ္မာဒိဋ္ဌိ) အစရှိတဲ့ မဂ္ဂင်အကျင့်ဆိုတာ ဒါတွေ ကို ခေါ်ပါတယ်၊ မှန်တဲ့ လမ်းကြောင်းပေါ် ရောက်တယ် ဆိုတာလဲ ဒါပါဘဲ။ (မဇ္ဈိမပဋိပဒါ) အကျင့်'ဓမ္မ' ဆိုတာ

လဲ ဒါပါဘဲ၊ ဒါကြောင့် မကောင်းတဲ့အကျင့်'ဓမ္မ'တွေကို ပယ်ပြီး ကောင်းတဲ့အကျိုးရှိမယ့် 'ဓမ္မ' တွေကို ပွားများကြပါလို့ နိဂုံးအနေရဲ့ တပည့်တော် တိုက်တွန်းပါတယ်၊ ကြိုးစားကြပါ၊ ကိုင်း....ဟိုရဟန်းကြီးက ကျန်တဲ့ဆေးလိပ်(၃၃)လိပ်ကို တပည့်တော်ကို စွန့်လိုက်ပါ'ဟု မထေရ်ကအဆုံးအမ 'ဩဝါဒ' ပေးလိုက်သည်တွင်ရဟန်းကြီးများမှာ တဦးကိုတဦး အပြစ်ဆိုသူ ဏဆို သဘောကျသူကကျ၊ မကျသူကမကျနှင့် သတ္တဝါ တို့၏ 'ဓမ္မ'အစဉ်အဘိုင်း ခံစားကြရကာ ဦးတင်သွားကြ လေ၏။

ကျွန်ုပ်သည် မထေရ်၏ တိကျ ပြတ်သားသော ဆုံးမ 'ဩဝါဒ'ကို နှစ်သက်သော်လည်း ယင်းကိစ္စတွင် ကျွန်ုပ်လည်း ရဟန်းကြီးများကဲ့သို့ ဆေးလိပ်ဖွာသူတယောက်ဖြစ်သဖြင့်မထေရ်သည် အလွန် 'ဝိနည်းဓိုရ်' သူတယောက်ဟု သတ်မှတ်မိလိုက်ပါသည်၊ အမှန်စင်စစ်မှာကား 'နိဗ္ဗာန်''ဓမ္မ'ကို အားထုတ်နေကြကုန်သော ယောဂီများ အဖို့ ကိစ္စ နည်းခြင်းသည် အဓိကဖြစ်သည်။ ကိစ္စနည်းမှသာ အားထုတ်ချိန်ပို၍ ရနိုင်သည်။အားထုတ်ချိန်ပိုရမှသာ အားထုတ်မှုလုပ်ငန်း တိုးတက်နိုင်ရာသည်။ ကွမ်းစား၊ဆေးသောက်၊ လဘက်ရည်ကြမ်းသောက်စသော ကိစ္စများမှာ လူဘဝယောက်အတွက် ဘာတခုမျှ အကျိုးမပြုနိုင်သည့်အပြင် ဆောဂါပင် ရတတ်သေးသည်ဖြစ်ရာ မထေရ်သည် ယောဂီများအပေါ်၌ မေတ္တာ ကရုဏာထား၍ ပိတ်ပင်တားမြစ်ခြင်း ဖြစ်သော်လည်း လောကီသမ္မာဒိဋ္ဌိ 'ဦးကျောက်' မချကြသေးကုန်သော အကျွန်ုပ်တို့အနေနှင့် အကျိုးအပြစ်ကို သိသော မထေရ်ကိုပင် 'ဝိနည်း'ဓိုရ်လွန်းသည်ဟု ပြစ်မှားမိလိုက် ပါသည်။

## 'စောင်၊ခေါင်းအုံး၊ခြင်ထောင်ပြဿနာ'

မထေရ်၏ ထူးခြားသော အဟောအပြော၊ အဆုံးအမ၊ စည်းကမ်းနည်းလမ်း တိကျပြတ်သားသည်ဟူသော ဂုဏ်သတင်းမှာ ပြန့်နှံ့သည်နှင့်အမျှ မထေရ်၏ ကျောင်းကလေး တံခါးမှာ အမြဲလိုလိုပင်ပွင့်လျက် လာသမျှကျောင်းသား၊ ကျောင်းသူ၊ လူကြီး လူငယ်တို့မှာ ဝင်ထိုးထွက်ဖြစ်လာလေတော့သည်၊ မထေရ်ကလည်း လိုက်လျောညီထွေ လက်ခံ၍ တင်လာသော ပြဿနာများကို စိတ်ရှည်စွာ ဖြေရှင်းလျက်ရှိပေသည်။

တနေ့သော်ယောဂီဟောင်းကြီးတယောက်သည် မထေရ်အား ဤသို့လျှောက်သည် 'အရပ်ထဲမှာ အရှင်ဘုရား သတင်းကြီးနေပါသလားဘုရား' ဒီစကားဟာ ဝင်ထွက် သွားလာနေကြတဲ့ ယောဂီတွေထဲက ထွက်ပေါ်လာတဲ့ သတင်းစကားဘဲဖြစ်မယ်၊ အခြားမကောင်းသတင်းတော့ မဟုတ်ပါဘူး၊ အရှင်ဘုရားဟာ ညဖက်ဆိုယင် အိပ်လေ့ အိပ်ထမရှိပဲ၊ စကြံ့ အမြဲလျှောက်နေလေ့ရှိတယ်၊ အိပ်ခန်းထဲမှာလဲ ခြင်ထောင်၊စောင်၊ခေါင်းအုံး မရှိဘူးလို့လဲ ပြောနေကြပါတယ်ဘုရား....'

ထိုအခါ မထေရ်က လျှောက်ထားသူ ယောဂီကြီးအား စူးစူးစိုက်စိုက်ကြည့်လျက် ဒကာကြီး လူတယောက်ဟာ ရက်ရှည်လ,များ မအိပ်ဘဲ ဘယ်နေနိုင်ပါ့မလဲ၊ ဦးပဉ္စင်းတို့'ဗဟုသုတ' စကား ပြောရမယ်ဆိုယင် 'ဆရာဗုဒ္ဓ'တောင်မှ ညဥ့်သုံးယာမ်

အနက် တတိယအယာမ်မှာ နောက်ပိုင်းသုံးပုံပုံ၊ တပုံ အိပ်စက်တော်မူသေးတယ်ဆိုပါလား။ ဒီတော့....ဒီခေတ်လေးခု ဖွဲ့စည်းထားတဲ့ 'ဓမ္မအစည်းကြီးဟာ ကြာယင် ဘယ်ခံနိုင်ပါ့မလဲ၊ အိပ်ပေးရတယ်၊ ဒါပေမဲ့ အိမ်ထောင်သားမွေးနဲ့ နေတဲ့လူသားတွေလိုတော့ စည်းမဲ့ ကမ်းမဲ့တော့ မအိပ်ဘူးပေါ့။ဦးပဥ္စင်းတို့အနေနဲ့ ပြောရယင် ည(၁၀)နာရီကနေပြီးလင်းအားကြီး(၃)နာရီအထိ (၅)နာရီတော့ အိပ်ပါတယ်၊ အရိယာပုဒ် ဆိုတာ တခုသော အရိယာပုဒ်နဲ့ချည်း နေလို့မရပါဘူး၊ ဖလသမာပတ်၊ နိရောဓသမာပတ်ဝင်စားတဲ့ ပုဂ္ဂိုလ်ထူးတွေတောင်မှ (၇) ရက်ထက်ပိုနေလို့မရဘူးတဲ့၊ အဲဒီလိုဘဲ 'နားပင်းကြားဒါက်နာ' ဆိုတာလို အရှုးစကားတွေပါ သူတို့ထင်ယင် ထင်သလို ပြောတတ်တဲ့ အစဉ်'ဓမ္မ'တွေပါ၊ ကိုယ်ပိုင်ညာဏ်၊ ကိုယ်ပိုင်'လောကီသမ္မာဒိဋ္ဌိ' ဦးကျောက်ကို သုံးပြီး လက်ခံသင့်မှ လက်ခံပါ၊ သူတပါး ပါးစပ်ဖျားလမ်းဆုံးနေတာဟာ အမှန်'ဓမ္မ'ကို မရနိုင်ပါဘူး။

ပြီးတော့ ခြင်ထောင်၊ စောင်၊ ခေါင်းအုံး မသုံးဘူးဆိုတာကတော့ ဟုတ်တယ်၊ ဆရာ ဗုဒ္ဓကိုယ်နှုတ်က ရဟန်းအသုံးအဆောင်မှာ စောင်အစား နှစ်ထပ်သင်္ကန်းကြီး ပေးထားသားဘဲဟာ ဘယ်မှာစောင်လိုပါတော့မလဲ၊ခြင်ထောင်မထားတာက ခြင်ထောင်တော့ရှိပါတယ် 'ဆရာဗုဒ္ဓ' ကလဲ ခွင့်ပြုပါတယ်၊ ဒါပေမဲ့ ဦးပဥ္စင်းအနေနဲ့ ခြင်ထောင်သုံးရတဲ့ ကိစ္စဟာအမျိုးမျိုး ကိစ္စများတယ်၊လျှော်ရတာနဲ့ ကြမ်းပိုးတွေ ဘာတွေ ကပ်ယင်လဲ ဒီအကောင်တွေကို ဖယ်ရှားရာ၌ အိပ်ခန်းကို ခြင်မဝင်နိုင်အောင်လုပ်ထားတော့ ဒီ'ဒုက္ခဓမ္မ'တွေ ငြိမ်းတာပေါ့ဆိုပြီး

သွားမယ် ဘာမှတ်လိုလဲဆိုပြီး ထင်းစကိုဆွဲတယ်တဲ့၊ ဒါနဲ့တိုတို ပြောရယင် ဒီပြဿနာဘုန်းတော်ကြီးရှေ့မှောက် ရောက်သွား တာပေါ့၊ ရောက်တော့ အခုလိုဘဲ စစ်ဆေးမေးမြန်းတော့ သီလ ရှင်က သူ့ကို ကတုံးမခေါ်လို့မခံနိုင်ဘူး၊ ဦးပဥ္စင်းကလဲ သူ့ကို ရောင်ကြီးပွေ့ ပြောလို့မခံနိုင်ဘူးလို့ လျှောက်ကြသတဲ့၊ဒီတော့ ကျောင်းထိုင်ဘုန်းတော်ကြီးက မင်းတို့ကိစ္စကလဲ ကတုံး တုံး ထားတဲ့သူမို့၊ ကတုံးမ ခေါ်တာ ဘာနာစရာလဲ၊ ဟုတ်ထာ ပြောတာ နာစရာလားလို့ အမိန့်ရှိတော့ အဲဒီလို ဟုတ်ထာကို ပြောလို့ဘယ်ခံနိုင်ပါ့မလဲတဲ့၊ နောက်....ကျောင်းထိုင်ဘုန်းတော် ကြီးက ဦးပဥ္စင်းကလဲ ကိုယ်ရောင်ကြီးပွေ့မှမဟုတ်တာ ဘာနာ စရာလဲလို့ အမိန့်ရှိပြန်တော့ တပည့်တော်က ရောင်ကြီးပွေ့မှ မဟုတ်တာ၊ မဟုတ်တာပြောတော့ ဘယ်ခံချင်ပါ့ မလဲတဲ့၊ ကိုင်း ဒကာကြီးဟု ကျွန်ုပ်ကိုနှုတ်ဆက်၍....

မထေရ်ကဆက်လက်၍ 'ဒီတော့ မခက်ပေဘူးလား....၊ ဟုတ်တာပြောတော့လဲ ဟုတ်လို့မခံချင်၊ မဟုတ်တာပြောတော့ လဲ မဟုတ်တာပြောလို့မခံချင်၊ ဒါဘာကြောင့်လဲဆိုရင်၊ အခုန ပြောခဲ့တဲ့ 'တဏှာ၊ မာန၊ ဒိဋ္ဌိ' ဆိုတဲ့ 'သံသရာ' ကို ရှည်စေ တတ်တဲ့ ဓမ္မ'တွေကြောင့်ဘဲ၊ တရား အားထုတ်တဲ့ ယောဂီ တွေဆိုတာ 'အနတ္တဓမ္မ' မရောက်သေး ပေမင့် 'အတ္တဓမ္မ'နဲ့ပဲ့ ဒါတွေကို ခဏခဏပယ်ရတယ်'

ကိုင်း....အဲ့ဒီ 'တဏှာ၊မာန၊ 'ဒိဋ္ဌိ'ဓမ္မ'တွေ ထလာတော့ 'ဝိတက်'ဆိုတဲ့ ဓမ္မက အားပေး အားမြှောက် ဖြစ်လာတယ်၊ 'ဝိတက်' ဆိုတာက စဉ်းစားလာတယ်၊စိတ်ကူး ထည့်လာတယ်၊

မလိုတမျိုး လိုတမျိုး အတွေးအခေါ်တွေများလာတယ်။အဲဒီလို အတွေးအခေါ်တွေများလာတော့ 'ဆန္ဒ'လို့ ခေါ်တဲ့ 'ဓမ္မ'က ငြိမ်မနေဘူး၊ငါသူ့ကို ဘယ်လိုပြောလိုက်မယ် ဆိုလိုက်မယ် စတဲ့ လိုလားမှုတွေ ပေါ်လာတယ်၊ အဲဒီလို လိုလားမှုတွေ ပေါ် လာတော့ 'ချစ်တယ်မုန်းတယ်'ဆိုတဲ့ 'ဓမ္မ'အစဉ်ကြီး ဖြစ်ပေါ် လာပြန်တယ်၊ ဒီလိုအချစ်နဲ့အမုန်း ဖြစ်ပေါ်လာတော့ 'ဣဿာ မစ္ဆရိယ'လို့ ခေါ်တဲ့ မနာလိုဝန်တိုတဲ့ ငြူစူတဲ့'ဓမ္မတွေ' တန်း စဉ်ပြီးဖြစ်လာတာပေါ့။ ဒီတော့ အခုလိုပြဿနာ အမျိုးမျိုးဖြစ် ပြီး 'ရပ်ဆင်းရဲ၊နာမ်ဆင်းရဲ'ဖြစ်ရတာ ဣဿာမစ္ဆရိယ 'ဓမ္မ'တွေ ကြောင့်လို့ ဒို့ 'ဆရာဗုဒ္ဓ'က သိကြားမင်းကို ဟောခဲ့တယ်တဲ့၊ ဒါကြောင့် အဲဒီဣဿာမစ္ဆရိယ ဓမ္မတွေမထကြွအောင် မျက်စိနဲ့ အဆင်း၊ နားနဲ့အသံ၊ နှာခေါင်းနဲ့အနံ့၊လျှာနဲ့အရသာ၊ စိတ်နဲ့ စိတ်ကူးကြားမှာ ဖြစ်ပေါ် ခံစားတတ်တဲ့ 'ဝေဒနာဓမ္မ'ကို 'ဓမ္မ' အတိုင်းမြင်အောင် ကြိုးစားကြပါ၊နောင်ကိုလဲ ဒါမျိုး မကြား ပါရစေနဲ့၊ သီလရှင်ဆိုတာ သီလရှိတဲ့သူကို ခေါ်တာ၊ သီလရှင် များက ဝတ်ကြောင်များထက်ပိုပြီး ပြောမှု၊ ဆိုမှု၊ လုပ်ကိုင်မှု၊ ကြံစည်စိတ်ကူးမှုတို့မှာ သီလမကျိုးမပေါက်အောင် ထိန်းသိမ်း ရတယ်။ သီလရှင်အမည်ခံရုံနဲ့ သီလရှင် မဖြစ်ဘူး၊ ယောဂီတွေ ဟာ ယောဂီအမည်နဲ့လိုက်အောင် နေတတ်ထိုင်တတ်၊ ပြောတတ် ဆိုတတ်ရှိရတယ်။ ကိုင်းအတိတ်ကထားခဲ့တဲ့ 'အာဃာတ' 'ဓမ္မ' တွေ ပျောက်ကုန်အောင် 'သံသရာ'ကြွေးရှင်းရအောင်လိုက်ဆို ကြ'ဟု မထေရ်က အောက်ပါ အတိုင်း ချပေး၍ ကျွန်ုပ်တို့က လိုက်ဆိုကြရပါသည်။

'အခုဒီမှာရှိတဲ့ ယောဂီများကို အာရုံပြုပြီးလိုက်ဆို'
ယောဂီတို့ ကျွန်ုပ်သည်
သင်တို့၏ အပေါ်၌
သံသရာ ဘဝ အဆက်ဆက်မှစ၍
ယနေ့ယခုတိုင်အောင်
'ကာယကံ'....ကိုယ် အားဖြင့်လည်းကောင်း၊
'ဝစီကံ'....နှုတ်အားဖြင့်လည်းကောင်း၊
'မနောကံ'....စိတ်အားဖြင့်လည်းကောင်း၊
ပြစ်မှားကျူးလွန်မိသည်ရှိသော်....
ကျူးလွန်မိသည့် အပြစ်များကို
ခွင့်လွှတ်ကြပါ၊
ကျွန်ုပ်ကလည်း သည်းခံခွင့်လွှတ်ပါ၏။
အဲ့ဒီလို အပြန်အလှန် ခွင့်လွှတ်သည်းခံလိုက်ကြ။

ဒီလို ပြောမှား၊ဆိုမှား၊လုပ်မှား၊ ကိုင်မှား ကြံစည်မှားတွေဟာ ဟိုသံသရာ အစထဲက 'သတ္တဝါ' ဖြစ်ကထဲက ကြွေးတင်ခဲ့တယ်။ အဲ့ဒီကြွေးဟောင်း ကြွေးသစ်တွေကိုအခုပေးဆပ်ပြီးပြီ၊ရှင်းပြီးပြီ၊ နောက်ထပ်လဲ ကြွေးမတင်ကြစေနဲ့၊ ကောင်းကောင်း နေကြဟု မထေရ်က 'သြဝါဒ' မိန့်ခွန်းကိုနိဂုံးချုပ်လိုက်၏။

ကျွန်ုပ်တို့လည်း ဦးတင်၍ ထွက်ခဲ့ကြ၏။ အပြင်သို့ရောက်သောအခါ သီလရှင်ကြီးက မကျေ မနပ်နိုင်ဘဲ ဆရာတော်က မျက်နှာလိုက်တယ်၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ် စသည်ဖြင့် မထေရ်မြတ်အပေါ်၌ အပြစ်တင်သေး၏။ 'အော်....တယ်လဲ အနေခက်တဲ့ လောကပါလား၊ တရားတိုက်တခုကို အုပ်ချုပ် ရခြင်း

သည် တောရှာတရှာ၌ သူကြီး၊ (သို့မဟုတ်) ရလက၊ သို့မဟုတ် ရပ်ရွာ ကောင်စီထက် တာဝန်ကြီးပါကလားဟု ကောက်ချက် ချမိ၏။

## 'ဆို ရှယ် လစ် ပြု ဿ နာ'

မထေရ်၏ ကျောင်းတံခါးမှ ခေါင်းလောင်းသံ ပေါ် ထွက်လာ ပြန်ချေပြီ၊ မထေရ်အဖို့ အနားယူချိန် မရလော့က် အောင်ပင် ညှော်ထူလှ၏။ ယခုပေါ်ထွက် လာသော ခေါင်း လောင်းသံမှာ မထေရ်၏ ရပ်ဆွေရပ်မျိုး ဒကာကြီး တယောက် တီးလိုက်သော ခေါင်းလောင်းသံဖြစ်သည်။ ကျွန်ုပ်လည်းခေါင်း လောင်းသံနှင့်အတူ မထေရ်၏ကျောင်းကလေးအတွင်းသို့ရောက် ခဲ့သည်။

မထေရ်က စ၍ 'ဘယ့်နှဲ့ဒကာကြီး၊ ပျောက်နေတာကြာ ပါပေါ့၊ အခုဆို ဒီအကြိမ်ဟာ ဒီအာရာမ်ထဲ ရောက်လာတာ 'ဒုတိယမ္ပိ' ဘဲ မဟုတ်လား'

ဟုတ်ပါတယ်ဘုရား၊ အလုပ်ဏလဲမအား၊ ဒီခေတ်ထဲမှာ လူလာဖြစ်ရတာကို တော်တော်အခက်ကြုံပါတယ်ဘုရား၊ အရှင် ဘုရားတို့ဘဲ အေးတယ်။

ငြီးလှချည်ကလား ဘာတွေများ အခက်ကြုံနေရတာလဲ၊ လောက ဆိုတာ ဘယ်သတ္တဝါမှ မလွတ်ပါဘူး။ ကဲ....ဘာများ လျှောက်ချင်သလဲ ဆိုစမ်းပါအုံး။

'တခြားမဟုတ်ပါဘူး ဘုရား၊ တပည့်တော် မရှင်းတဲ့ ဝေါဟာရကလေးတွေ လျှောက်ချင်လို့ပါ၊ အရှင်ဘုရားကတော့ လောကဓာတ် စာပေလဲ အတော်အတန် ဆောက်ခဲ့လို့ပါ'

'ကဲ....လုပ်လေ ဘာဝေါဟာရလဲ၊အင်္ဂလိပ်လိုလား၊ဗမာ လိုလား၊ သိယင်လဲ့ဖြေရတာပေါ့'ဟု မထေရ်က ခွင့်ပြုလိုက်ရာ'

ဒကာကြီးက 'ဆိုရှယ်လစ်ဝါဒ'ဆိုတာ ဘယ်လိုဝါဒလဲ ဘုရား' အရပ်ထဲမှာတော့ အမျိုးမျိုးပြောနေကြတော့ တပည့် တော် နားမဝင်လို့၊ ရှင်းလဲမရှင်းလို့....'

'ဆိုရှယ်လစ်ဝါဒ' ဆို တဲ့ အဓိပ္ပာယ်ကို သိချင်တယ်လို့ ပြောပါ....'

'တင်ပ....'

'ဆိုရှယ်လစ်ဆိုတာက ဗမာစကားမဟုတ်ဘူး ဒကာကြီး၊ အနောက်နိုင်ငံစကား 'ဝါဒ'ဆိုတာက ပါဠိပျက်၊အဲဒီအနောက် နိုင်ငံ ဥရောပစကားနဲ့အရှေ့နိုင်ငံ အိန္ဒိယစကားနှစ်လုံးကိုကပြား လုပ်သုံးထားတာ ဒီအထဲမှာ ဗမာသံ ဗမာစကားတလုံးမှမပါ ဘူး....'

'တင်ပ အမိန့်ရှိပါ....'

အမှန်က'ဆိုရှယ်လစ်ဝါဒ'ဆိုယင်အင်္ဂလိပ်လို Socialism ဆိုရှယ်လစ်ဇင်းမ်လို့ခေါ်ရမယ်။

ဥရောပစကားသက်သက် အဲဒီဆိုရှယ်လစ်ဇင်းမ် ဆိုတာရဲ့ အဘိဓာန် အဓိပ္ပာယ် အရင်းကတော့ ပြည်သူပိုင်မှုကို ယုံကြည် ချက်လို့ဆိုတယ်။ ဆိုလိုတာက ဒီတိုင်းပြည်အတွင်းမှာရှိတဲ့ မြေ ပေါ်မြေအောက် ရှိရှိသမျှပစ္စည်းဟူသမျှဟာ ပြည်သူပြည်သား

တိုင်း ပိုင်ဆိုင်ရမယ်ဆိုတဲ့ သဘောဘဲ၊ ရှင်းပြီလား မရှင်းယင် ထပ်ရှင်းပေးမယ်၊ အားမနာနဲ့ အချိန်ရှိတယ်၊

'အဲဒီလို ဖြစ်ပမလားဘုရား၊ ဥပမာ တပည့်တော်ပိုင်တဲ့ အိမ်နဲ့ခြံကို အများ ပြည်သူပိုင်ရမယ်ဆိုတော့ တပည့်တော်က ဘယ်ခံနိုင်ပမလဲ၊ ဘုရားဟောလဲလွဲကုန်ရောပေါ့....'

'ဒကာကြီး စိတ်အေးအေးနဲ့ နားထောင်....၊ ဖြစ်နိုင်တဲ့ အကြောင်း ပြောပြမယ်၊ဘုရားဟောလဲမလွဲပါဘူး၊ ဒီနည်းဟာ ကမ္ဘာမှာပေါ်နေတာ အနှစ်(၆၀)လောက်တော့ ရှိပြီထင် တယ်။ ဘာကြောင့်လဲဆိုတော့ ဦးပဥ္စင်းတို့ ကျောင်းသားဘဝ မှာ နိုင်ငံခြားစာပေတွေ ဗမာပြန်တွေ စာအုပ်အတော်များများ တွေ့ခဲ့ဘူးတယ်၊ ဒီနည်းကိုထွင်တဲ့ ပုဂ္ဂိုလ်က ရုရှားတိုင်းပြည်က ဒကာကြီးလဲကြားဘူးမှာပေါ့ 'လီနင်'တို့ 'မတ်ခ်စ်'တို့ ဆိုတာ။ အဲဒီပုဂ္ဂိုလ်ကြီးတွေဟာ ပထမတော့ အတွေးအခေါ်၊ အပြော ဘဲ၊ နောက်တော့တဖြေးဖြေးသွေးစမ်းတိုးပြီး မိမိတို့ တိုင်းပြည် မှာ လက်တွေ့ကျင့်သုံးခဲ့ကြတယ်၊

နောက်ပိုင်း သူတို့ရဲ့နည်းကို ကမ္ဘာကသိအောင် စာအုပ် တွေ ဖြန့်ချိခဲ့တယ်။ ဒီစာအုပ်မျိုးတွေကို မျိုးချစ်စိတ် ရှိကြတဲ့ ဗိုလ်ချုပ်အောင်ဆန်း'တို့လို ပုဂ္ဂိုလ်မျိုးတွေကဖတ်ပြီး သွားရည် ယိုခဲ့ ကြတယ်၊ 'ဒီဝါဒ၊ ဒီနည်းတွေ 'လီနင်'က ထွင်တော့ ( Leninism )လို့ ခေါ်တယ်၊ 'မတ်ခ်စ်'က ထွင်တော့ ( Maxism )လို့ ခေါ်တယ်၊ မူရင်းဝါဒကတော့ ပြင်းတယ် ပေါ့၊အခုဆို( Socialism ) ဆိုတာ ကျတော့ သူ့နိုင်ငံနဲ့သူ 'တာလုံဒေသံအဂ္ဂမန်' ဆိုတာလို သင့်တင့်အောင် လျှော့ကန်

အောင် ကျင့်သုံးကြတယ်။ ခုအချိန်မှာဆိုယင် ဒီနည်း၊ ဒီဝါဒကို ကြိုက်ကြလို့ ခံယူကျင့်သုံးနေတဲ့ နိုင်ငံတွေ အတော်များလာပြီ ဒကာကြီး....'ဒါကတော့'ဗုဒ္ဓဘာသာ'မဟုတ်တဲ့ နိုင်ငံတွေကသာ ကြိုက်မှာပါဘုရား.... 'ဗုဒ္ဓဘာသာ' နိုင်ငံတွေမှာတော့ ကံ ကံ၏ အကျိုးကိုယုံကြည်ကြတော့ ဒီလိုပစ္စည်းတခုကို အများပိုင်မယ် ဆိုတော့ ဘယ်မှာ ဖြစ်နိုင်ပါ့မလဲဘုရား....'

ဒကာကြီးသည် မထေရ်၏စကားကို လက်မခံရုံထွင် မက မထေရ်ကိုပင် အပြစ်လိုသောအမူအရာနှင့် ငြင်းပယ်လျက် ရှိ၏။ မထေရ်ကား သဘောမပေါက်သော အဖိုးကြီးအား အောက်ပါအတိုင်း ဆက်လက်ရှင်းပြပါသည်။

'ဒကာကြီး....ဒကာကြီးတို့ခံယူထားတဲ့ ကံ ကံ၏ အကျိုး ဆိုတာက 'အတိတ်က'' လွန်ခဲ့တဲ့ဘဝ ထိုထိုက ကောင်းတာလုပ်ခဲ့ တာ၊ မကောင်းတာလုပ်ခဲ့တာ၊ လှူဒါန်းတာ၊ ပေးကမ်းတာ၊ စွန့်ကြဲတာ၊ လူသတ်တာ၊ ခွေးသတ်တာ၊ ဒီအကျိုးတွေဟာ ဒီဘဝမှာ ခံရမယ်လို့ ယူထားကြတာ မဟုတ်လား၊ အမှန် ကတော့ 'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ' ဆိုတဲ့ 'ဗုဒ္ဓ'ရဲ့ စကားအချုပ်ကို သိထားရမယ်၊ 'ကံ' ဆိုတဲ့ စကားက 'ကမ္မ' ဆိုတဲ့ 'ပါဠိ'စကားက လာတာ၊ 'ကမ္မ'ရဲ့ ဗမာပြန်စစ်စစ်က အလုပ်ကို ဆိုလိုတာပါ။ အလုပ်ဆိုတဲ့ နေရာမှာလဲ အလုပ် ကတော့ အကောင်းပါဘဲ၊ စိတ် ရင်း က မ ကောင်း ယင် ဒီအလုပ်ဟာ မကောင်းတဲ့အလုပ်ဘဲ၊ အကယ်၍ လုပ်ပုံကတော့ မကောင်းဘူး၊ စိတ်ရင်းကကောင်းယင် သူ့အဖို့ ကောင်းတဲ့ အလုပ်ဘဲလို့ ဆိုရမယ်၊ဒီတော့ ဒကာကြီးကို ဒီ 'ဆိုရှယ်လစ်'နဲ့

ပတ်သက်လို့ ဒကာကြီးစွဲစွဲထားတဲ့ ဘုရားဟော လဲ့ပြီ၊ ကံ ကံ၏အကျိုးကို ယုံကြည်ရမယ်ဆိုတဲ့အပိုင်းနှစ်ပိုင်းကို ဒကာကြီး နားလည်အောင် တပိုင်းစီခွဲပြီး ရှင်းပြောမယ်'။

'ဗုဒ္ဓချမှတ်ခဲ့တဲ့လမ်းစဉ်မှာ ဦးပဥ္စင်းတို့အတွက်'ပုဂ္ဂလိက' 'သံဃိက'ရယ်လို့ နှစ်မျိုးနှစ်စားရှိတယ်။ 'ပုဂ္ဂလိက' ဆိုတာက တဦးချင်းပိုင်တာ၊ 'သံဃိက'ဆိုတာက အများပိုင်တာ။ အခု လမ်းစဉ်ဟာ ဘာနဲ့တူသလဲဆိုတော့ 'သံဃိက'နဲ့ တူတယ်။ အခု ဒကာကြီးတို့လှူတဲ့ ဒါန်းတဲ့နေရာမှာ 'ပုဂ္ဂလိက' အနေနဲ့လဲ လှူ တယ်၊ တချို့ကျတော့ 'သံဃိက'အနေနဲ့မှ လှူချင်တယ်၊ 'ဗုဒ္ဓ' ကလဲ 'သံဃိက'အများပိုင်တာလှူတာကို အသုံရှိတယ်။ အချုပ် ထဲမှာ ပြည်သူပိုင်ဆိုတာလိုဘဲ၊ ဗုဒ္ဓရဲ့အဝန်းအဝိုင်း၊သာသနာကို တကယ်ယုံကြည်တဲ့သူ့ရဲ့ တပည့်တွေကိုတော့ မင်းတို့တဦးတည်း ပိုင် ဘယ်ပစ္စည်းမှမရှိစေနဲ့၊ အများပိုင်ထားယင် စိတ်ချမ်းသာ တယ်၊ စိုးရိမ်ကြောင့်ကျမှုကင်းတယ်၊ အစွဲကင်းတယ်၊ ဒါဟာ အ မြတ်ဆုံးလို့ မှာထားခဲ့တယ်။ဒီတော့ ဒကာကြီးပြောသလိုသာ မဖြစ်နိုင်ဘူးဆိုယင် ဦးပဥ္စင်းတို့၊ဒီ'သံဃိက' အများပိုင်တွေကို ဘယ်လိုလုပ်ပြီး သုံးစွဲ စားသောက်နေနိုင်ပါမလဲ၊ တကယ်ဆို တော့ အများပိုင်အမည်တပ်ပြီး သုံးနေရတာ၊ အစွဲပြုတ်ပြီး ကိုယ်ရော‌စိတ်ပါတယ်အေးငြိမ်းတာဘဲ ဒကာကြီး'

'တနည်းဥပမာ ပေးပြအုံးမယ်။ ဆိုကြပါစို့.... မိသားစု တစုဟာ မိဖများ ကွယ်လွန်ပြီးတဲ့နောက်၊ မိဖများကျန်ရစ်ခဲ့တဲ့ ပစ္စည်းပစ္စယာတွေကို ခွဲဝေမယူကြဘဲနဲ့ မိသားစုတို့ ပိုင်လုပ်ထား ပြီး အတူတူနေ အတူတူစား ကိုယ်အားတဲဖက်ကနေပြီး ဒီအိမ်

ထောင်ကြီး အစ်ကိုကြီး၊ အစ်မကြီးတွေက ကွပ်ကဲပြီး ဦးထမ်း ပုံ့ထမ်း ချမ်းချမ်းသာသာ နေတာမျိုး.... ဒကာကြီး၊ ဒါက အကြမ်းဖျင်းမျှင်းပြတာ၊ နိုင်ငံရေးကိုတိတိကျကျ ပြောရမယ် ဆိုယင် အများကြီးပေါ့။

'အခုရှင်းပြလိုက်တာက မဖြစ်နိုင်ဘူး ဖြစ်နိုင်တယ် စဉ်း စားဘို့ဘဲ၊ အကယ်၍ အဲဒီမိသားစုထဲက စိတ်ဝမ်း ကွဲပြီး ညီညီ ညွတ်ညွတ် မရှိယင်သော် လည်းကောင်း၊ အဲဒီမိသားစုထဲမှာ အသားထဲက လောက် ဖြစ်နေယင်သော် လည်းကောင်း၊ ဒီ အကြောင်းတွေဖြစ်လာယင်တော့ ဖြစ်နိုင်မယ်မဟုတ်ဘူး၊နောက် တပိုဒ်က 'ကံ'အကြောင်း၊ 'ကံ'နဲ့ပတ်သက်လို့ မိရိုးဖလာတို့ခံယူ ထားတဲ့ 'ကံ'နဲ့'ဗုဒ္ဓ' အလိုရှိတဲ့ 'ကံ'နဲ့ဟာ အတော် ကွာခြား နေတယ်လို့ထင်တယ်။ ဒါကြောင့်လဲ 'ဗုဒ္ဓ'ရဲ့ အစိန္တေယျ လေး မျိုးမှာ (ကမ္မဝိပါကော အစိန္တေယျော)....လို့ မိန့်မှာတော်မူခဲ့ တယ်၊ 'ကံ'ဆိုတာက 'အတိတ်' 'အတိတ်'ကာလ တွေက လုပ်ခဲ့ တာတွေ၊ အခု'ပစ္စုပ္ပန်'၊ 'ပစ္စုပ္ပန်'ကာလတွေမှာ လုပ်ခဲ့တာတွေ ကို ခေါ်တယ်၊ ဒီ'ဓမ္မ' သဘော တွေက အလျဉ်း သင့်သလို အကျိုးပေးသွားတာပါ၊ အဲဒီလို အကျိုး ပေးတဲ့ နေရာမှာလဲ 'အတိတ်'ကာလကဘာတွေဘဲလုပ်ခဲ့လုပ်ခဲ့။၊အခုပစ္စုပ္ပန်ကာလမှာ မလုပ်ဘဲ၊မပြောဘဲ၊ မကြံစည်ပဲနဲ့ဟိုနောက်နောက်ကလုပ်ခဲ့၊ ပြော ခဲ့၊ ကြံစည်ခဲ့တဲ့ ဓမ္မတွေကအလိုလိုမိုးပေါ်ကကျမလာဘူး။ 'ဗုဒ္ဓ' စကားနဲ့ပြောရယင် (မဟာဓနေ သူဌေးသား)လိုပေါ့၊ဒါကြောင့် ကံ, ကံ၏အကျိုး ယုံတယ်ဆိုပြီး အိပ်နေတတ်ကြတဲ့အချို့ 'ဗုဒ္ဓ ဝါဒီ'တွေဟာ အကယ့်ဆိုတော့ 'ဗုဒ္ဓ' အလိုတော်ကျ ယုံတတ်

ကြတာမဟုတ်ပါဘူး၊ 'ကံယုံ ဆူးပုံနင်းကြည့်' 'ကံပြိုင်သံတိုင်အိမ်ဆောက် ကံမှောက်တော့ကျိုး'ဆိုတာမျိုးတွေ ကြားဘူးမှာပေါ့ ဒကာကြီး။

အတိုချုပ်ပြီး လိုရင်းပြောရယင် 'ကံ'ဆိုတာ ကိုယ်က လုပ်ရမှာ၊ ပြောရမှာ၊ ကြံရမှာ၊စည်ရမှာပါ'အတိတ်'ဆိုတဲ့လွန်ပြီး ကာလဆိုတာကလဲ အခုလုပ်နေယင်း ကြံစည်နေရင်း လွန် လွန် သွားတဲ့ 'ခမ္မ'တွေကို ခေါ်တာပါ။ ဒီတော့ လိုရင်း ကတော့ အလုပ်မရပ်ရဘူး၊ အပြောမရပ်ရဘူး၊ အကြံအစည် မရပ်ရဘူး၊ အဲဒီဟာတွေဟာ လွန်လွန် သွားပြီး လုပ်တုံး ပြောတုံး ကြံစည်တုံးသာ ပစ္စုပ္ပန်လို့ ခေါ်ရတာ။ ဒါကြောင့် အသက်နဲ့ကိုယ်မြဲနေသမျှ 'ကံ'ကို ယုံကြည်တယ်ဆိုယင် မဖြစ်ဖြစ်အောင် လုပ်ရမယ်။ကြံစည်ရမယ်၊ ဒါက ကံ၏ အကျိုးကို ယုံကြည်တယ်ခေါ်တယ်။ အခုတော့ 'ကံ'ဆိုတာ မိုးပေါ်ကအလိုလိုကျလာတယ် ထင်နေကြတာ၊ အဲဒီလို လုပ်တဲ့ပြောတဲ့ ကြံစည်တဲ့ နေရာမှာလဲ အံ့ဝင်ဂွင်ကျမှအောင်မြင်နိုင်တယ်၊ မအောင်မြင်ယင် တခုခုတော့ အံမဝင်ဂွင်မကျလို့....လို့ မှတ်၊ အံ့ဝင် ဂွင်ကျအောင် လုပ်နိုင် ပြောနိုင်၊ ကြံစည်နိုင်လို့ အောင်မြင်ယင် 'ကံကောင်းတယ်' ခေါ်တယ်။ လုပ်တယ် ပြောတယ်,ကြံစည်တယ် အံ့မဝင်ဂွင်မကျယင် 'ကံမကောင်းဘူး'လို့ ခေါ်တယ်။

အခုလဲ ဒကာကြီးပြောတဲ့ မဖြစ်နိုင်ဘူးဆိုတဲ့ ကိစ္စမှာလဲ အံမဝင်ဂွင်မကျယင်တော့ ဒကာကြီး ခံယူထားသလို ဖြစ်မယ်၊ အံ့ဝင်ဂွင်ကျအောင် အထက်က အကြံအစည်ကောင်းတဲ့ လူတွေက စီမံခန့်ခွဲပေးနိုင်မယ်၊ အောက်ကလူတွေကလဲ အံ့ဝင်ဂွင်ကျ

အောင် ပြောတတ် လုပ်တတ်မယ်ဆိုယင် ဒီ'ကာယက'၊ ဝစီက'၊ မနောက' တွေဟာ ထိရောက်ပြီး အကျိုး ပေးတော့မယ်သာ ထတစ်ချမှတ်ပါတကာကြီး၊ ကဲ....အချိန်လဲ အတော်ကုန်သွားပြီ၊ ကိစ္စနဲ့ပတ်သက်လို့ ပြောရမယ်ဆိုယင် ပြောလို့ဆုံးမှာ မဟုတ်ဘူး၊ ဒီတော့ဒါလောက်ဘဲ တော်လောက်ပါပြီ၊ရပ်ကြည့်ပါအုံး၊ မလုပ်ရသေးခင်က ဖြစ်မှာမဟုတ်ဘူး လို့လဲ ဆုံးဖြတ်မထားပါနဲ့၊ အဲဒီလို စိတ်ထဲကဆုံးဖြတ်လိုက်တာဘဲ၊ 'မနောက'' ခေါ်တယ်၊ အဲဒီ 'က'ဓမ္မ'ကပဲ မကောင်းတဲ့ 'က''ဖြစ်မယ်၊ကဲတော်ပြီ ဟု မထေရ်က စကား နိဂုံး ချုပ်လိုက် သည်တွင် ဒကာကြီး လည်း မကျေမနပ်နှင့် ကျောင်း ကလေး အတွင်းမှ ကျွန်ုပ်နှင့် အတူ ထွက်ခဲ့ကြ၏။

ကျွန်ုပ်သည် မထေရ်၏ ဟောပြောချက် အယူအဆအတွေးအခေါ်များနှင့် ခံယူချက်တို့ကို အမြဲတစေ လေ့လာလျက် နေလာခဲ့သည်မှာ တနှစ်နီးပါးခန့်ရှိချေပြီ၊ မထေရ်၏အပေါ်၌အမျိုးမျိုးသော ရှုဒေါင့်တို့မှနေ၍ စုံစမ်းသူ၊ လေ့လာသူ တို့လည်း အတော်တိုးတက်လာပုံရသည်၊ မထေရ်အား ချီးမွမ်းဂုဏ်ပြုသူများ ရှိသကဲ့သို့ ကဲ့ရဲ့ပြစ်တင် ရှုတ်ချ သူတို့လည်း အနည်းနှင့်အများဆိုသလို ရှိပေသည်။ မထေရ်အဖို့မှာကား ချီးမွမ်း ဂုဏ်ပြုကြသည်ကိုလည်းမသိ၊ ကဲ့ရဲ့ ရှုတ်ချသည်ကိုလည်း သတိမထား၊ ဆောင်ရွက်နေကြ ဖြစ်သော ဆွမ်းခံခြင်း၊ ဆွမ်း ဝေဖန်ခြင်း၊ တရားဟောခြင်း၊ တရားပြခြင်း၊ ဖြစ်ပေါ်လာသော ပြဿနာများကို တတ်အားသမျှ ဖြေရှင်းခြင်း၊ အမှုတို့ကိုသာ မမောမပန်း မငြီးမငြူ ဆောင်ရွက်လျက်ရှိပေသည်။

မထေရ်သည် အရပ်တွင်းမှ ပင့်ဖိတ်သောဆွမ်းစားခြင်း၊ ပရိတ်ရွတ်ခြင်း၊ အသုဘရှုခြင်းတို့သို့မကြွသော်လည်း မထေရ်၏ တနှစ်အတွင်းရရှိသော 'လာဘ်'လာဘ တို့မှာ မထေရ်အဖို့ လိုသည်ထက် အမြဲပိုလျက် ရှိ၏။ ယင်းသို့ ပိုလျှံသော အသုံးအဆောင် ပစ္စည်းများကို စာသင်တိုက်ဘုန်းတော်ကြီး ကျောင်းများသို့ ပေးပို့လေ့ရှိ၏။ တခါတရံ တိုက်တွင်းရှိ ရဟန်းကြီးများအား မဲစနစ်ဖြင့် ဝေဖန် စွန့်ကြဲလေ့ ရှိ၏။ မထေရ်သုံးပစ္စည်းများကား အလွန်နည်းပါးလှ၏။ တနှစ်အတွက် သင်္ကန်းတစုံ 'ကာဘော်လိပ်' ဆပ်ပြာနှစ်ခဲ၊ သင်္ကန်းလျှော်ရန် ဆပ်ပြာမှုန့်နှစ်ဗူး၊ သွားတိုက်ဆေးတဗူး၊ ပရုပ်ဆီ တဗူး၊ ရေလျှင်ပင် လိုလောက်သည်ထက် ပိုသေး၏။ ဖိနပ်တရံလျှင် နှစ်နှစ်ခန့် စီးရ၏။ ထီးကား မလို၊ ဤမျှလောက် 'အပ္ပကိစ္စ' ကိစ္စ နည်းအောင် ကြိုးစားထား၏။ ပေါ့သော အသက် မွေးကြောင်း ဖြစ်၏၊

## "ဂိုဏ်း ပြဿနာ"

တနေ့သော် အရပ်ထဲမှ လူဂုဏ်တန် တယောက် ဆရာတော် တွေ့လိုကြောင်း ပြောလာသဖြင့် ကျွန်ုပ်သည် ယင်းလူအား မထေရ်ထံသို့ခေါ်သွားပါသည်။ယင်းပုဂ္ဂိုလ်သည် မထေရ်နှင့် အတိတ်ကပင် ရင်းနှီးခဲ့ဘူးသော မိတ်ဆွေဖြစ်သဖြင့် မထေရ်အား ရဲတင်းစွာ ဆွေးနွေးပြောဆိုသည်ကို တွေ့ရပါသည်။

ယင်းပုဂ္ဂိုလ်က 'အရှင်ဘုရားတယ်ပြီး စိုပြေ နုနယ်နေပါ

ကလား၊ စိတ်အေးလက်အေး တရားနဲ့နေတဲ့ ပုဂ္ဂိုလ်မို့လား၊ အခု ဘယ်နှစ်ဝါ ရပြီလဲ’ဟု စလိုက်ရာ....

မထေရ်က ‘ဟုတ်တယ်ဒကာကြီး၊အခုဝါနဲ့ဆိုယင် ငါးဝါ ပေါ့၊ အေးအေးနေရတာကလဲတကြောင်း၊ `ကိလေသာ’တွေကို အမြဲနှိမ်နင်းနေရတော့ ကိလေသာ အထသက်သာတော့‘ကိလေ သာ’အတွက် ကြောင့်ကျ၊တောင့်တမှုတွေ တတ်အားသမျှ ငြိမ်း ပြီး ပြောမှားဆိုမှား၊ လုပ်မှားကိုင်မှား၊ ကြံမှား စည်မှားတွေ နည်းတော့ စိတ်ချမ်းသာ ကိုယ်ကျန်းမာတာပေါ့....၊ ဒါကိုဘဲ (သီလတော့သုခိတာ)လို့ ဗုဒ္ဓကဆိုလိုတာ၊ဒီအချက်တွေကြိုက်ပြီး ဦးပဥ္စင်းလဲ(ဒုလ္လဘ)ရဟန်းအဖြစ်ကနေပြီး အခုငါးဝါတောင်ရ ပြီ၊ကိုင်း....ဒကာကြီးလာတဲ့ကိစ္စက’ဟု မထေရ်က ဒကာကြီးအား မေးလိုက်ရာ....

ဒကာကြီးက ‘ဒီလိုပါဘုရား....တပည့်တော်တို့ အနေနဲ့ အရှင်ဘုရားရဲ့ သတင်းကြားရတာ ချီးကျူးလို့ မဆုံးပါဘူး၊ အားလဲကျပါတယ်၊ ဒါပေသည့် ဟိုတနေ့တုန်းက စကားဝိုင်း မှာ အရှင်ဘုရားနဲ့ပတ်သက်လို့ အရှင်ဘုရားနေပုံထိုင်ပုံ၊ အရပ် ထဲက ပင့်ဖိတ်မှုကိုပယ်တာကအစ အရှင်ဘုရားဟာ သီးခြားလို ဖြစ်ပြီး ဘယ်ဂိုဏ်း ဘယ်ဂဏနဲ့မှလဲ မဆက်ဆံ၊ဘယ် ‘ဂိုဏ်း’မှလဲ မဝင်ဆိုတော့ ရဟန်းရယ်လို့ဖြစ်လာယင် တပည့်တော်တို့အနေ နဲ့ ‘ဂိုဏ်း’တခုခုတော့ ဝင်သင့်တယ်လို့ ယူဆပြီး အရှင်ဘုရား အပေါ်မှာ မှန်တာလျှောက်ရယင် အမှား မြင်နေကြပါတယ် ဘုရား....’

မထေရ်က မျက်လွှာကို ပင့်တင်ပြီး စိတ်လိုက်မာန်ပါ အမိန့်ရှိသည်မှာ 'ဒကာကြီးတို့ရှုဒေါင့်က ကြည့်ယင် အမှန်ချည်းပါဘဲ ဦးပဥ္စင်းမငြင်းလိုပါဘူး၊ ဒါပေသည့် ဦးပဥ္စင်းရှင်းပြမယ်။ ကြိုက်တာမကြိုက်တာ အပထား၊ လောကဓမ္မဆိုတာမှာ ဘယ်ကိစ္စ ဘယ်အဖြစ်အပျက်မှာဘဲဖြစ်ဖြစ်(သဘာဝဓမ္မ)က အခြေခံပြီး (သဘောရေး)၊ သဘောရေးကနေပြီး (အယူအဆ)၊ အယူအဆကနေပြီး 'ဝါဒ'ရယ်လို့ ဖြစ်လာကြတယ်။ သေသေချာချာ နားထောင်သွားပါ၊ ချက်ခြင်းလက်ငင်း လက်မခံပါနဲ့။ နောက်ပိုင်းကျမှ တဖြည်းဖြည်းကိုယ်ပိုင်ဉာဏ်'ဓမ္မဦးကျောက်'ကိုသုံးပြီး ဆုံးဖြတ်ပါ'

နံပါတ်(၁)က သဘာဝ၊နံပါတ်(၄)က (ဝါဒ) ဒီနှစ်ခု ချိန်မကိုက်ယင် 'လောကဓမ္မ' တွေဟာ အမှားချည်း ဘဲလို့ ဦးပဥ္စင်းခံယူထားတယ်၊ဒီအတိုင်းလဲ ကျင့်သုံးနေတယ်၊ဒကာကြီး လျှောက်ထားတဲ့ (ဂိုဏ်း)ကိစ္စဟာ ဘယ်'သဘာဝ'က ပေါ်ပေါက်လာတာလဲဆိုယင် 'ကွဲလွဲ'မှုက ပေါ်ပေါက် လာတာပါ။'ကွဲလွဲ'တယ်ဆိုတဲ့နေရာမှာ တခုခုကမှန်ပြီး တခုခုက မှားတာလဲရှိတယ်၊နှစ်ခုစလုံး မှားတာလဲရှိတယ်။ အကယ်၍ နှစ်ခုစလုံး မှန်နေယင် ဘက်တော့မှ ကွဲလွဲမှုမဖြစ်နိုင်ဘူးလို့ တထစ်ချမှတ်စေချင်တယ်၊ 'အခုပြောတဲ့တွက်နည်းကို သင်္ချာနည်းအရ အပြန်အလှန်တွက်ကြည့်ပါ၊ ဒီတော့ ဦးပဥ္စင်းတို့'ရဟန်း' ဖြစ်လာကြတာဟာ ဘာကို ယုံကြည် အားထားလို့ ဖြစ်လာ ကြသလဲဆိုယင် (ဗုဒ္ဓ၊ ဓမ္မ၊ သံဃ) ဗမာပြော ပြောရယင် 'ဘုရား၊ တရား သံဃာ'ကို အားကိုးပြီး ဖြစ်လာတယ်၊ အခု အချိန်မှာ 'ဗုဒ္ဓ'

ဏတော့ မရှိဘူး၊ ဒီတော့ ဘာကို လုံးလုံး အားကိုး ရသလဲ ဆိုယင်.... ဓမ္မကိုဘဲ အားကိုးရတယ်။ အဲဒါက သဘာဝခေါ် တယ်။ ဓမ္မသဘာဝမှာ သဘောရေးတို့ အယူအဆတို့ ဆိုတာက အမှန်ရှိသလို အမှားလဲရှိမယ်၊ ဒီတော့ ဒီသဘောရေးနဲ့ အယူ အဆဏ ပေါက်ဖွားလာတဲ့ ဝါဒဆိုတာက ဘယ်မှာအမှန်ချည်း လို့ ယူဆလို့ရပမလဲ....'

ဒီတော့ ဒီဝါဒဟာ သဘာဝနဲ့ကိုက်မကိုက် ပြန်စိစစ်ဝေ ဖန်ကြည့်ရမယ်ဒကာကြီး၊ ဦးပဥ္ဇင်းတို့ ရဟန်းအနေနဲ့ အားကိုး တာက ဓမ္မဆိုတာမမေ့နဲ့၊ အဲ့ဒီ ဓမ္မသဘာဝနဲ့ အခု ဒကာကြီး လျှောက်ထားတဲ့ ဂိုဏ်းဝါဒနဲ့ သဘောတူမတူ မှန်မမှန် တိုက် ကြည့်လိုက်တော့ ဓမ္မလမ်းကြောင်းပေါ်မှာ လျှောက်နေကြတဲ့ ရဟန်းတွေဟာ ဘယ်မှာ ဂိုဏ်းရယ်လို့ တကွဲတပြားဖြစ်ဖို့မလိုပါ ဘူး၊ ဒီတော့ သဘာဝနဲ့ ညှိနှိုင်းလို့မရတဲ့ဂိုဏ်းကို အားကိုးပြီး ဝင်ဘို့ထွက်ဘို့မလိုပါဘူးလို့ တိုတိုဘဲဖြေချင်တယ်....'

'ဒကာကြီး ထပ်ရှင်းချင်သေးတာဏဒကာကြီးလျှောက် ထားတဲ့အထဲမှာပါတဲ့ အရှင်ဘုရားဟာ ဘယ်ဂိုဏ်း၊ ဘယ်ဓဏ ဘယ်ဘုန်းတော်ကြီး၊ ဘယ်ရဟန်းနဲ့မှ မဆက်ဆံဘူး ဆိုတဲ့ **စကားကတော့ မဟုတ်ပါဘူး** ဦးပဥ္ဇင်းရဲ့ အာရုမ်မှာ ရဟန်းခံ ရှင်ပြုရှိတိုင်းရှိတိုင်း ဆရာတော်ကြီးများ၊ စာသင်တိုက် စာချ ဆရာတော်များကို ပင့်ဖိတ်ပြီး ယင်းတို့၏ သြဝါဒကို ခံယူခြင်း၊ အကြံဉာဏ်တောင်းခြင်း၊ ရဟန်းတို့ ကျင့်သုံးအပ်တဲ့ အာဝါ သိကဓမ္မအညီ ဆက်ဆံပါတယ်၊ အခြားတရုံးတိုက် ကမ္မဋ္ဌာနာ စရိယများကိုလဲဒီအတိုင်းဘဲ ဆက်ဆံပါတယ်။ သို့ရာတွင်ဦးပဥ္ဇင်း

တို့က တရားသမားဆိုတော့ လောက ဝတ္တရားကတော့ လိုမှာ အမှန်ဘဲ၊

ဦးပဥ္စင်းအခုလို ရဟန်း၁၀ဝမှာ ကြာနေတာလဲ အဲဒီလို ကျင့်ဝတ်ဓမ္မတွေကို ကြည်ညိုအားထား ကျင့်သုံးချင်လွန်းလို့ ကြာကြာနေနိုင်တာ၊ နေတတ်သမျှကာလ အပိုင်းအခြားမှာလဲ 'ပရိယတ္တိသာသနာ' ပဋိပတ္တိသာသနာ၊ ပဋိဝေဒသာသနာတို့ကို လဲ အမြဲအားပေးချီးမြှောက်လျက်ရှိတယ်၊ ဒီဖက်ကတော့ မလို ရအောင် အမြဲ ဆောင်ရွက်လျက်ပါ။ ဝါသနာလဲ ပါတယ်။ သက်တော်ဝါတော်ကြီးတဲ့ ရဟန်းတော်ကြီးများကိုလဲ ချစ် တတ် ခင်တတ် ကြည်ညိုတတ်ပါတယ်၊ အကယ်၍ ယင်းကဲ့သို့ ပုဂ္ဂိုလ်ကြီးများ အာရာမ်အတွင်း လာရောက်သီတင်းသုံးပြီး နေ နိုင်မယ်ဆိုယင် ပစ္စည်းလေးပါးထောက်ပံ့ဘို့ အသင့်ပါဘဲ။ဂိုဏ်း မဝင်တာကတော့ သဘာဝနဲ့ ချိန်မကိုက်လို့ဘဲလို့ မှတ်ပါ ဒကာကြီး....'

ကြုံတုန်းမို့ ဂိုဏ်းဂဏဖြစ်ပေါ်လာပုံ၊ ဗဟုသုတကလေး ပြောရအုံးမယ်၊ ဗုဒ္ဓလက်ထက်တော်အခါက ဒေဝဒတ်က အ ဇာတသတ်ကို အားကိုးပြီး ဗုဒ္ဓရဲ့နောက်လိုက် အဖြစ်မှ ထွက်ပြီး သီးခြားဂိုဏ်းတခု တည်ထောင်လိုက်တယ်၊

အခုခေတ်စကားပြောယင် 'အတိုက်အခံပါတီ' လို့ပေါ့၊ နောက်ပိုင်းဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးလေးလအကြာမှာ အရှင်အာနန္ဒာ ရှင်မဟာကဿပတို့ကတဖက်၊အချို့ရဟန်းတွေကတဖက် 'မဟာ ယာန၊ ဟီနာယာန'ဆိုပြီး ကွဲကြပြန်တယ်။ နောက် အနှစ် နှစ်ထောင်ကျော်လာတော့ မန္တလေးမြို့တည်၊ နန်းတည်မင်းတုန်း

မင်းတြားကြီးလက်ထက်တော်မှာ 'ရွှေကျင်ဂိုဏ်း၊ သုဓမ္မာဂိုဏ်းဆို ပြီးကွဲကြပြန်တယ်။ ဒီတော့ဒီဂိုဏ်းဂဏတွေဟာ သချာနည်းနဲ့ဘဲ ဖြစ်ဖြစ်၊ သဘာဝနည်းနဲ့ပင်ဖြစ်ဖြစ် 'ရလာဒ်' အချိန်မကိုက်တဲ့ ကိစ္စတွေဘဲလို့ ဦးပဥ္ဇင်းယူဆတယ်၊ အမှန်စင်စစ်ကတော့ 'ဓမ္မ' သဘောမှာ 'ဝါဒ' မကွဲသင့်ဘူး၊ 'ဂေါတမ' အနွယ်က ဆင်း သက်လာတဲ့ 'ဗုဒ္ဓဓမ္မ' မဟုတ်လား၊ဓမ္မဝါဒကလဲ့ယင်အခြားဝါဒ တွေဟာ သဘာဝနဲ့ ချိန်မကိုက်တဲ့ 'ဝါဒ'ချည်းဘဲလို့ ဦးပဥ္ဇင်း ခံယူထားတယ်။

ဦးပဥ္ဇင်း အခုပြောနေတဲ့စကားတွေဟာ လုပ်သလိုပြော နေတဲ့စကားတွေဘဲ။ ရဟန်းဘဲဖြစ်ဖြစ်၊ ဝတ်ကြောင်ဘဲ ဖြစ်ဖြစ်၊ (ပြောသလိုလုပ်၊ လုပ်သလိုပြောယင်) စိတ်၏ချမ်းသာခြင်း၊ကိုယ် ၏ ကျန်းမာခြင်းနဲ့ပြည့်စုံရမယ်။ဘေးရန်ကကင်းမယ်၊ အပြစ်က လွတ်မယ်ဆိုတာ ဒကာကြီး ယုံကြည်ခဲ့ပါလျှင် နောင်ကို(ပြော သလိုလဲလုပ်ပါ၊ လုပ်သလိုလဲပြောပါ)

ဒကာကြီးမှာ နောက်ထပ် လျှောက်ထားချင်သော၊စိတ် ကုန်ခမ်းသော အနေနှင့် ကောင်းပါတယ်ဘုရား၊အခုလိုဆိုတော့ လဲ အရှင်ဘုရား ရှေ့ဒေါင့်က အရှင်ဘုရား အမှားချလို့တော့မဖြစ် ပါဘူးဟု လျှောက်ထား၍ ဦးတင်သွားလေ၏။

ကျွန်ုပ်သည် 'ဂိုဏ်းဂဏ' ကိစ္စနှင့်ပတ်သက်၍ ယခုမှသာ ကြားနာရသဖြင့် ကျွန်ုပ်အဖို့ 'ဗဟုသုတ' အသစ် တခုဟု မှတ် တမ်းတင်ခဲ့၏။

## "ဒုလ္လဘ များ"

နွေရာသီ ကျောင်းပိတ်ရက်ဖြစ်သည်။ နှစ်စဉ်လိုပင်ယင်းကဲ့သို့သော အချိန်မျိုး၌ ကျောင်းသူကျောင်းသား ရှစ်နှစ်အရွယ်ကစ၍ တဆယ့်ခုနစ်နှစ်၊ တဆယ့်ရှစ်နှစ်အထိ 'သာမဏေ'ကိုယ်ရင်ကလေးများအဖြစ် သင်္ကန်း၀တ်ကြသည်။ အမျိုးသမီးကလေးများကလည်း အားကျမခံ ရှစ်နှစ်အရွယ်ကစ၍ ဘဆယ့် သုံးနှစ်အရွယ်လောက်အထိ 'သီလရှင်'ကလေးများအဖြစ် တတုံးတုံးခြင်း၊ ဝါဝင်းသော အဝတ်အထည်ကလေးများကို 'သီလရှင်ကြီး'များအသွင်ဝတ်ဆင်ကြသည်၊ ရှစ်ပါးသီလထိန်းသိမ်းစောင့်ရှောက်ကြသည်မှာတပျော်တပါးကြီးဖြစ်၏။တခါတရံ'သီလရှင်'ဦးရေမှာ နှစ်ဆယ်မှ နှစ်ဆယ့် ရှစ်ယောက်ခန့်ရှိ၏။'သာမဏေ' ကိုယ်ရင်ငယ်များမှာ နှစ်ဆယ်မှ သုံးဆယ်ခန့်ရှိ၏။

အရွယ်ရောက်ပြီးသော ကျောင်းသား ကြီးများ၊ အိမ်ထောင်သည်များကား 'ဒုလ္လဘ' ရဟန်းအဖြစ် ပါရမီဖြည့်ကြ၏။ အချို့မှာတက္ကသိုလ်ဘွဲ့ရပြီးသူများ၊ဒုတိယ၊တတိယနှစ် ကျောင်းသားများဖြစ်ကြ၏။ ၎င်းတို့အနက် မထေရ်သည် 'ဒုလ္လဘ'သီလရှင် ကလေးများအား အထူး အရေးပေးလေ့ ရှိ၏။သူတို့ကို ပျော်အောင်ထား၏။ နေ့စဉ်နှင့်အမျှ အာရုံတက်ချိန်တွင် ထစေခြင်း၊ တနေ့လျှင် တရားလေးချိန်တက်စေခြင်း၊ နေ့ ဆွမ်းစားချိန်တွင်

ဝေယျာဝစ္စ'တို့ကိုကူညီဆောင်ရွက်စေခြင်း၊ 'ဓမ္မဗိမာန်'အတွင်း၌ ကြမ်းခင်းနှင့် မျက်နှာကျက်များကို သန့်ရှင်းစေခြင်း၊ ဘုရားပန်းအိုးများ၊ တရားပန်းအိုးများ၊ သံဃာပန်းအိုးများကို ဆေးကြောလဲလှယ်စေခြင်းစသော မြတ်သော အလုပ် ကိစ္စများကို ခိုင်းစေလေ့ရှိ၏။

ညနေခင်းငှနာရီတိတိတွင် မဲထရ်သည်သီလရှင်ကလေးများအား တုံးခေါက်၍ ခေါ် ပြီးလျှင် အောက်ပါ လင်္ကာကလေးများကို ချပေးလေ့ရှိ၏။ သီလရှင်ကလေးများမှာရပ်ထဲရွာထဲ၌ သီချင်းအော်ဆိုရမည့်အစား ချပေးသောလင်္ကာများကို အရကျက်၍ သူ့ထက်ငါ အပြိုင်အဆိုင် သံပြိုင် ဆိုသံ တို့မှာ အလွန့်အလွန် သာယာလှပေသည်။

ပထမ မထေရ်က သံနေသံထားနှင့် တခေါက် ဆိုပြပြီးလျှင် သုံးခေါက်တိတိ ချပေးပြီးနောက်'ညာဏ်'ထက်သူသီလရှင်ကလေး တယောက်အား ဆက်လက်ချပေးစေသည်။ ငယ်ရွယ်ပျိုမျစ်သူကလေးများဖြစ်ကြသည့်အလျောက် အသံကလေးများမှာ သာယာနာပျော်ဘွယ် ရှိလှပေသည်။

'မျက်စိအဆင်း၊ သိမှုပေါင်းဆုံ
ပုံစံမှတ်စွဲ၊ အလွဲမြင်ပုံ
သတိကပ်၊ မှတ်ကြကာမဂ္ဂဏ်။

နားဝအသံ၊ သိမှုပေါင်းဆုံ
ပုံစံမှတ်စွဲ၊ အလွဲမြင်ပုံ
သတိကပ်၊ မှတ်ကြကာမဂ္ဂဏ်။

နှာဝအနံ့၊ သိမှုပေါင်းဆုံ
ပုံစံမှတ်စွဲ၊ အလွဲမြင်ပုံ
သတိကပ်၊ မှတ်ကြကာမဂ္ဂဏ်။

လျှာဝရသ၊ သိမှုပေါင်းဆုံ
ပုံစံမှတ်စွဲ၊ အလွဲမြင်ပုံ
သတိကပ်၊ မှတ်ကြကာမဂ္ဂဏ်။

ကာယထိတွေ့၊ သိမှုပေါင်းဆုံ
ပုံစံမှတ်စွဲ၊ အလွဲမြင်ပုံ
သတိကပ်၊ မှတ်ကြကာမဂ္ဂဏ်။

စိတ်မှာစိတ်ကူး၊ သိမှုပေါင်းဆုံ
ပုံစံမှတ်စွဲ၊ အလွဲမြင်ပုံ
သတိကပ်။၊ မှတ်ကြကာမဂ္ဂဏ်။
ခြောက်ပေါက်အရပ်၊ ထပ်ထပ်ထိတုံ
ဒရစပ်၊ ဖြစ်ရကာမဂ္ဂဏ်။

ယင်းလင်္ကာသံပေါက်ကလေးကို ဒုလ္လဘ သီလရှင်ကလေးများက မထေရ်မြတ်ရှေ့တွင် ရဲရဲတင်းတင်း လက်ဟန် ကိုယ်နေဟန်ထားဖြင့် ညီညီညာညာ သံပြိုင် ဆိုနေကြသည်မှာ အလွန်သာယာနာပျော်ဖွယ် ရှိသည့်အပြင် ဓာဗျာလွတ်အကကဲ့သို့ ကြည့်လို့ပင် ကောင်းပါသေးသည်။

တနေ့သော ညနေခင်း တက္ကသိုလ်ကျောင်းသူ၊ ဆယ်တန်းကျောင်းသူတစု မထေရ်၏ ကျောင်းသို့ သွားလိုကြောင်း

ပြောလာသဖြင့် ကျွန်ုပ်ကိုယ်တိုင်ပင် လိုက်ပို့လိုက်ရပါသည်။ မထေရ်သည် ကျောင်းသင်ခန်းကို သေနာသနဝတ်အရ သန့်ရှင်းရေး ဆောင်ရွက် နေသော အချိန်နှင့် ကြုံကြိုက် နေပါသည်။ ကျောင်းသူမများက သူတို့ ကုသိုလ် ယူလိုကြောင်း လျှောက်ထားသဖြင့် မထေရ်သည် ခွင့်ပေးခဲ့၍ အပြင်သို့ ခေတ္တမျှထွက်နေပါသည်။ ကျောင်းသူများမှာ အားရရွှင်လန်းစွာဖြင့် ကျောင်းကလေး၏အတွင်းအပြင် ရေချိုးခန်း၊ ကုဋိ အိမ်သာမှ မကျန် ဆေးကြော သုတ်သင် ကြပြီးနောက် မထေရ်သည် ကျောင်းကလေးအတွင်းသို့ ဝင်လာကာ....

'အေးကောင်းတယ်၊ နင်တို့ ကုသိုလ်အများကြီးရသွားပြီ သိကြလား'ဟု မေးလိုက်ရာ....

ကျောင်းသူမများက 'တင်ပ' ဟု ဖြေကြ၏။ အချို့က 'ဟုတ်ကဲ့'ဟု ဖြေရာ ဝိုင်း၍ ရယ်ကြ၏။

မထေရ်က 'တင်ပ ဆိုတာ အရပ် စကား ကတော့ ဟုတ်ကဲ့ ဆိုတာနဲ့ တူတူပါပဲ၊ ဟုတ်ကဲ့ဘုရားလို့ ပြောယင်ပိုကောင်းတယ်၊ တင်ပ ဆိုတဲ့ စကားမှာလဲ နောက်က ဘုရား ထည့်ယင် ကြိုက်ကြတယ်။ အမှန်ကတော့ ဗုဒ္ဓ ကို သတိရအောင် ဘုရား ထည့်ဆိုတဲ့ စကားလုံးကို သုံးကြတယ် ထင်ပါရဲ့'ဟု ရှင်းပြပြီးနောက် 'နင်တို့ အရပ်ထဲမှာလဲ ဆူညံလို့ ပါလား၊ (Loud-speaker) အသံချဲ့စက်တွေ ညကလဲ ၁၁ နာရီ လောက်မှ ပျောက်သွားတယ်။ အခုနံနက်လဲ အာရုဏ် မတက်ခင် ကထဲက ဆူနေတာပဲ' မိန့်လိုက်ရာ သွက်လက်ပုံရသော ကျောင်းသူမတယောက်က....

'တင်ပဘုရား အရပ်ထဲမှာ အခုနှစ်တော်တော်အလှူပေါ တယ်ဘုရား....'။ဆက်လက်ပြီး 'အဲဒီလိုဆူနေတော့ ဆရာတော်တို့ အနေနဲ့ စိတ်ညစ်သလား....ပျော်သလားဘုရား'ဟု မေးလျှောက်ရာ၊ ကျောင်းသူအချင်းချင်းကြည့်၍ ပြုံးကြ၏။

မထေရ်က 'ဘာစိတ်ညစ်စရာ၊ပျော်စရာ ပါလို့တုံး၊ဒါဟာ နားနဲ့ အသံလာပြီးထိတဲ့သဘောဘဲ။ ကောင်းတော့ကောင်းတယ်လို့ သိလိုက်တယ်၊မကောင်းတော့လဲ မကောင်းဘူးလို့ သိလိုက်တာပေါ့'ဟု ဖြေလိုက်ရာ....

နောက် မထေရ်နှင့်ခင်မင်ရင်းနှီးပုံရသော ကျောင်းသူမတယောက်က 'ဆရာတော်တို့က ဒီအသံတွေကို မသာယာတော့ဘူးလားဘုရား'ဟု ထပ်ဆင့်မေးလျှောက်ရာ....

မထေရ်က 'မသာယာဘူး သာယာတယ်ဆိုတဲ့ ဓမ္မက 'ရဟန္တာ'မဖြစ်သေးတဲ့သူ'တဏှာ'မကုန်သေးတဲ့သူတိုင်းမှာ ရှိပြီးသား'ဓမ္မ'ဘဲ။ ဘယ်မှာဦးပဥ္ဇင်းတို့အဖို့ မသာယာဘဲ ရှိပါ့မလဲ၊ သာယာတာရှိသလို ကိုယ်မကြိုက်တော့ မသာယာဘူး ပေါ့၊ စိတ်တောင်ဆိုးသေးတယ်၊ဒါပေသည့် ဓမ္မသဘောကိုဓမ္မအတိုင်း မြင်အောင် ကြိုးစားရတယ်၊ နင်တို့နားလည်အောင် ပြောပေးမယ်၊ သေသေချာချာနားထောင်၊ 'သူတပါးရဲ့ ပါးစပ်ဖျားမှာ လမ်းမဆုံးစေနဲ့။ ဓမ္မကို ဓမ္မအတိုင်း သိတယ်ဆိုတာ မျက်စိနဲ့ အဆင်း၊ နားနဲ့အသံ၊နှာခေါင်းနဲ့အနံ့၊ လျှာနဲ့အရသာ၊ကိုယ်နဲ့ အထိအတွေ့၊ စိတ်နဲ့စိတ်ကူး၊ အဲဒီခြောက်တွဲဟာ အတိုက် ဓမ္မနဲ့၊ အခံဓမ္မလို့ ခေါ်တယ်၊ နင်တို့မှာရှိနေတဲ့ မျက်စိတို့ နားတို့စသည် ဖြင့် ဒီခြောက်ခုက အခံဓမ္မ၊ ဟိုကလာတိုက်တဲ့အဆင်းတို့၊ အသံ

တိုကအတိုက်ခံမှု၊အဲဒီနှစ်ခုထိတော့ ဒီမှာကြည့် ဒီခေါင်းလောင်းကလေးဟာ သူ့ဘာသာသူထားယင်အသံထွက်သလား‘မထွက်ပါဘူးဘုရား’၊အေး....အခုထွက်သလား.... ‘ထွက်ပါတယ်ဘုရား’ ဘာပြုလို့ထွက်သလဲ....‘တီးလို့ ထွက်ပါတယ်ဘုရား....’

(ဒီအဖြေက နှပ်စားတောင် ဖြေတတ်တယ်)

‘တီးတယ်ဆိုတာဏ ခေါင်းလောင်းမို့ တီးတယ်ဆိုတဲ့ ‘ဝေါဟာရ’ကိုသုံးတာ၊ တကယ့်ဓမ္မသဘောက တခုခုနဲ့ ထိလို့ အသံထွက်တယ်လို့ဖြေရမယ်၊ အဲဒီလိုဘဲ.... နင်တို့ မျက်လုံးထဲက သူငယ်အိမ်လို့ခေါ်တဲ့ မျက်စိ အကြည်ဓမ္မကို ဟိုက အဆင်းဆိုတဲ့ အတိုက်ခံမှုက အရိပ်သဘော လာထင်တော့မြင်တယ် လို့ မသိလိုက်ဘူးလား....’သိပါတယ်ဘုရား’ ဒီနေရာမှာဓမ္မသဘောက ဟိုဏအတိုက်ခံမှုက ဒီကအခံဓမ္မကို အရိပ်လာထိုးတော့မြင်တယ် သိတယ်၊ကောင်းတယ်၊မကောင်းဘူး၊လှတယ်၊မလှဘူး၊ ဖြူတယ်၊ မဲတယ်၊ယောကျ်ားကြီးဘဲ၊ ယောကျ်ားလေးဘဲ၊ မိန်းမကြီးဘဲ၊ မိန်းကလေးဘဲလို့ မသိဘူးလား‘သိပါတယ်ဘုရား’အဲဒီလို သိလာတာဟာ နင်တို့သိတာမြင်တာလို့ထင်တယ် မဟုတ်ဘူး၊ဓမ္မက ဓမ္မကို သိတာ၊ အဲဒီလိုဓမ္မကဓမ္မကိုသိတာဘဲလို့ ယုံကြည် ခံယူတတ်ယင် သာယာတာတို့ မသာယာတာတို့ ခဏတိုင်း ခဏတိုင်း ပျောက်သွားတာပေါ့၊အဲဒီလိုမြင်တဲ့နေရာမှာလဲ နှစ်ပိုင်း ရှိတယ်၊ ပထမအပိုင်းက မြင်ရုံမြင်တာ၊ဒုတိယအပိုင်းက မြင်တဲ့အပေါ်မှာ ဝေဖန်တာ၊မြင်ရုံမြင်တာက‘ဝိညာဏ်’ဆိုတဲ့ဓမ္မတခုရဲ့ကိစ္စ၊ မြင်ပြီး တော့ ဘာမှန်းညာမှန်းမသိသေးဘူး၊ နောက်မှ ဦးနှောက်ကို ရောက်သွားတယ်၊ ဦးနှောက်ဓမ္မက နေပြီး အခုန ပြောခဲ့တဲ့

ဝတယ်၊ လှုတယ်တွေဖြစ်လာတယ်။ ဦးနှောက်ဓမ္မကို သညာဓမ္မက ယှဉ်ဖော်ယှဉ်ဖက် အကျိုးပြုတယ်၊ ဝိညာဏ်ဓမ္မက နှလုံးဗုံးထဲက သညာဓမ္မကဦးနှောက်ထဲကလို့မှတ်၊နှလုံး( Heart ) ဦးနှောက်(Brain)နဲ့ဟာ သွေးကြောတွေနဲ့ အမြဲ အဆက်အသွယ်ရှိတယ်။ 'ညာဏ်' 'ဓမ္မ'က ဦးနှောက်မှာ အမြဲကိန်းနေတယ်။ 'ညာဏ်'ကောင်းတဲ့သူဟာ ဦးနှောက် အလေးချိန်ပိုတယ်၊ ဒို့ဆရာ 'ဗုဒ္ဓ' ကတော့ အသိသုံးမျိုးခွဲပြီး ဟောတယ်၊ 'ဝိညာဏ်သိ' 'သညာသိ' 'ပညာသိ'တဲ့....၊ ပညာသိ ဆိုတာ ဦးနှောက် ဓမ္မနဲ့ သိတာကို ခေါ်တယ်။ ဒီအထဲမှာ ဝိညာဏ်ကော သညာပါ ပါတယ်ဟု မထေရ်က ရှင်းပြရာ....

ကျောင်းသူမတယောက်က တပည့်တော်အမေက 'ဒီအသံတွေကိုမကြားချင်ယင် မကြားဘဲနေလိုက် မကြားတော့ဘူး ဆိုတာ ဟုတ်ရဲ့လားဘုရား'

မကြားချင်ယင်၊မကြားဘဲနေလို့ရယင် ဘယ်မှာဆိတ်ငြိမ်ရာလိုတော့မလဲ၊ မကြားချင်ဘူး ဆိုယင် ပြီးနေတာဘဲ၊ နားရှိနေယင် ကြားရမှာပါဘဲ၊ အေး....သူတော်ကောင်း 'ရဟန္တာ' ကြီးတွေ သမာပတ်ဝင်နေတဲ့အခါတော့ မကြားဘူး ပြောကြတယ်၊ အခုနရှင်းပြတဲ့ အထဲမှာ ပါသွားဘဲ။ ကြားနေရပေမင့် ဒီကြားတဲ့အသံ မြင်တဲ့အဆင်းနောက်ကို ဝေဖန်ချက်တွေ မပါအောင် 'ဓမ္မ'သဘောကို ဓမ္မအတိုင်း မြင်အောင် ကြည့်နိုင်ယင် ပြီးတာပါဘဲ၊ နင့်အမေက 'ရဟန္တာ'ကြီးများ ဖြစ်နေသလား။ မဖြစ်သေးယင် 'စိတ္တဇ'ဆေးရုံကို မြန်မြန်ပို့လိုက်ဟု မထေရ်က

အမိန့်ရှိသည်တွင် ကျောင်းသူတို့မှ ၁အိမ်ခြေ့'ကိုပင် မစောင့်ဆည်းနိုင်ကြဘဲ ရယ်မောကြကုန်၏။

တယောက်သော ကျောင်းသူမက 'အကယ်၍ တပည့်တော်တို့အနေနဲ့ ကိုယ်ကြိုက်တဲ့သီချင်းသံကို ကြားရလို့ သာယာပြီးလိုက်ဆိုတဲ့ အခါလဲ ရှိတယ်၊ စိတ်ထဲကဘဲ အတွေးဏာဘဲ အတွေးနဲ့ သာယာနေမယ် ဆိုယင် ငရဲကြီးသလား ဘုရား'

'ငရဲကြီးတယ်ဆိုတာ ဘာကို ခေါ်တာလဲ 'ငရဲကြီးသွားတော့ ဘယ်လိုဖြစ်သွားတာလဲ' ငါနားလည်အောင် ဖြေစမ်းပါအုံးဟု မထေရ်ကမေးလိုက်ရာ....

ကျောင်းသူမမှာ ငိုင်ပြီး....'ပြောကြတာဘဲဘုရား၊ဘယ်လိုငရဲကြီးတယ်ဆိုတာတော့ မသိပါဘူးဘုရား'

'အေး ...သူမျာ:ပါးစပ်များ လမ်းဆုံးတယ်ဆိုတာ ဒါကိုခေါ်တာဘဲ၊သီချင်းသံကြားလို့ သာယာတယ်၊ လိုက်ဆိုဘယ်ဆိုတာ ဘယ်သူ့ထိခိုက်လို့တုံး တုတ်နဲ့ ရိုက်တာမျိုးလဲ မဟုတ်၊ ဓားနဲ့ခုတ်ဘာမျိုးလဲ မဟုတ်၊ ဆဲဆိုကြိမ်းမောင်းတာ မျိုးလဲ မဟုတ်၊ ဘာကငရဲလာကြီးမှာလဲ စဉ်းစားကြည့်ကြစမ်း။အေး....ငရဲကြီးမကြီးတော့မသိဘူး။ အဲ့ဒီလို သာယာနေတဲ့ အချိန်မှာဖြစ်ပေါ်နေတဲ့ 'စိတ်ဓမ္မ'အစဉ်ကြီးကတော့ လောဘတို့၊ဒေါသတို့၊မောဟတို့ဘဲဖြစ်မယ်။'လောဘဓမ္မ'က တောင့်တ ခိုင်းတယ်။ 'ဒေါသဓမ္မ'က ကြောင့်ကျ ခိုင်းတယ်။ 'မောဟဓမ္မ'က ဘာသဘောရေးကိုမျှ ဂရုစိုက်ဖို့ 'သတိ'မရဘူး၊ ဒီတော့ 'လောဘ' ကြောင့် မောတယ်၊ 'ဒေါသ' ကြောင့် မောတယ်၊ မောဟ'

ကြောင့် ငိုင်တယ်၊ ဒါတွေ ခံစားရတာကို ငရဲကြီးတယ်လို့ ပြောကြတာထင်ပါရဲ့ မှောလား မမှောဘူးလားဆိုတာ နောက်တခါဖြစ်ရင် စောင့်ပြီး သတိနဲ့ကြည့်စမ်း တကယ်မှောတာ မမှောအောင်ငါနည်းပေးလိုက်မယ်၊ အဲဒီလိုကြားယင်၊ ငါအခု ကြားနေတာ ဘယ်ကကြားနေသလဲ ဘယ်လိုလုပ်ကြားနေသလဲ ဒီအသံဟာ ငါ့နားထဲ ဝင်လာတာလား၊ ငါ့နားက ဒီအသံ နောက်လိုက်သွားတာလား၊ ကြားတော့သာယာတယ် မသာယာ ဘူးဆိုတာ ဘယ်သဘောလဲ၊ ဟိုခွေး ဟောင်တာ ကျတော့ မသာယာဘူး၊ အရက်သမား လမ်းလျှောက် သီချင်းဆိုတော့ မသာယာဘူး ဒီဇာတ်လိုက် မင်းသား မင်းသမီးအဆိုတော်တွေ ဆိုတဲ့အသံမှ သာယာတယ်ဆိုတာ အသံဟာ အသံဘဲဖြစ်ပါ လျက် ဘာ့ကြောင့်သဘောကွဲလွဲနေပါလိမ့်၊ စသည့်ဖြင့်မေးခွန်း တွေထုတ်ပြီး ကိုယ့်ကိုယ်ကိုယ်မေးကြည့်စမ်း ဒီအသံဘာဖြစ်သွား သလဲ သိရအောင် အဲဒီလိုဆိုယင် အနာဂတ် နောက်လာမယ့် အချိန်အတွက် မကြောင့်ကြ၊ မတောင့်တရတော့ဘူး၊လွန်သွား တဲ့ အတိတ် အသံတွေကိုလည်း မသိချင်တော့ဘူး၊ 'ပစ္စုပ္ပန်' ကြားလိုက်တဲ့ အသံ တလုံးချင်း အပေါ်မှာ စိတ်ရောက်ပြီး၊ တလုံးနဲ့တလုံး ဆက်စပ်လို့မရဘဲ၊ သာယာတာ၊ မသာယာတာ ဆိုတဲ့ ဓမ္မတွေမပေါ်တော့ဘူး၊ အဲဒါကိုဘဲ ဓမ္မလမ်းကြောင်း ပေါ် စိတ်ရောက်နေတယ် ခေါ်တယ်၊ ကဲ အိမ်ရောက်တဲ့အခါ စမ်းကြည့်ကြ၊ သီလရှင်ဓာလေး တွေထံလဲသွား လိုက်ကြအုံး၊ တိုကျတော့ သူတို့ငါသင် ပေးထားတဲ့ လက်ာသံပေါက် ကလေးတွေကို ဟန်နဲ့ ပန်နဲ့ဆိုခိုင်း၊ တော်လောက်ပြီဟု မထေရ်

ကာစကားကို ဖြတ်လိုက်သဖြင့် ကျောင်းသူမများ ဦးတင်ပြီး ကျွန်ုပ်နှင့်အတူ ထွက်ခဲ့ကြ၏။

## "လ ဗို မာန် ပြ သ နာ"

မထေရ်သည် နေ့စဉ်နှင့် အမျှ ရဟန်းကြီးများနှင့် နံနက်ဖြေ နာရီအချိန်တွင် ကျောင်းကလေး အတွင်း၌ စည်းဝေးစေ၏။ စည်းဝေးတိုင်းခေါက်လိုက်သည်တွင် ရဟန်းကြီးများနှင့်'ဒုလ္လဘ' ရဟန်းသစ်များသည် မထေရ်၏ ကျောင်း ကလေးဆီသို့ အစဉ် အတိုင်းကြွလာကြပြီးလျှင် မထေရ်၏ရှေ့မှောက်၌ အစဉ်အတိုင်း နေရာယူကြ၏။

မထေရ်က 'ကျန်းမာ ချမ်းသာကြရဲ့လား'ဟူသော နှုတ်ဆက်မေးခွန်းကိုစလိုက်၏။ ရဟန်းအားလုံးကပင် ကျန်းမာချမ်းသာကြောင်း တုန့်ပြန်လျှောက်ထားကြ၏။

မထေရ်က 'ကဲ....ဒီနေ့တော့ 'ဒုလ္လဘ' ရဟန်းငယ်တွေလဲ ပါတယ်၊ ရဟန်းတို့ရဲ့ စည်းကမ်းချက်တွေကတော့ ရဟန်းကြီး ဖြစ်တဲ့နေ့ကဘဲ သင်ကြားခဲ့ပြီးပြီ။ ဒီအတိုင်း လိုက်နာကျင့်သုံး ကြပေါ့၊ ခါတိုင်းကတော့ ရဟန်းကြီး များနဲ့ ပတ်သက်တဲ့ အဆုံးအမတွေကို မေးလေ့ရှိတယ်၊ ဒီနေ့ကတော့အထူးအားဖြင့် 'ဒုလ္လဘ'ရဟန်းငယ်များနဲ့ 'ဗဟုသုတ' ဖလှယ်ရမယ်၊ 'ဒုလ္လဘ' ဘယ်နှစ်ပါးလဲ'ဟု မေးရာ....

'ရဟန်းကြီးတပါးက'ဒုလ္လဘာ' ငါးပါးပါဘုရား။သုံးပါးက တက္ကသိုလ်ကျောင်းသား ဖြစ်ကြပါတယ်။နှစ်ပါးကလခစား အရပ်ထဲကပါဘုရား'ဟု ဖြေကြားလိုက်၏။

'အေး– တက္ကသိုလ်ကျောင်းသားတွေက သိပ္ပံတွေလား။ ဝိဇ္ဇာတွေလား'

'ဒုလ္လဘာ' ရဟန်းငယ် တပါးက သိပ္ပံ ကျောင်းသား ပါဘုရား။တပြည့်တော်က ( M.C )ဆေး စတုတ္ထနှစ်ပါဘုရား။ ကျန်နှစ်ယောက်ကတော့ ( R.I.T )စက်မှုလက်မှုတတိယနှစ် ပါဘုရား'

'အေးကောင်းတယ် အရှင်ဘုရားတို့ရဲ့ ဆေးပညာတွေ၊ စက်မှုလက်မှု ပညာတွေနဲ့ ဒီက'ဗုဒ္ဓဓမ္မ' ပညာနဲ့ ဖလှယ်ရမှာပဲ၊ အရှင်ဘုရားတို့က သိချင်တာမေး တပည့်တော်က သိယင်ဖြေမယ်။ မသိယင် မသိဘူးလို့ ဝန်ခံရမှာပဲ၊ ကဲ....မေးကြစမ်း'

ဒုလ္လဘာများသည် တဦးကိုတဦးကြည့်၍ ဦးခေါင်းများကို အောက်စိုက်လျက် လျှာထိုးကြမ်းပြင်ကို လက်သည်းဖြင့်ကုတ်နေကြ၏၊ရဟန်းကြီးတပါးကမနေ့ညကတပည့်တော်တို့နဲ့ ဒုလ္လဘာများ စကားစပ်မိကြရာ လဗိမာန်ကို လူသားတို့ရောက်နိုင် မရောက်နိုင် ပြဿနာတခုပေါ်ပေါက်ခဲ့ပါတယ်ဘုရား၊ တပည့်တော်ကအချို့ ပညာရှိ ဘုန်းတော်ကြီးများရဲ့ ပြောသံဆိုသံကြားရသဖြင့် လူသားတယောက်အနေနဲ့ နေတို့လတို့ နေရာကို မရောက် နိုင်တဲ့ ဖက်က ငြင်းပါတယ် ဘုရား၊ သူတို့က ရောက်နိုင် ကြောင်း အမျိုးမျိုး သိပ္ပံနည်း ဝိဇ္ဇာနည်း တွေနဲ့ တွက်ချက် ရှင်းလင်း ပြကြပါတယ် ဘုရား၊ ဒီ ကိစ္စဟာ အခုထိ မရှင်းလင်းသေး

တဲ့အတွက် ဆရာတော်ကို လျှောက်ထားဖို့ ဟန်ပြင်ခဲ့ကြပါတယ်
ဘုရား၊ လူသားဟာ ဒီနေတို့၊ လတို့နေရာကို ရောက်နိုင်မရောက်
နိုင် ဆိုတဲ့ ဘုရား ဟောများ ရှိပါ သလား ဘုရား'....ဟု
လျှောက်ထားရာ....

မထေရ်က 'ပြဿနာကတော့ ကိုယ်နဲ့မဆိုင်တဲ့ပြဿနာဘဲ
ကိုယ်တော်ကလေးများက ရောက်နိုင်တယ်ဆိုတဲ့ အထောက်အ
ထားတွေ ပြနိုင်ကြမှာပေါ့၊ အမေရိကန်က လဗိမာန်ပေါ်မှာ
ခြေချခဲ့ရလို့ ပြည်ထောင်စုအလံကိုတောင် လကမ္ဘာမှာ စိုက်ထူ
ထားခဲ့တဲ့အကြောင်း၊ လရဲ့မြေမျက်နှာပြင်ဟာ မညီညွတ်တဲ့ အ
ပြင် ရပ်တည်လို့မရတဲ့အကြောင်း အခု တပည့်တော်တို့ ကမ္ဘာ
မြေလောက် ( Gravitation ) ပူးကပ်ဆွဲငင်ဓာတ် မရှိလို့
လမ်းသွားခက်တဲ့ အကြောင်း၊ တောင်ကုန်း ချိုင့်ဝှမ်း
ပေါတဲ့အကြောင်းစသည်ဖြင့် သတင်းစာတွေထဲမှာလဲ ထည့်
သွင်းကြေငြာတယ်၊ ရုပ်ရှင်လဲရိုက်ပြတယ်၊ (Computer)၏
အကူအညီနဲ့ လကမ္ဘာမှာရှိတဲ့ တွေ့တဲ့ကိစ္စအရပ်ရပ်တွေကို ရှင်း
ပြတယ်စသည်ဖြင့် ကမ္ဘာကိုပွင့်ပွင့်လင်းလင်းကြေငြာနိုင်ခဲ့တော့
အတော်ယုံကြည်ထိုက်တယ်လို့ဆိုရမယ်၊

ပြီးတော့နိုင်ငံတိုင်းမှာလိုဘဲ (Television)ရုပ်မြင်သံ
ကြားသက်သေခံတွေလဲ ပြတယ်ဆိုဘဲ၊ ဒီတော့ သူတို့ လေသူရဲ
တွေဟာ နေရာသစ်တခုကိုတော့ ရောက်တာ သေချာတယ်လို့
ကောက်ချက်ချရမယ်၊ သူတို့ရောက်ခဲ့တာဟာ 'လဗိမာန်ဘဲလား၊
အခြားအရပ် စကြာဝဠာတခုဘဲလားဆိုတာ မခန့်မှန်းနိုင်ဘူး၊

'ဗုဒ္ဓဟောမဟော ကိစ္စကို အသာထားပါအုံး၊ အခုဘုန်ပည့်တော်ဉာဏ်မှီသလောက် ရှင်းပြနေတာက သူတို့ကြေငြာချက်တွေကို တဆင့် ကြားရတဲ့အတိုင်း ရှင်းပြနေတာ၊ ဗုဒ္ဓကတော့ စကြာဝဠာအနန္တလို့ဟောတယ်၊ စကြာဝဠာ အနန္တဆိုတာဘုန်ပည့်တော်တို့ နေထိုင်တဲ့ ကမ္ဘာမျိုးဟာ မရေမတွက်နိုင်အောင်ရှိတယ်တဲ့၊ လဗ်မာန်ပေါ်ကို ရောက်ထာ မရောက်ထာထား၊ ဒီလိုကမ္ဘာကိုအပတ်ပေါင်းများစွာကို တနာရီမှာ မိုင် ၁၅,၀၀၀ သွားနိုင်တဲ့ယာဉ်ကို ဖန်တီးနိုင်တာဘဲ အတော် အံ့အဲသြသင့်လောက်တယ်၊ တပည့်တော်လို့ ဗမာတွေအဖို့ စက္ကူစွန်တောင် ကြာရှည်လေးမြင့်အောင် ကောင်းကင်မှာ တည်နေနိုင်အောင် တီထွင်နိုင်ဘို့တောင် အတော်ခက်တာ၊

အမှန်မှာ ဗမာမှာလဲ ဦးကျောက်တော့ရှိပါရဲ့ ကြိုးစားမှုက လိုနေတော့ ဘာတခုမှ အကောင် အထည် မဖော်နိုင်တဲ့အပိုင်းမှာရှိနေဘယ်။ ဒီနေရာမှာ ဗုဒ္ဓအလိုအရ ပြောရယင် Development တို့ Improvement တို့လို့ခေါ်တဲ့ပါရမီတွေကလဲ လိုသေးတယ်ထင်ပါရဲ့၊ သူတို့ရဲ့ကြံရည် ဖန်ရည်ပါရမီတွေက ဘဝထိုထိုဓာ သိပ္ပံဖက်ဆိုင်ရာမှာ ဖြည့်ဆည်းလာပုံရတယ်။ ဒီဦးကျောက်တွေဟာ လောကီဓမ္မတွေမို့ လောကုတ္တရာဓမ္မမှာသာသုံးရယင် ရဟန္တာကြီးတွေ ဖြစ်ကြမှာဘဲလို့ တပည့်တော်တော့ထင်တယ်၊ အရှင်ဘုရားတို့ကြည့်လေ၊ဒီလောက်လေးလံတဲ့ သံတုံးသံခဲကြီးကို ဘာမှအတွယ်အတာမရှိတဲ့ (Space) လို့ခေါ်တဲ့ အာကာသဗလာကွက်ထဲမှာ ရက်ပေါင်း ၆ ရက်နေနိုင်တာဘဲ၊

ဘယ်ကလောက် အံ့ဩဖို့ကောင်းသလဲ၊ ပြီးတော့သူတို့ရောက်ခဲ့တဲ့နေရာမှာ ဘယ်လိုသတ္တဝါမျိုးမှမတွေ့ဘူး၊ စိမ်းစိမ်းစိုစိုဆိုယင် မြက်ခင်းတောင် မတွေ့ဘူးလို့ဆိုတော့ ဗုဒ္ဓဓမ္မနဲ့တော့ ဒီနေရာမှာကိုက်ညီနေတယ်၊ ဗုဒ္ဓကလဗိမာန်၊ နေဗိမာန်ဆိုတာ သတ္တဝါနေတဲ့အရပ်မဟုတ်ဘူးဟာလာဟင်းလင်းအခေါင်းချည်းလို့ဆိုတယ်၊ လဗိမာန်ရဲ့အကျယ်အဝန်းကတော့'ဗုဒ္ဓ'က (၄၉) ယူဇနာရှိတယ်လို့ဆိုတယ်၊ အကယ်၍ အခုခေတ်သုံးမိုင်နဲ့တွက်မယ်ဆိုယင် (၆၅၀ မိုင်)လောက်စတုရန်းကျယ်ဝန်းတယ်ပေါ့၊ ဒီနေရာမှာတော့ အခုခေတ်သိပ္ပံနဲ့ ကိုက်ညီပုံမရဘူး။

လဗိမာန်ကို လူသားများ ရောက်နိုင်တယ် မရောက်နိုင်ဘူးဆိုတာကတော့ တပည့်တော်တို့အနေနဲ့ ကြားလဲ မကြားဖူးဘူး၊တွေ့လဲမတွေ့ဖူးဘူး၊ ဟောမယ်လဲမထင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ လောကဓမ္မသက်သက် ဖြစ်နေလို့ အကြောင်းအကျိုးမဆက်စပ်တဲ့ဓမ္မတွေကို ဗုဒ္ဓကဟောလေ့ ဟောထ မရှိတော့မဟောဘူးဘဲထင်တယ်၊

တပည့်တော်တို့ဘဲ စာပေနယ်မကျယ်လို့လား မသိဘူး၊ ပြီးတော့တနည်းတွေးတော ကြံဆဖို့က လဗိမာန် နေဗိမာန်ဆိုတာတွေဟာ ဒီစကြာဝဠာကြီးအတွင်းမှာ ရှိနေတော့ ရောက်အောင်ကြိုးစားယင် ရောက်ကောင်းတဲ့အလုပ်ပဲ၊ လောက ဓမ္မတွေဟာ လောကုတ္တရာဓမ္မလောက်မခက်ပါဘူး၊ လောကုတ္တရာလို့ခေါ်တဲ့ အနတ္တနိဗ္ဗာန်ဓမ္မတောင် ကြိုးစားယင် တနေ့နေ့တဘဝမှာရကောင်းသေးတာဘဲ၊ လောကမှာ မဖြစ်နိုင်တဲ့ ဓမ္မရယ်လို့မရှိပါဘူး၊ အချို့အနောက်နိုင်ငံ အတွေးအခေါ်ပညာ

ရှင်ကြီးတဦးကတောင် (Impossible is a word only to be found in the dictionary of fools) မ ဖြစ်နိုင်ပါဘူးဆိုတဲ့စကားလုံးဟာ လူမိုက် လူဖျင်းတို့ရဲ့ အဘိဓာန်ထဲမှာသာတွေ့ရမယ်လို့ ဆိုတားတာတွေ့ရတော့ ဗုဒ္ဓ မိန့်တော်မူခဲ့တဲ့ စိတ္တေန နိယတိလောကော ဆိုတာ လို စိတ်ဆိုတဲ့ ဓမ္မ သာထက်ထက်သန်သန်၊ချွန်ချွန်မြမြဖြစ်ပါစေ၊ စိတ်ဆိုတဲ့ ဓမ္မဟာ လောကီဓမ္မ လောကုတ္တရာဓမ္မ အတွင်းလောက အပြင် လောကကို ဖန်တည်းနိုင်တယ်၊ ဖျက်ဆီးနိုင်တယ်လို့ဆိုတော့ လဗ်မာန်ကို လူသားတို့ မရောက်နိုင်ဘူးလို့ ပြောတဲ့ စကားဟာ အခြေအမြစ်မရှိပါဘူး၊ တပည့်တော် အခုလျှောက်ထားနေတာဟာ ဒီအမေရိကန် (Apollo 11) အပိုလို(၁၁) ဟာ လဗ်မာန်ကို ရောက်တယ်လို့လဲမဆိုဘူး၊ မရောက်ဖူးလို့လဲ ဆိုလိုတာမဟုတ်ဘူး၊ သူတို့ ရောက်တာဟာ လဗ်မာန်ဖြစ်ယင်လဲဖြစ်မယ်၊ ဒါမှမဟုတ် စကြာဝဠာ တခုခု ဖြစ်မယ်ဆိုတာ လျှောက်နေတာလို့ သတိထားကြပါ။ မထေရ်က စကားကို ဆိုင်းလိုက်သည်တွင်....

ဒုလ္လဘ ရဟန်းငယ်တပါးက တပြည့်တော်တို့ လူကြီးတွေ ပြောသံကြားဖူးတဲ့အတိုင်းဆိုရင် စျာန်ရတဲ့ပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်များကောရောက်နိုင်ပါသလားဘုရား ဆက်လက် မေးလျှောက်ပြန်သည်။

မထေရ်က စျာန်ရတဲ့ ပုဂ္ဂိုလ်ဆိုတာ သမာဓိဓမ္မအားကောင်းလို့ အဘိညာဉ်ရတာကို ဆိုလိုတာမဟုတ်လား

'တင်ပ'

ဗုဒ္ဓလက်ထက် တော်တုံးကတော့ ဒီလိုပုဂ္ဂိုလ်မျိုးတွေ အတော်များများရှိတယ် ဗုဒ္ဓမတိုင်မှီကလဲ ဒီလို သမာဓိဓမ္မအားကောင်းလို့ အဘိဉာဉ် သမားတွေဟာ မြေလျှိုးမိုးပျံ နိုင်ကြတယ်တဲ့၊ အဲဒီလို ရှိကြတဲ့ အနက်မှာ ရှင်မဟာ မောဂ္ဂလန် ဆိုတဲ့ ဗုဒ္ဓရဲ့ လက်ဝဲရံကြီးဟာ အထင်ပေါ် အကျော်စောဆုံးဘဲ။ သူ့အနေနဲ့ဆိုယင် နတ်ပြည်၊ဗြဟ္မာပြည် အခေါက်ခေါက် ငရဲပြည်အခေါက်ခေါက် ရောက်ခဲ့တယ်လို့ဆိုတယ်' လဗိမာန်၊နေဗိမာန်ထဲ ရောက်တယ်လို့တော့ မကြားဘူးဘူး၊ ဟိုဗုဒ္ဓ မပေါ်ခင်က ရသေ့ထူးတပါးဟာ သူ့အတွေး သူ့အခေါ်နဲ့ လောကခေတ်ကြီးဆုံးတဲ့နေရာမှာ ဘာများရှိသလဲ၊ လောကအဆုံးမှာ ဆင်းရဲဆုံးတဲ့ ဓမ္မရှိတယ်လို့ယုံကြည်ပြီး အခုနပြောခဲ့တဲ့ အဘိဉာဉ်နဲ့ထမင်းစားချိန်ကလွဲပြီး မရပ်မနား ကောင်းကင် ခရီးကနေပြီးသွားခဲ့ဘူးတယ်တဲ့၊ သူ့ရဲ့စျာန်ပြန်နှုန်း( Speed )က အခုဂြိုဟ်တုထက် အဆပေါင်း အများကြီးမြန်တယ်။ဘယ်ကလောက် မြန်သလဲဆိုယင် ထန်းပင်တပင်ရဲ့ ပင်လုံးအရိပ်တခုကို မြှားဖြတ်ပြီးပစ်လိုက်တဲ့အခါ အဲဒီမြှား ထန်းပင်ရိပ်ကိုဖြတ်ပြီး လွတ်သွားတဲ့အချိန် အတော အတွင်းမှာ စကြာဝဠာ တခုကို ကျော်ပြီးပျံသန်းသွားနိုင်တယ်တဲ့၊ စကြာဝဠာ တခုရဲ့ အတိုင်း အတာဟာ (တသန်း နှစ်သိန်း သုံးထောင်လေးရာ ငါးဆယ် ယူဇနာ) အလျားအနံရှိတယ်၊ ဒီတော့မိုင် ( Mile )နဲ့တွက်မယ်ဆိုယင်မိုင်ပေါင်း (၁၅ ကုဋေ)လောက်ရှိမယ်၊ အဲဒီမိုင်ပေါင်းကို ထန်းပင်တပင်အရိပ် မြှားဖြတ်တဲ့အချိန်အတွင်းမှာ ရောက်နိုင်တယ်ဆိုတော့ ၄ စက္ကန့်လောက်အတွင်းမှာလို့ ဆိုကြပါစို့၊တနာရီဆို

ယင် မိုင်ပေါင်း (၁၅ ကုဋေ×၁၂၀) ခရီးရောက်တယ်၊ ဘယ်ကာလောက်ကြာကြာ သွားသလဲဆိုယင် အနှစ် ၁၀၀ တိတိတဲ့၊ အဲဒီလို အနှစ်တရာတိတိသွားခဲ့တာသတ္တဝါတွေနေတဲ့စကြာဝဠာတွေ မကုန်သေးဘူးတဲ့၊ အဲဒီနေရာမှာလဲ နေထဲဖြတ်သွားတယ်၊ လထဲဖြတ်သွားတယ်လို့တော့မပါဘူး၊ ဒီတော့ အခု လကမ္ဘာကို ရောက်နိုင်တယ်၊မရောက်နိုင်ဘူးဆိုတဲ့ ကိစ္စမှာ ဈာန် အဘိဉာဉ် ကိစ္စတွေနဲ့ တိုင်းတာလို့ တော့မရဘူး၊ အခုခေတ် အဖြစ်အပျက်ကို အခုခေတ်အတွေးအခေါ်တွေနဲ့ တွက်ချက်တိုင်းတာမှအမှန် ရမယ်၊ နောက်ပိုင်း စောင့်ကြည့်ကြပေါ့၊ရောက်တာမှန်ရင်လဲ မှန်သလို ထင်ရှားလာမှာပဲ၊ ဘပည့်တော်တို့က ဘာမှ ဒီကိစ္စမှာ ရောက်တယ် မရောက်ဘူး ဆိုတဲ့ အငြင်းပွားဿနာတွေ ထုတ်ဖော် နေဖို့မလိုပါဘူး ထင်တယ်၊ ကဲ....ရှင်းကြပြီလား။

တပါးသော ဒုလ္လဘရဟန်းငယ်က 'ဒီလိုဈာန်ပျံတယ်ဆိုတာ(ရဟန္တာ)မှပျံတယ်မဟုတ်လားဘုရား' ဟုလျှောက်ပြန်ရာ....

မထေရ်က 'ဟ' ရဟန္တာဆိုတာ ဘာကိုရဟန္တာလို့ခေါ်တယ်ဆိုတာ ကြားဘူးသလို လျှောက်စမ်းပါအုံး။

'တပည့်တော်တို့ ကြားဘူးတာကတော့ အခုလို တရားအားထုတ်လို့ ရဟန္တာဖြစ်သွားပြီဆိုယင် ဆွမ်းလဲ မစားဘဲနေနိုင်တယ်၊ ညလဲမအိပ်ဘဲနေနိုင်တယ်၊ ကျင်ကြီးကျင်ငယ်လဲမစွန့်ဘဲနေနိုင်တယ်၊ ဖျားတယ်နာတယ်လဲ မရှိတော့ဘူး' ဓားနဲ့ထိုးထိုး၊ သေနတ်နဲ့ပစ်ပစ် မနာတော့ဘူး၊ လမ်းသွားလဲ မြေကြီးနဲ့ မထိတော့ဘူး၊သေလို့ရှိလဲ မပုပ်တော့ဘူးလို့ ကြားဘူးတယ်ဘုရား၊ ဒါဟုတ်တယ် မဟုတ်တယ်တော့ မသိပါဘူးဘုရား....'

'အေး....ဟုတ်တယ်၊ ဒီကိစ္စမှာ ဒီလိုဘဲ အထင်အယူအဆ လွဲနေကြတယ်၊ ဒါကိုနားလည်အောင် ရှင်းပြဖို့ အချိန် မရတော့ဘူး၊ နောက်တနေ့မှဘဲ ဆက်ကြပါစို့'ဟု မဥထေရ်ဏ စကားကို ဖြတ်လိုက်သဖြင့် ကျွန်ုပ်သည် ရဟန်းတော်များနှင့်အတူကျောင်းတွင်းမှထွက်ခဲ့ကြ၏။

## 'တရားပွဲ'

ညတရားပွဲ အချိန်သို့ ရောက်ခဲ့ပြီ၊ ဗုဒ္ဓ ဝါဒီတို့၏၊ မိရိုးဖလာအရ သကြ်ာန်ရက်ဖြစ်သဖြင့် ပရိသတ်မှာ ဓမ္မပ ိမာန်ကြီး တခုလုံး ပြည့်လျှံသွားတော့၏။ ယောဂီမောင်းကိုပင် မစောင့်နိုင်ကြဘဲ၊ သူ့ထက်ငါအသီးသီး နေရာယူကြ၏။ ယောဂီမောင်း ထိုးချေပြီ၊ မထေရ်သည် ပင့်မောင်းကိုအာရုံပြုလျှက် ထိုင်နေကျနေရာတွင် ထိုင်နေသည်ကို တွေ့ရပါသည်၊ ပင့်မောင်းထိုးလိုက်သည်နှင့် မထေရ်သည် တည်ကြည်ငြိမ်သက်သော အိန္ဒြေနှင့်တရားပလ္လင် ပေါ်သို့ တက်ခဲ့သည်။ ပရိသတ် တို့သည် မထေရ်အား အာရုံပြု၍ ဖူးမျှော် ကန်တော့ကြသည်။

မထေရ်သည် ပုလ္လင်ပေါ်သို့ ရောက်သည်နှင့် တပြိုင်နက် ပရိသတ်ဘက် အာရုံဝန်းကျင်ကို တချက်အာရုံပြုလိုက်ပြီးလျှင် သမာဓိမမှုကိုမြင့်တင်လျှက် စက္ခုန္ဒြေ ချလိုက်၏။

ကဲ........တို့တရားနာတော့မယ်ဆိုတဲ့ စိတ်ကိုမွေးလိုက်ကြ တရားနာတဲ့အခါမှာ အင်္ဂါသုံးချက်နဲ့ညီအောင် နာကြရမယ်၊

ပဌမအောင်ါက ရိုရိုသေသေ လေးလေး စားစား စိတ်ကိုနှိမ့်ချထားပြီး နာရမယ်။

ဒုတိယအင်္ဂါက အဲဒီနာကြားတဲ့အခါမှာဗုဒ္ဓရဲ့ဓမ္မသဘောကိုထိုးသွင်းပြီး နားလည်မှတ်သားမိအောင် နာကြရမယ်။

တတိယအင်္ဂါကတော့ အဲဒီလို ဓမ္မသဘောကို ထိုးထွင်းနားလည် ခံယူထားတဲ့ အတိုင်းကျင့်ကြံအားထုတ်တဲ့ အလုပ်ကိုလုပ်သွားကြရမယ်။

ဒါမှသိထိုက်တဲ့ ဓမ္မသဘောတွေကို ကိုယ်တိုင်ကိုယ်ကျတွေ့ရသိရမယ် ကဲ....ထပ်ပြီးတရားနာနည်းကို ပြောပေးအုံးမယ်၊ စိတ်ဓမ္မကို စုစည်း ထားလိုက်၊ ပုံစံစကားအရ ဆိုရင် သမ္မာဓိတင်လိုက်၊တင်ပြီးယင်နားဝမှာလာပြီး ထိတဲ့ စကားလုံးအသုံးတွေကို တလုံးပြီးတလုံး၊ အလုံးချင်းမထပ်အောင် တိတိကျကျသတိဓမ္မထားပြီး မှတ်သားနာယူ ရမယ်၊ ဒါတရားနာနည်းဘဲ၊ ပဌမစိတ်ကို ရင်ထဲကဘယ်မှ မထွက်အောင် ထိုထိုအာရုံကာမဂုဏ်မှစိတ်ကိုခွါရှင်း ခန္ဓာတွင်း၌စိုက်ခါမသွေ လိုက်နာမှတ်သားနိုင်ကြပါစေ၊ ဒီနေ့ညတော့ ဝိပဿနာ ဓမ္မသဘောကို အခြေခံကာစပြီး ဟောရမယ်၊ လူကလည်းစုံတယ်၊ လူသစ်လဲများတယ်။

ဝိပဿနာ ဓမ္မသဘောကို နားလည်ချင်ယင်ပထမသုတအနေနဲ့သိထားရမှာက ပရမတ် ဓမ္မသဘောဆိုတာ ဘယ်သဘောရှိတယ်၊ ပညတ်ဓမ္မဟာ ဘယ်လိုဟာ ခေါ်တယ်ဆိုတာ သိထားဖို့လိုတယ်၊ ဒါကြောင့် အခြေခံမူလတန်းဖြစ်တဲ့ ပညတ်နဲ့ပရမတ်

ကိုကွဲသွားအောင် ပြောပေးမယ်။ မေးလို့ရှိရင် သိတဲ့ယောဂီများက သွက်သွက်လက်လက် ဖြေကြ။

ပညတ်ဆိုတာက အပြော ပရမတ်ဆိုတာက သဘော ပညတ်ဆိုတာက ဘာတဲ့

'အပြောပါဘုရား'

'ဟုတ်ပြီ ...'

'ပရမတ်ဆိုတာကကော....'

'သဘောပါဘုရား....သံပိုင်အောင်ကြ၏'

'ဟုတ်ပြီ....မှတ်ထား နော်....ဥပမာ ဆိုမြင် ဆင် ကြီး ကောင်လို့ဆိုယင် ဆင်ကောင်ကြီးကို မမြင်ကြရဘူးလား....'

'မြင်ပါတယ်....ဘုရား'

'မြင်တယ်ဆိုတော့ ဘာတွေကိုမြင်သလဲ....'ဆင်ရဲ့ ပုံစံကြီးကိုမြင်တယ်၊အရောင်ကမဲမဲ၊ နှာမောင်းကြီးက အစွယ်ဖြူဖြူ နှစ်ချောင်း ကြားကရှည်ရှည်ကြီးနဲ့၊ နားရွက်ကြီး နှစ်ဖက်ကလဲ ပတ်လပ် ပတ်လပ်နဲ့ လက်နှစ်ချောင်း၊ ခြေနှစ်ချောင်း၊ အမြီး မှမကျန် မြင်ကြမယ် မဟုတ်လား'

'တင်ပ....'

'ဟုတ်ပြီ အဲဒီ အကောင်အထည်ကြီးကို အမည်ပေးကြ စို့လို့ဆိုတော့ အမေ့....အမေ အစဉ်အဆက်က ဒီလိုအကောင် အထည်ကြီး မျိုးကို မြင်ယင် 'ဆင်'....လို့ ခေါ်လို့ မမှာခဲ့ ဘူးလား'

'မှာခဲ့ပါတယ်....ဘုရား....'

အေး....အဲဒီလို အမေ့....အမေ အစဉ်အဆက်က မှာခဲ့တဲ့ အတိုင်း ဒါကရထား၊ ဒါကကား၊ ဒါကမယား၊ ဒါကကုလား၊ ဒါကတိုက်၊ ဒါကရွှေ၊ ဒါကငွေ၊ ဒါကစိန်လို့ အမည်ပေးထား လို့ (နာမပညတ်)လို့ ခေါ်တယ်၊ မိမိတို့ရဲ့ သူငယ်အိမ်ထဲကို အရိပ်ထိုးလို့ ပေါ်လာတဲ့ အကောင်အထည်ကြီးက(သဏ္ဌာန ပညတ်)လို့ခေါ်တယ်။ ဒါကအရိပ်ကိုအကောင်ထင်တာ၊အမှန် ကတော့ ဒီအကောင်အထည် ပုံစံကြီးဟာ အရိပ် သဘောဘဲ၊ ဒီအရိပ်ဟာ ဘယ်ကလာသလဲဆိုတော့ (ဓာတုဓမ္မ)လို့ ခေါ်တဲ့ ဓာတ်သဘောကလာတာ၊ အဲဒီဓာတ်တွေက ဘာဓာတ်တွေလဲဆို ယင် အမာဓာတ်၊ အပျော့ဓာတ် လှုပ်ရှားစေတတ်တဲ့ ဓာတ်၊ ပူတဲ့ဓာတ်၊ အေးတဲ့ဓာတ်၊ပေါင်းတွဲတဲ့ဓာတ်၊ ပုံစံစကားက'ပထဝီ၊ တေဇော၊အာပေါ၊ဝါယော'အဲ့ဒီလေးမျိုးကထွက်လာတဲ့အရိပ် ကြီး၊ ဒါကို သူငယ်အိမ်က အကောင်အထည် ကြီးလို့ မြင်တာ လို့မှတ်ကြ၊ ဒီနေရာမှာ မျက်လုံးနဲ့ မျက်စေ့ကွဲပါစေ၊ မျက် လုံး—ဆိုတာက မျက်လုံးတခုလုံးကိုခေါ်တာ၊ မျက်စေ့ဆိုတာက သူငယ်အိမ်မှန်အကြည်ကိုခေါ်တယ်၊ မျက်နက်ဝိုင်းထဲက အဆံ အစေ့ကလေး၊ ခွဲခွဲခြားခြားမှတ်ထား၊ကြည့်လို့မြင်တယ်ဆိုတာ ဒီမျက်လုံး တခုလုံးက မြင်တာမဟုတ်၊ သူငယ်အိမ်ကမြင်တာ၊ 'အဲဒီလိုမြင်တိုင်းမြင်တိုင်း ဘာပညတ်လို့ မှတ်ရမလဲ' ပြောကြ။

'သဏ္ဌာန ပညတ်ပါဘုရား....'

'ဟုတ်ပြီ....မမှတ်မိတဲ့ ယောဂီ တွေ ကလဲ မှတ်ထား၊ ဒါကြောင့် (စကားနောက်မှာ တရားပါတယ်)ဆိုတာ(အရိပ်ပြ အကောင်ထင်လို့) မပြောကြဘူးလား'

'ပြောကြပါတယ်ဘုရား....'

'အေး ပြောသာပြောတယ်၊ စကားနောက်မှာတရားတွေ ဓမ္မတွေ ကပ်ပါလာတာ အကဲမခပ်မိကြဘူး....၊ ပရမတ်ဓမ္မကျတော့ အဲဒီလိုသူငယ်အိမ်မျက်စိနဲ့မမြင်နိုင်တော့ဘူး၊ ဘာနဲ့မှမြင်နိုင်သလဲဆိုယင် ဦးကျောက်ကလာတဲ့ ညာဏ်ဓမ္မနဲ့မှ မြင်စွမ်းနိုင်တော့တယ်၊ဒါကြောင့် ဒီဦးကျောက်မျိုးဖြစ်လာအောင် အဖန်ဖန်အထပ်ထပ် လေ့လာအားထုတ်ပေးရတယ်။လောကီညာဏ် ထက်မြက်လာမှ လောကုတ္တရာညာဏ်တက်နိုင်တယ်၊အခုန ပြောခဲ့သလိုဟောဟိုမှာ ဆင်ကြီးတကောင်လို့ ဆိုတာနဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိ ညာဏ်ဓမ္မကို ရထားတဲ့ ယောဂီက အဲဒီသဏ္ဍာန်ပညတ်ဓမ္မကြီးကို အရိပ်လောက်ဘဲမြင်ပြီး ဓမ္မသဘော ပရမတ်ကို မြင်လိုက်တော့တာဘဲ၊ ဒါကိုယုံကြ၊သူ့မှာက ထက်မြက်တဲ့ပြည့်စုံတဲ့ ဦးကျောက်ရနေပြီကိုး၊ အကယ်၍ ဒီယောဂီဟာ မျက်စေ့ဘဲ မှိတ်ထားထားဖွင့်ထားထား၊ပရမတ်ဓမ္မဓါတ်ရိပ်တွေဟာ တဖွားဖွားနဲ့ ဖြစ်နေတာ ပျက်နေထာကို ဦးကျောက်ညာဏ်ဓမ္မမှာ ထင်လာတယ်၊ ဒါက ပရမတ်ဓမ္မပေါက်တဲ့ပုဂ္ဂိုလ်အမြင်၊ ပရမတ်ဓမ္မတော့ တွေ့ပါရဲ့၊ပရမတ်ရယ်လို့လဲမသိ၊ ပညတ်သဘောကိုသာသိတဲ့ ဆရာဝန်လို သိပ္ပံပုဂ္ဂိုလ်တွေကြတော့ ပရမတ်ဓမ္မနဲ့ အမြဲအလုပ်လုပ်နေရပေမင့် ပရမတ်မရောက်ဘဲ ပညတ်ဓမ္မပေါ်မှာဘဲ တင်နေကြတယ်။

(ဥပမာ)ဦးမဲဆိုတဲ့ပုဂ္ဂိုလ်တယောက် မမာလို့ ဆရာဝန်တယောက်ကိုခေါ်တယ်ဆိုပါတော့၊ ဆရာဝန်ကဦးမဲထံ ရောက်တော့ ဘာ့ယ့်နဲ့ ဦးမဲ ဘယ်လိုနေသလဲဆိုပြီး လက်ကောက်ဝတ်

နားကသွေးကြောကိုစမ်းတယ်၊ ဦးမဲကလဲ အော်....ဆရာဝန်ဟာ ငါ့သွေးကြောစမ်းတယ်ဘဲ သိတယ်၊ စမ်းပြီးတော့ ဆရာဝန်က နားကြပ်ရဲ့ရင်ဝထောက်ပြီး လက်ဝဲရင်ပုံပေါ်တင်လိုက်၊ လကျာ ရင်ပုံပေါ်တင်လိုက်နဲ့ နှလုံးအသွားအလာ အတွင်းက ကလီဇာ တွေ အလုပ်လုပ်ပုံတွေကိုစုံစမ်းပြီး မျက်စိဖြဲကြည့်၊ လျှာထုတ် ကြည့်နဲ့၊နောက်တော့ ဆေးအိတ်ထဲကဆေးထိုးအပ်တို့ ဆေးထိုး ပြွန်တံ၊ ထိုးဆေးပုလင်းတို့ကိုယူပြီး ဦးမဲရဲ့လက်မောင်းတို့ပေါင် တို့ကို ဆေးထိုးပေးပြီးတော့ ဟောဒီ ဆေးပြားက နံနက် သောက်၊ ဟောဒီဆေးပြားကညသောက်ဆိုပြီး မှာသွားတယ်ဆို ပါတော့....

ဒီတော့ ဒီဆရာဝန်ကို လမ်းမှာတွေ့တဲ့မိတ်ဆွေတယောက် က ဆရာဘယ်ကပြန်လာသလဲဆိုယင်၊ အော်....ဦးမဲကို ဆေးကု ပြန်လာတယ်လို့ဘဲဖြေမှာဘဲ၊ အမှန်ကတော့ ဒီဆရာဝန်ဟာ နာမပညတ်ဖြစ်တဲ့ မရှိတဲ့ဦးမဲအမည်ကို ဘာမှ သူမလုပ်ခဲ့ဘူး၊နှုတ် ဆက်စဉ်ကသာ ဘယ်လိုနေသလဲ ဦးမဲလို့ နှုတ်ဆက်ပြီး ပရမတ်ဓမ္မဖြစ်တဲ့ အပူအအေးစမ်းသတ်ခြင်း၊ သွေးလေစတဲ့ ပရ မတ်ဓမ္မတွေကိုသာ စမ်းသပ်ပြီး ပရမတ်ဓမ္မဖြစ်တဲ့ ဓါတ်ဓမ္မဆေး တွေကို ထိုးပေးခဲ့တယ်၊ သောက်ဖို့ပေးခဲ့တယ်။

ဒီနေရာမှာ ဆရာဝန်က ဆေးကုတယ်လို့သာ ဆိုတယ် ဆရာဝန်က သွေးကြောထဲ၊ နှလုံးထဲ၊ အဆုပ်ထဲ၊ အသဲထဲဝင်ကု တာမဟုတ်၊ ပရမတ်ဓမ္မဖြစ်တဲ့ ဆေးတွေကိုသာလွှတ်ပြီး ပရမတ် ဓမ္မကို ပရမတ်ဓမ္မနဲ့ဘဲ တိုက်ခိုက်ခိုင်းတာပါဘဲ၊ ဒီအထဲမှာ ဦးမဲ ဆိုတဲ့ ပညတ်လဲမပါဘူး။ ဆရာဝန်ဆိုတဲ့ အမည်လဲ မပါဘူး၊

ထိုးဆေးစားဆေးဆိုဘာလဲ မပါပါဘူး။ပရမတ်ဓမ္မဖြစ်တဲ့ဓါတ်က ဓါတ်ကို ကုစားခြင်းသာဖြစ်တယ်၊သို့ရာတွင် အပြောပညတ်ကျတော့ ဆရာဝန်က ဦးမဲကို သူဆေးကုခဲ့တယ်လို့ ပြောတာ၊ သဘောပရမတ်ကတော့ ဦးမဲတို့ ဆရာဝန်တို့က အလုပ်မလုပ်နိုင်ပါဘူး၊ အမည်ပညတ်မျှသာ ဖြစ်ပါတယ်၊ ဘယ့်နှယ် ရှင်းကြပြီလား....'။

'ရှင်းပါတယ်ဘုရား'ဟု သံပြိုင်ဟစ်ကြ၏။

'ဒါပေသည့် ဒါလောက်ရှင်းရုံနဲ့ စိတ်မချရ သေးဘူး၊ ပညတ်၊ ပရမတ်ကွဲသွားအောင် တနည်းဥပမာပေးပြောပေးအုံးမယ်၊ အခုယောဂီတို့အပေါ်မှာ ကျနေတဲ့ 'အလင်းရောင်ဟာ ဘာရောင်လဲ မေးယင် ဘယ်လိုဖြေကြမလဲ'

'မီးရောင်ပါဘုရား'ဟု သံပြိုင်ဟစ်ကြ၏။

'ဟုတ်ပြီ၊ ဒီမီးရောင်ဟာ ဘယ်ကလာတဲ့ မီးရောင်လဲ'

'ဖန်ချောင်းကပါဘုရား' သံပြိုင်ပင်၊

ဟုတ်ပြီ၊ အဲဒီမီးရောင်ဟာ ဖန်ချောင်းလား'

'မဟုတ်ပါဘူးဘုရား'

'ဟုတ်ပြီ ဒီလိုဆိုယင် မီးရောင်ဟာ ဖန်ချောင်း မဟုတ်ယင် ဖန်ချောင်းကကော မီးရောင် ဟုတ်သလား မဟုတ်ဘူးလား....'

စဉ်းစားနေကြ၏၊ အဖြေမပေးကြ။

'ဖြေကြလေ....ဖန်ချောင်းဟာ မီးရောင်လား'

တယောက်သောယောဂီက 'မဟုတ်ပါဘုရား'

'ဟုတ်ပြီ၊ ကိုင်း....အားလုံးဖြေကြ၊ ဖန်ချောင်းဟာမီးရောင်လား'

'မဟုတ်ပါဘုရား'အသံမပြိုင်လှ။

'အေး....ဖန်ချောင်းဟာ မီးရောင်မဟုတ်၊မီးရောင်မဟုတ် ဖန်ချောင်းက ထွက်တဲ့ အရောင်ကို မီးရောင်လို့ ခေါ်ရတယ်၊ ဟုတ်ပြီ ဖန်ချောင်းကိုကင်းပြီး မီးရောင်ထွက်ပမလား'

'မထွက်ပါဘူးဘုရား'သံပြိုင်ဟစ်ကြ၏။

'ဟုတ်ပြီ၊ဒီတော့ ဥပမေယျတင်ပြရအောင်၊ ဖန်ချောင်းနဲ့ မီးရောင်နှစ်ခုမှာ ဖန်ချောင်းကို ပညတ်ဓမ္မနဲ့ ဥပမေယျ ဟပ်မလား၊ ပရမတ်ဓမ္မနဲ့ဥပမေယျ ဟပ်မလား'

ယောဂီများ တုတ်တုတ်မှ မလှုပ်ကြ။

'ဖြေကြလေ၊ ပရမတ်ဓမ္မကထွက်တဲ့အရိပ်ကို အကောင်ထင်နေကြတယ်လို့ အခုနပြောခဲ့ပြီ၊ ပရမတ်ဓမ္မကိုကင်းပြီးပညတ်ဓမ္မမပေါ်နိုင်ဘူး၊ ဖြေကြ ဘာနဲ့ဥပမေယျဟပ်မလဲ....'

မဖြေကြ ပို၍ပင် ဆိတ်သုန်းသွားသေး၏။

'ယောဂီတွေ အိပ်ပျော်သွားကြပလား၊ ကောဂ္ဂတာဇောကျနေကြသလား၊ မီးချောင်းဟာ ပရမတ်ဓမ္မနဲ့ ဥပမေယျဟပ်ရမယ်၊ မီးချောင်းကို ကင်းပြီးမီးရောင် မထွက်နိုင်သလို ပရမတ်ဓမ္မကိုဆောင်းပြီး ပညတ်မပေါ်လွင်နိုင်ဘူး၊ ဒီလိုဆိုယင် မီးရောင်နဲ့ ဘာနဲ့ တူသလဲ....'

'ပညတ်ဓမ္မနဲ့ တူပါတယ်ဘုရား....' မြိုင်မြိုင်ဆိုင်ဆိုင်ပင်။

'ဟုတ်ပြီနော်၊ မျက်စိမလည်ကြနဲ့၊ ပရမတ်ဓမ္မကိုကင်းပြီး ပညတ်ဓမ္မမပေါ်နိုင်ဘူး၊ ကဲ နောက်ဥပမာ ထပ်ကြအုံးစို့၊

စိန်ကိုကင်းပြီး စိန်ရောင်ထွက်ပမလား....'

'မထွက်ပါဘူးဘုရား...'ယောဂီများ အားတက်လာကြသည်။

'ဒီလိုဆိုယင် စိန်ဟာ ဘာနဲ့တူသလဲ....'

'ပရမတ်ဓမ္မနဲ့ တူပါတယ်ဘုရား....' အသံ ပို၍ မြိုင်လာသည်။

'စိန်ကထွက်တဲ့ တောက်ပြောင်တဲ့အရောင်က ဘာနဲ့တူသလဲ....'

'ပညတ်နဲ့တူပါတယ်ဘုရား....' ယောဂီတို့ဗဟုသုတပြောကြားသလောက်တော့ သိကြပြီ။

'အခုလို(အသုံးလုံး)သင်သလို အရချပေးလို့ သိတာမျိုးစာတော့ ဝိညာဏ်သိ၊ သညာသိလောက်ဘဲ ရှိသေးတယ်၊ ဘာနဲ့တူသလဲဆိုတော့ 'ရွှေခဲ ကိုက်တဇ်တယ် ကိုကိုရဲ့' ဆိုတဲ့ ငှက်တိရစ္ဆာန်ကြက်တူရွေးကလေးများလိုဘဲ သင်ပေးလို့ အော်တတ်ပေမင့် သူဘာပြောလို့ ပြောမှန်းမသိ၊ ဘာအဓိပ္ပာယ်မှန်းမသိ၊ တကယ်သိဖို့က ကိုယ်တိုင် ကိုယ်ပိုင်ဉီးဏှောက်ဓမ္မကိုသုံးပြီးညာဏ်ပေါက်မှ ပညတ်ဓမ္မနဲ့ပရမတ်ဓမ္မကိုစပ်ပြီးသိကြမယ်၊ ဒါကြောင့် ဝိညာဏ်သိ၊ ပညာသိမျိုးတွင် ရပ်မနေကြဘဲနဲ့ မိမိတို့ခန္ဓာကိုယ်မှာ ပညတ်ဓမ္မနဲ့ ပရမတ်ဓမ္မတို့ကို ပညာသိအနေနဲ့ သိကြဖို့လိုတယ်....'

'ကိုင်း အချိန်ရတုန်း ဉပမာတခု ပေးလိုက်အုံးမယ်၊ ဟောဟိုဖက်က စေတီတော်ကြီးမြင်ကြတယ်မဟုတ်လား....'

'တင်ပ....'

'ခမေယင် စဉ်းစဉ်းစားစားဖြေနော်၊ အဲဒီ စေတီတော်ကြီးကို စိတ်ထဲက မှန်းပြီး ဖျက်လိုက်ကြစမ်း၊ ဖျက်ပြီးကြပြီလား....'

'ပြီးပါပြီဘုရား....' အားရပါးရဟစ်ကြ၏။

'ဟုတ်ပြီ၊ ဘာတွေတွေ့ကြသလဲ....'

မဖြေကြ။

'စေတီကြီးဖျက်လိုက်တော့ ဘာတွေ ထွက်လာသလဲ....'

တယောက်သောယောဂီက

'ဥပနာတွေ ထွက်လာပါတယ်ဘုရား....'တဲ့

ယောဂီများ ခေါင်းထောင်၍ ဖြေသူအား ဝိုင်းကြည့်ကြ၏။

'ယောဂီတွေ ဖြေကြလေ၊ စေတီကြီး ဖျက်လိုက်တော့ အုတ်ခဲတွေ ထွက်မလာဘူးလား....'

'ထင်ပ....'

'ခက်လိုက်ပါဘိတော့၊ အဲဒီအုတ်ခဲတွေကို ကျကျနန အကောင်းသတ်သတ်ပုံ၊ အကျိုးသတ်သတ်ပုံ၊ စိတ်ထဲ၏၊

'ပုံပြီးပါပြီဘုရား....'သံပြိုင် ပေါ်လာပြန်၏။

'ကိုင်း ပန်းရံကောင်းကောင်းတယောက် ရှာခဲ့ကြ၊ ရှာပြီးပြီလား....'

'ပြီးပါပြီဘုရား....'အသံကောင်းတုံးပင်။

'ကိုင်း၊ ခေါ်လာတဲ့ ပန်းရံဆရာကို ခြသေ့ရုပ်ကြီးတကောင်လုပ်ခိုင်းစမ်း....'

'ပြီးပါပြီဘုရား ...'

'တယ်မြန်တယ်နော်၊ အခုနစေတီကြီး ဘယ်ရောက်သွားပြီလဲ....'

'မရှိတော့ပါဘူးဘုရား....' ယောဂီများ အမြင်မှန်ရပုံပေါ်သည်။

'အခုဘာပေါ်လာသလဲ....'

'ခြသေ့ရုပ်ကြီးပါဘုရား....'

'ဒီနေရာမှာ မျက်စိမလယ်ကြနဲ့နော်၊ ပထမတော့အုတ်ခဲတွေကို စေတီပုံဖော်ထားတော့ စေတီလို့ခေါ်တယ်၊ နောက် ဒီအုတ်ခဲတွေဘဲ ခြသေ့ရုပ်ဖော်လိုက်တော့ ခြသေ့ရုပ်ကြီး ဖြစ်လာတယ်၊ ဒီတော့စေတီတို့ ခြသေ့ရုပ်တို့ဆိုတာ ပညတ်ဓမ္မလား၊ ပရမတ်ဓမ္မလား....'

'ပညတ်ဓမ္မပါဘုရား....'ညီညီညာညာမြိုင်မြိုင်ဆိုင်ဆိုင် ဟစ်ကြ၏။

'ဟုတ်ပြီ၊ အဲ့ဒီ အတောင်အထည် သဏ္ဍာန် ဒြပ်ကြီးတွေပေါ်လာတာဟာ အုတ်ခဲအတွင်းခံကြောင့် မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား' အသံ ပိုမာလာကြသည်။

'ဒီတော့ အုတ်ခဲတွေက ဘာနဲ့တူသလဲ'

'ပရမတ် ဓမ္မနဲ့ တူပါတယ် ဘုရား'

'ဟုတ်လာပြီ၊ဒီတော့ ပညတ်ဓမ္မသဘောဟာ အပြောင်းအလဲ မရှိဘူးလား'

'ရှိပါတယ် ဘုရား'

'အေး....ပညတ်ဟာ ပုံပန်းသဏ္ဍာန်အရ ပြောင်းသော်လဲ ပရမတ်ဓမ္မကတော့ ဘယ်တော့မှ မပြောင်းတဲ့ အတွက်ကြောင့်

တကာယ်ရှိတယ်၊ တကာယ်မှန်တယ်၊ တကာယ်စစ်တယ်လို့ ပြောရတယ်၊ ဒါကြောင့် ဗုဒ္ဓ ကိုယ်တော်တိုင် သဗ္ဗညုတဉာဏ်ဦးကျောက်ဖြင့် ထုတ်ဖော်ခဲ့တဲ့ **စိတ်ပရမတ်ဓမ္မ စေတသိက်ပရမတ်ဓမ္မ ရုပ်ပရမတ်ဓမ္မ နိဗ္ဗာန်ပရမတ်ဓမ္မ** တို့ကို ကိုယ်ပိုင်ဦးကျောက် ပညာဓမ္မဖြင့် ထွင်းဖောက်နိုင်အောင် ဆထက်တံပိုးကြိုးစားအားထုတ်နိုင်ကုန်ရာသတည်း’

‘သာဓု ... သာဓု.... သာဓု ...’

သာဓုသံကြီးမှာ ဓမ္မဗိမာန်ကြီး ပွင့်ထွက်မတတ် ပဲ့တင်ထပ်မျှဖြစ်၏။

## “ ရဟန္တာ ပြဿနာ ”

ယနေ့နံက်ကား ဒုလ္လဘရဟန်းငယ်များနှင့်အတူ ရဟန္တာကိစ္စကို နာကြားရမည့် နေ့ထူးနေ့မြတ်ကြီး ပေတည်း။ ကျွန်ုပ်သည် ယနေ့မိုးလင်းလျှင် မကြားဘူး၊ မနာဘူးသေးသော ခက်ခဲနက်နဲသော ပြဿနာဖြေရှင်းချက်ကို ကြားနာရတော့မည် ဟူသော မျှော်လင့်ချက်ကြီးစွာနှင့် မထေရ်မြတ်၏ကျောင်းကလေးအနီး၌ စကြံလျှောက်လျက် ရဟန်းတော်များ အစည်းအဝေးတုံးခေါက်သံကိုသာ စောင့်မျှော်လျက် ရှိပါသည်။ ၆ နာရီထိုးသည်နှင့် ဘုပ္ပိုင်နက် မထေရ်သည် တုံးခေါက်လိုက်ပါသည်။ ရဟန်း ကြီး ငယ်တို့သည် အစဉ်အတိုင်း ကြွလာကြ၍ မထေရ်၏ ကျောင်းကလေးအတွင်း၌ အစဉ်အတိုင်း နေရာယူကြ

ပါသည်။ မထေရ်သည် စက္ခုန္ဒြေချထားရာမှ မျက်ခွံကို ပင့်တင်လျက် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ရှိကြပါရဲ့လားဟု နှုတ်ခွန်းဆက်စကားကို ခါတိုင်းကဲ့သို့ မိန့်တော်မူပြီးနောက်....

'ကိုင်း....မနေ့က ရဟန္တာကိစ္စကို ဆက်ကြစို့၊ အေးဟုတ်တယ်၊ ဟိုနေ့က လျှောက်ထားသလိုပဲ၊ အများအားဖြင့် ယုံကြည်ထားကြတာက ရဟန္တာဆိုတာဟာ အကုန်လုံးကိစ္စပြီးနေတယ် ထင်ကြတယ်၊ ရဟန္တာလဲ လူသားပဲ၊ စားချိန်တန်စားရမှ အိပ်ချိန်တန် အိပ်ရမှ၊ ကျင်ကြီးကျင်ငယ် စွန့်ချိန်တန်စွန့်ရမှ၊ ရေချိုးချိန်တန် ရေချိုး ရမှ၊ ဗုဒ္ဓကိုယ်တော်တိုင်ပင်ဒီအတိုင်းပါပဲ။ အခုတော့ ရဟန္တာ ဖြစ်တယ်ဆိုယင်ပဲ အသားအရောင်တွေက တောက်ပြောင်လာသလိုလို အရောင်တွေပဲထွက်နေသလိုလို၊ မြေကြီးနဲ့ခြေဖဝါးနဲ့ မထိသလိုလို ပြောကြဆိုကြတာဟာ ဗုဒ္ဓရဲ့ လမ်းစဉ်ကို မယုံနိုင်အောင် ဖြစ်တယ်။ အရှင်ဘုရားတို့ ကိုယ်ပိုင်ညာဏ်နဲ့ စဉ်းစား ကြည့်ယင် ရှင်းပါတယ်။ ဗုဒ္ဓဟာပရိနိဗ္ဗာန်စံခါနီးမှာ ဘယ်ကလောက် ပင်ပန်းသွားရှာတယ်ဆိုတာ မခို မဆန့် ခံသွားရရှာတယ်။ မာလာမင်းတို့ရဲ့ ဥယျာဉ်ကို အသွားမှာ ရေဆာ လွန်း လို့၊ မော လွန်း လို့၊ အာနန္ဒာ....ရေကြည်တခွက်လောက် ရှာပေးပါလို့ တောင်းရှာတယ် ဒါကိုပဲကြည့်ပါ။ ခုတော့ အမှန်စမှသဘောကို မသိကြတဲ့ သမ္မာဒိဋ္ဌိယောင်ယောင်နဲ့ မိစ္ဆာဒိဋ္ဌိ ဖြစ်နေကြတဲ့ ဗုဒ္ဓဝါဒီတွေက ရဟန္တာဆိုယင် သေယင်မပုတ်ဘူး၊ ရဟန္တာ အစစ်သာဆိုယင် မြေရှိုးမိုးသဲပျံနိုင်တယ်၊ ရေပေါ်အိပ်ပြနိုင်တယ်စသည်

ဖြင့် ဆင်ကန်းတောတိုးမသိတဲ့ သူက ပြောတာနားမလည်တဲ့ သူတွေက ခံယူထားကြတယ်။

'ဒီနေရာမှာ အရှင်ဘုရားတို့က လျှောက်ဖို့ရှိတယ်။ ဘာလဲဆိုယင် အရှင်ဘုရားမိန့်တဲ့အတိုင်း ဆိုယင် ရဟန္တာနဲ့ ရဟန္တာမဟုတ်တဲ့ ရဟန်းနဲ့ လူနဲ့ဘာခြားသလဲ၊ အတူတူ မနေဘူးလားလို့ မေးဘို့ရှိတယ်။ ဒီတော့ **အဖြေက စိတ်ကလွဲလို့ ဘာမှမထူးဘူး၊ စိတ်ကတော့ အတော်ထူးသွားတယ်၊ စိတ္တဓမ္မဟာ ရဟန္တာမဖြစ်ခင်က စိတ္တဓမ္မမျိုးမဟုတ်တော့ဘူး။** ရဟန္တာ မဖြစ်ခင်က စိတ္တဓမ္မဟာ မကောင်းမှု၌သာ မွေ့လျော်တယ်၊ အဲဒီစိတ်ကို ယှဉ်တဲ့ဓမ္မတွေက အချုပ်ပြောရယင် လောဘဓမ္မလို့ ခေါ်တဲ့ လိုချင်တောင့်တမှု၊ ဒေါသဓမ္မလို့ခေါ်တဲ့ ငိုချင်မှု ရယ်ချင်မှု၊ ဝမ်းမြောက်မှု၊ ဝမ်းနည်းမှု၊ ကြောက်မှု၊ ရှက်မှု၊ တုံ့ပြန်ချင်မှု၊ ရန်လိုမှု၊ မခံချင်မှု၊ ခံချင်မှု၊ ဒေါသဓမ္မက အတော်မကောင်းတဲ့ ဓမ္မတွေကို ငုံတယ်။ နောက် မောဟဓမ္မလို့ခေါ်တဲ့ အမှားအမှန်မသိမှု၊ အကြောင်းအကျိုး မသိမှုတွေပဲ၊ ရဟန္တာ ဖြစ်ပြီးတဲ့ **နောက်မှာပြောခဲ့တဲ့ ဓမ္မတွေဟာ ရဟန္တာရဲ့ စိတ်ကို မကပ်နိုင်၊** မယှဉ်နိုင်တော့ဘူး၊ ရဟန္တာစိတ်မှာ (သတိဓမ္မနဲ့ ပညာဓမ္မ)ပဲ ယှဉ်တော့တယ်။ ဒါကလွဲယင် ချီးယိုတယ်၊ သေးပေါက်တယ်၊ မစားပဲ၊ မအိပ်ပဲ မနေနိုင်ပါဘူး။ နာတဲ့အခါနာတယ်၊ ဖျားတဲ့အခါဖျားတယ်၊ သေဘို့ကြုံလာယင် အသက်ထွက်မယ်၊ ရောဂါဝေဒနာကို ခံစားရမယ်၊ သေယင် မီးရှို့ယင်ရှို့၊ မရှို့ယင် ပုပ်စော်နံမယ်။ ခွေးစာ၊ လင်းတစာ၊ ဝက်စာ၊ ကြက်စာဖြစ်မယ်၊ ဒါကလွဲ ဘာမှမထူးပါဘူး။ အေး.... သိပ္ပံနည်းနဲ့ မပုတ်-

အောင်ထားယင် မပုတ်ပါဘူး။ ငါးကြီးခြောက်လို ဖြစ်သွားမယ်။ ဒါကိုပဲ ငါးကြီးခြောက်လို အသေကောင်၊ အကောင်ပုတ်ကို ကြည့်ပြီး အံ့ဩတဲ့ လူတွေကလဲ မနည်းပါဘူး။ ဒါတွေဟာ ဓမ္မ သဘောကို ဓမ္မအတိုင်း မမြင်တဲ့ ပုထုဇဉ် ညာဏ် ဦးဏှောက်မယှဉ်တဲ့ ဥပ္ပတက တွေပါ။ ကမ္ဘာပေါ်မှာ အချို့နေရာတွေမှာ အနှစ် နှစ်သောင်း လောက်က အလောင်းတွေတောင် ပုံပန်းမပျက်ပဲ တွေ့ရတယ် ပြောတယ်။ ဘယ်ရုပ်ဝတ္ထုပဲဖြစ်ဖြစ် ကျကျနန(Preserve) ဖြစ် အောင် (Vacuum)ဖြစ်အောင် ထားပါ၊အကောင် မပျက်ပါဘူး။ ငါးသေတ္တာဘူးထဲက ငါးအကောင်တွေလိုပေါ့။ ဒါပေသည့် ပျက်စီးရမည့် သဘောဟာ ပျက်စီးမှာ ပါပဲ၊ ဒါတွေနဲ့ ရဟန္တာနဲ့ ဘာမှမဆိုင်ပါဘူး။

ပြီးတော့ ဈာန်အဘိညာဉ်နဲ့ ရဟန္တာနဲ့လဲ ဘာမျှ မပတ်သက်ပါဘူး၊ ဈာန်အဘိညာဉ်ကိစ္စက တလမ်းပါ။ ဒါတွေက ဗုဒ္ဓမပေါ်ခင်ကတည်းက လူသားတွေရဲ့ အပျော်ကစားနည်းပါ။ သမထဓမ္မလို့ ခေါ်တယ်။ ဗုဒ္ဓခေတ်မှာလဲ ဝါသနာ၊ပါရမီ၊ ထုံလာတဲ့ ပုဂ္ဂိုလ်တွေ လိုက်စားကြတယ်။ ဗုဒ္ဓအလိုကတော့တယ် ကြိုက်ပုံမပေါ်ဘူး။မရမနေလုပ်ယင် အခုခေတ်မှာလဲ ရကောင်းပါတယ်။

မထေရ်မြတ်၏ စကားကိုခေတ္တဖြတ်လိုက်သည်တွင်သိပ္ပံဒုလ္လဘာရဟန်းငယ်က 'ရဟန္တာများအကြားအမြင်ရတယ်ဆိုတာ ကော မှန်ပါသလားဘုရားတဲ့....'

မထေရ်က ဒါကတော့အမျှင်ဘုရားတို့လဲ ကြားဖူးကြမှာပေါ့ (Telepathy)တို့ဘာတို့ဆိုတာ ဒါတွေက သမထဓမ္မတွေ

သမာဓိစွမ်းကို ထူထောင်ပြီး ကျင့်ယူတဲ့ ကိစ္စမျိုးတွေပါ (TibetLama)တိဗက်ပြည်က ဗုဒ္ဓဝါဒီတွေဟာ ဒါမျိုးတွေကို အများကြီး လိုက်စားကြတယ်၊ ပေါက်လဲ ပေါက်ရောက် ကြတယ်၊ အခုလိုတရားအားထုတ်ယင်းသမာဓိစွမ်းရှင့်သန်လာတဲ့ အချိန်အခါမှာဆိုယင် ကိုယ်က ဒီရည်ရွယ်ချက်မရှိပေမင့် တခါ တရံကိစ္စတခုခုကို ကြိုတင်သိတတ်တယ်ကိုယ်က ဒီပစ္စည်းကိုအလွန် မင်း တောင့်တနေယင် ယူလာတဲ့ လူရောက်လာ တတ်တယ်၊ ဒီပုဂ္ဂိုလ်ကို တွေ့ချင်လို့ မျှော်နေယင်လဲ ပေါက်လာတတ်တယ်၊ ဒါတွေဟာ( Telepathy) သဘောတွေပေါ့၊ ရဟန္တာမို့ဘာ မို့ မဟုတ်ပါဘူး၊ နိဗ္ဗာန်စွမ်းနဲ့စာလဲလက်ဝဲလမ်းနဲ့လက်ျာလမ်း လိုပါဘဲ (မထေရ်သည် ခေတ္တမျှစက္ခုအိန္ဒြေချလိုက်၏)။

ဒုလ္လဘငယ် တပါးက 'အရှင်ဘုရား တပည့်တော်တို့ ကြားဘူးတာလျှောက်ရယင် ရဟန္တာ ဟုတ်မဟုတ် သိချပ်ယင် (Cream Soda)ကရင်ဆော်ဒါထဲကို အရက်ရောပြီးရဟန္တာ ကိုကပ်ယင် ရဟန္တာရဲ့ လည်ချောင်းထဲကို (Cream Soda) အရည်ဘဲဝင်တယ်၊ အရက်ကဖန်ခွက်ထဲမှာ ကျန်ရစ်ခဲ့တယ်ဆို တာတော ယုတ္တိရှိပါသလားဘုရားတဲ့....'

မထေရ်က ဟုတ်တယ် ပြောကြတယ်၊တပည့်တော်တော့ ညာဏ်လွန်နေလို့လားမသိဘူး၊ ဒီကိစ္စကို ဘယ်လိုမှ လက်မခံနိုင် ဘူး၊ အရှင်ဘုရားတို့ သိပ္ပံသမားတွေဘဲ စဉ်းစား ကြည့်ပါ၊ ( Solution )တခုကိုတကယ် (Analyse) လုပ်ပါ ဆိုယင် (Lab. ) ရှိရမယ့် အသုံးချရမည့်ပစ္စည်း( Apparatus ) တွေရှိရမှာမဟုတ်လား ဒီတော့ ဒီရဟန္တာ ပုဂ္ဂိုလ်ရဲ့ နှုတ်ခမ်းက

(Analyse) လုပ်ဖို့ အတွက် ( Lab ) တပ်ဆင်ထားတာမှ မဟုတ်တာ....၊ တကယ်ဆိုယင် အရိယာပုဂ္ဂိုလ်ဟာ အရက်နံ့ ထွက်လို့ အရက်ပါမှန်း သိယင် မသောက်ဘဲနေဖို့ဘဲ၊ သောက်မိယင်လဲ ဒီအရက်ဟာ အရိယာရဟန္တာရဲ့ သတိပညာဝမှ ဦးစီးနေတဲ့ စိတ်ကို ဖောက်ပြန်အောင် မလုပ်နိုင်တဲ့ သဘောသာ ဝမှသဘော ကျဘာယ်လို့ ယူဆတယ်၊ ကိုယ်တော်တို့မယုံယင် စမ်းကြည့်ပေါ့'ဟု အမေးကိုကွက်ကွက်ကွင်းကွင်းဖြေလိုက်၏။

ရဟန်းငယ် တပါးက 'အခုအချိန်မှာ ရဟန္တာများ ရှိနိုင်ပါသေးသလား ဘုရား....'တဲ့။

မထေရ်က....'ရှိနိုင်တယ်လို့ ဗုဒ္ဓက (ပရိနိဗ္ဗာန်) စံခါနီးမှာ မိန့်မှာတော်မူခဲ့တယ်၊ ငါပေးခဲ့တဲ့ လမ်းစဉ်ကို အားထုတ်တဲ့လူရှိက (ရဟန္တာ)ရှိရမယ်တဲ့'

'ဒီလိုဆိုယင် အခုအချိန်မှာ သူတို့ကိုယ်သူတို့ ရဟန္တာလို့ ကြေငြာဝန်ခံနေတဲ့ ပုဂ္ဂိုလ်များဟာ တကယ့်ရဟန္တာ အစစ်တွေလို့ ယုံကြည်ရမှာလားဘုရား....'တဲ့။

ဒါကတော့ ယုံကြည်လဲ အပြစ်မရှိပါဘူး၊ မယုံကြည်လဲ အကျိုးမနည်းပါဘူး၊ **ဒါပေမဲ့ ကိုယ်ကရဟန္တာမဟုတ်မှန်း သိလျက်နဲ့ ရဟန္တာယောင်ဆောင်တဲ့ ပုဂ္ဂိုလ်နဲ့ ဖက်စပ်လုပ်ပြီး ညာလိုင်းနေယင်တော့ တနေ့ဒုက္ခရောက်မှာအမှန်ဘဲ'**

ရဟန်းငယ်က ဒီလိုဆိုယင်ဘုရား အခုခေတ်ရဟန္တာတွေကို စစ်မစစ်၊ ညာမညာ ဆိုတာကို ဘယ်နည်းနဲ့သိနိုင်ပမလဲ ဘုရား....တဲ့။

မထေရ်က ဒါကတော့ သိလောက်တဲ့ ညာဏ်မှုပိုင်ယင် သိနိုင်ပါတယ်အနေခုပြောတဲ့ အထဲမှာပါသွားပြီ မဟုတ်လား၊ ရဟန္တာဆိုတာ စိတ်ဓမ္မဘဲထူးတယ်၊ ကွာခြားတယ် ကျန်တာကတော့ သူ့လိုငါ့ပုံဘဲလို့ ပြောခဲ့တယ်မဟုတ်လား၊ ဒီ တော့ သူ့ဘ်အတွင်း စိတ်ပရမတ်ဓမ္မကိုလိုက်ရမယ်၊ အပြောအဆိုအနေအထိုင် ဟန်အမူအယာကို လေ့လာလို့တော့ သိနိုင်ခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ စရိုက်နဲ့ဝါသနာဆိုတဲ့ဓမ္မနှစ်ခုမှာရဟန္တာပုဂ္ဂိုလ်ဟာ စရိုက်ဓမ္မကိုသာ ဖျောက်နိုင်တယ်၊ ဝါသနာ ဓမ္မကတော့ မပျောက်နိုင်ဘူးလို့ ဗုဒ္ဓကမိန့်ခဲ့တော့ အတော်ခက်တယ်။ ဒီတော့သူတို့ပြောဆိုလုပ်ကိုင်တဲ့အမူအယာမှာ စရိုက်ဓမ္မကဝါသနာဓမ္မကဘာဆိုတာကွဲအောင်လေ့လာတတ်ရမယ်၊ စရိုက်ဓမ္မဆိုတာက ကောင်းတဲ့အလေ့အကျင့်မကောင်းတဲ့အလေ့အကျင့်ဝါသနာဓမ္မဆိုတာကဘဝထိုထိုက ထုံလာခဲ့တာတွေပွားလာခဲ့တာတွေ၊ ဥပမာ အော်တတ်၊ ငေါက်တတ်၊ကျယ်ကျယ်လောင်လောင် ပြောတတ် ဆိုတတ်တဲ့ ပုဂ္ဂိုလ် တယောက်ဟာ ရဟန္တာဖြစ်သွားလဲ အဲဒီ အကျင့်တွေဟာ ပျောက်မသွားဘူး၊ အဲဒါ ဝါသနာဓမ္မတွေဘဲ။ စရိုက်ဓမ္မကတော့ လောဘ၊ဒေါသ မောဟဓမ္မတွေနဲ့ယှဉ်ပြီး ရဟန္တာမဖြစ်ခင်ကလုပ်ခဲ့ ပြောခဲ့ပေမင့် ရဟန္တာဖြစ်တော့ ပျောက်ကုန်တယ်၊ ဘာဖြစ်လို့ လဲ ဆို တော့ လောဘ၊ ဒေါသ၊ မောဟဓမ္မတွေကမှ မကာပ်တော့ဘဲဟာ....

'အဲဒီတော့ အကဲခပ်ဖို့အတော်ခက်တယ်၊ တပည့်တော် အနေဘ်ပေါ်ပေါက်တဲ့ ရဟန္တာအချို့နဲ့ အတော် နီးနီးကပ်ကပ်တွေ့ဘူးတယ်၊ သူတို့ရဲ နေပုံထိုင်ပုံပြောပုံဆိုပုံတွေကို အကဲ

ခပ်ကြည့်တော့ သူတို့လို ညာဏ်ဓမ္မမျိုး မရသေးလို့လားတော့ မသိဘူး၊ တယ်ပြီးဘဝင်မကျဘူး။

သူတို့ရဲ့ အကျင့်ဓမ္မတွေကို ပြောတဲ့နေရာမှာတော့ အတော်အားကျစရာကောင်းတယ်၊ဖြစ်စဉ်ပျက်စဉ်ဓမ္မတွေကျတော့ သမထဓမ္မကများပြီး ဝိပဿနာဓမ္မမစစ်သလိုဖြစ်နေတယ်၊အချို့က သမထ ဓမ္မနိမိတ်တွေကို ဝိပဿနာဓမ္မထဲ ရောထည့်တော့တယ်၊ အချို့ကတော့ အိပ်မက်ကိုတကယ့် အဖြစ်အပျက် ဆိုပြီး မရောက်တဲ့ခရီးကိုရောက်တယ်ထင်တယ်၊ ဒီလို ကိစ္စမျိုးဟာ ဗုဒ္ဓ လက်ထက်တော်ကလဲ ပေါ်တယ်၊ စာအုပ်ကြီးတွေထဲမှာ တွေ့ရတယ်၊ ဗုဒ္ဓကိုယ်တော်တိုင် သိလျက်နဲ့ ဆိတ်ဆိတ်နေခဲ့တဲ့ ကိစ္စတွေရှိခဲ့တယ်၊ အဲဒါမျိုးကို ပုံစံစကားအရဆိုယင် အဓိမာန လို့ခေါ်တယ်၊ ဗမာလိုကတော့လွန်ကဲတဲ့မာန ထောင်လွှားမှုမိမိကိုယ်ကိုယ် အထင်ကြီးမှုပေါ့၊ဒါကတော့သူတပါးလိမ်ဖို့ကောက်ဘို့ မဟုတ်လို့ ဗုဒ္ဓကခွင့်ပြုထားတယ်၊ အမှန်ကတော့ ဒီလိုအထင်ကြီးမှုဟာ မကြာရှည်ပါဘူး၊ မကြာခင်ဘဲ ကိုယ့်ကိုယ်ကို ဝေဖန်ပြီး မရသေးတဲ့ဓမ္မကို မရသေးဘူးလို့သိတယ်၊ ရပြီး ဓမ္မကိုလဲ ရပြီးပြီလို့ သိနိုင်ပါတယ်၊ ဒါကြောင့် **ပါရာဇိက စတုတ္ထသိက္ခာပုဒ်မှာအညတြအဓိမာနလို့ ဆိုထားပါတယ်။**

ဒုလ္လဘရဟန်းငယ်က 'အဲဒီရဟန်းတွေဟာ ကိုယ့်ကိစ္စကို ကိုယ်ကိုယ်တိုင် ထုတ်ပြပြောဆိုနိုင်ခွင့်ရှိသလားဘုရား၊ အပြစ်မရှိဘူးလားဘုရား....'

'အေး၊ အဲဒီကိစ္စကလဲမလွယ်ဘူး ဖြေဖို့၊ ဘာပြုလို့လဲ ဆိုတော့သူတို့ရဲ့စိတ်ဓမ္မ ပရမတ်ကဘာနဲ့ယှဉ်ပြောမှန်းမသိလို့ ဥပမာ

ငါဟာငါ့ကိုယ်၊ ငါရဟန္တာရယ်လို့ ပြောယင် (မော်တော်ကားစီးရမယ်၊ တိုက်ကျောင်းနဲ့ နေရမယ်၊ အကောင်းတွေဘဲ စားရမယ်၊ အကောင်းတွေဘဲ ဝတ်ရမယ်ဆိုတဲ့ လောဘ၊ဒေါသ မောဟဓမ္မတွေနဲ့ယှဉ်ပြီး လိမ်ယင်၊ ပြောတဲ့ပုဂ္ဂိုလ်ဟာ ရဟန်းအသွင် ဆောင်နေပေသည့် ရဟန်း မဟုတ် တော့ဘူး၊ ဝတ်ကြောင်နဲ့ မထူးတော့ဘူး၊ အကယ်၍ကိုယ်က ရဟန္တာမဖြစ်သေးဘူး၊တရားလဲဘာကယ်အားထုတ်တယ်၊ အတွေ့တွေကလဲ ထူးတယ်ဆိုပါတော့။ အဲဒီပုဂ္ဂိုလ်ဟာ သူ့ကိုယ်သူ ရဟန္တာ ဟုတ်တယ်ထင်ပြီးအားရပါးရပြောတယ်၊ ဟောတယ် ဆိုယင်တော့ အပြစ်မရှိပါဘူးတဲ့၊ ရဟန္တာလဲတကယ်ဖြစ်နေတဲ့ပုဂ္ဂိုလ်ဟာ သူတပါးကာ စုံစမ်းမေးမြန်းခြင်းမရှိဘဲနဲ့ ကိုယ့်ကိုယ်ကို အမည် ထပ်ဖော်ပြနေယင်လဲ အပြစ်ကြီးတော့မရှိဘူး၊ အပြစ်ကလေးတော့ ရှိတယ်။ မိလိန္ဒနဲ့ သျှင်နာဂသေန အမေးအဖြေမှာ မိလိန္ဒမင်းကြီးက သျှင်နာဂသေနကိုလျှောက်တယ်၊

'အရှင်ဘုရား နာဂသေန၊ အရှင်ဘုရားတို့လိုပုဂ္ဂိုလ်မှာ နောက်လားရာဘဝရှိသေးသလား....'လို့ လျှောက်တော့၊သျှင်နာဂသေန ရဟန္တာက၊

'ဒကာတော်မင်းကြီးတဲ့ငါ့မှာ ဥပါဒါန်ဓမ္မ ကျန်သေးယင် နောက်လားရာဘဝရှိမယ်၊ ဥပါဒါန်ဓမ္မ မကြွင်းကျန်ယင်တော့ဘဝမရှိတော့ဘူးလို့ ဖြေတယ် ဒီနေရာမှာ အရှင်ဘုရားတို့လဲ ကိုယ်ပိုင်ညာဏ်ဦးကျော်ဓမ္မကောင်းသားဘဲ တကဲ့ပုဂ္ဂိုလ်ကတော့ မေးတဲ့ပုဂ္ဂိုလ်လဲကျေနပ်အောင်မိမိမှာလဲအပြစ်မရှိအောင်

ဖြေတတ်တယ်၊ ဒီတော့ကိုယ့်ကိုယ်ကို ဖော်ထုတ်နေတဲ့ ရဟန္တာတွေနဲ့မကွာဘူးလား....'

ရဟန်းငယ်တပါးက အဲဒီလိုရဟန္တာမျာ း သေလို့ မီးရှို့လိုက်တဲ့အခါမှာ ဓာတ်တော်ဆိုတဲ့ ဖြူဖြူ အဆိုင်အခဲကလေးတွေကျတယ်ဆိုတာကော ဟုတ်ရဲ့လားဘုရား၊ ဟုတ်ယင်သူတို့သေတဲ့အခါ မီးရှို့ကြည့်ယင် သိမှာပါဘဲဘုရား....'

မထေရ်က 'ဒီကိစ္စကလဲ နှစ်မျိုးနှစ်စားရှိတယ်၊ ဗုဒ္ဓလက်ထက်တော်က အသျှင်ဒဗ္ဗဆိုတဲ့ရဟန္တာ ပရိနိဗ္ဗာန်ပြုတော့ တေဇောဓာတ်အလိုလို မီးလောင်သွားတာ ပြာအခိုးအသက်တောင် မကျန်ဘူးဆိုတော့ ဓာတ်တော်ခေါ်တဲ့ အတုံးအခဲမကျန်တာနဲ့ ရဟန္တာမဟုတ်ဘူးဆိုတော့လဲ သံသယဖြစ်စရာဘဲ၊ အချို့ကျတော့လဲ ဓာတ်တော်လို့ခေါ်တဲ့ ဖြူဖြူခဲကလေးတွေ ကျန်တယ်။ အချို့ကျတော့လဲ မကျန်ဘူးဆိုတော့ ဆုံးဖြတ်ဖို့ ခက်တယ်....'

ရဟန်းကြီးတပါးက၊

'တပည့်တော်တို့ စွန်းလွန်းဆရာတော်ဘုရားကြီး ဦးကဝိအလောင်းဟာ ယခုတိုင်မပုတ်မသိုးဘဲရှိနေတယ်ဆိုတော့ဦးကဝိဟာ ရဟန္တာအစစ်ဘဲလို့ ဆုံးဖြတ်ရမလားဘုရားတဲ့....'

မထေရ်က၊

'အရှင်ဘုရားကလဲ နာ းဝေးလိုက်တာ အလောင်း ပုတ်တာမပုတ်တာနဲ့ ရဟန္တာနဲ့ ဘာမှမသက်ဆိုင်ပါဘူးလို့ စောစောကပြောခဲ့မှာဘဲ ရဟန္တာနဲ့ပုတ်တဲ့ကိစ္စ မပုတ်တဲ့ကိစ္စ ရောထားယင် ရဟန္တာဂုဏ်ထိခိုက်ပါတယ်....'

မြင်းခြံဦးကဝိ ဆရာတော်ဘုရားကြီး အနေနဲ့ ရဟန္တာ ဟုတ်မဟုတ်တာထား၊ အခုအထိ ပရမတ်ဓမ္မနဲ့ပတ်သက်လို့ ထိ အောင် မိအောင် ဗုဒ္ဓဓမ္မအတိုင်း အ ၀င်ဂွင်ကျဖောနိုင် ပြော နိုင် ဖြေဆိုနိုင်သူကတော့ ကျေးဇူးတော်ရှင်းဖြစ်တဲ့ ဦးကဝိဆရာ တော်ကြီးတပါးပဲရှိသေးတယ်။

ရဟန္တာဟုတ်မဟုတ်တော့ ညာဏ်ဓမ္မမမှီဘူး၊ အရိယာ **အစစ်ဆိုတာကတော့ရဲရဲကြီးပြောချင်တယ်သူ့အမိန့်ရှိခဲ့တဲ့ စကား** တွေဟာ ဟာကွက်မရှိဘူး၊ တစ်တစ်ခွခွ တိကျတယ်၊ တခါက အထက်ဂိုဏ်းဝိဇ္ဇာတွေရဲ့ အယူအဆက အလိုလို တောဇောခေတ် မလောင်ယင်သော်လည်းကောင်း၊ ကြည်ညို အားထားသူတို့ရဲ့ စိတ်မှာ မိးရှို့လိုတဲ့ စိတ် ဖြစ်ပေါ်ပြီး မီးမရှို့ဖြစ် သေးလို့ အလောင်းကောင်အတိုင်းကျန်နေယင်၊ရဟန္တာမဟုတ်သေး၊အရိ ယာဖြစ်ခဲ့သော် ပထမအဆင့် သောတာပန်၊ဒုတိယ သဒါဂါမ်၊ တတိယအဆင့် အနာဂါမ်သာဖြစ်မယ်လို့ ပြောဘူးတယ်၊ ဟုတ် တယ်မဟုတ်ဘူး၊ မှန်မယ်မမှန်ဘူးဆိုတာတော့ ညာဏ်ဓမ္မမမှီဘူး။

ရဟန်းကြီး ရဟန်းငယ်တို့နှင့် ကျွန်ုပ်မှာ ရဟန္တာပြဿနာ နှင့်ပတ်သက်၍ မရှင်းလင်းသည့်အပြင် ပို၍ပင်ရှုပ်ထွေး သွားပါ တော့သည်။ မှန်၏၊ ရဟန္တာပြဿနာသည်ကား လွယ်ကူသော ပြဿနာမဟုတ်၊ အလွန်အလွန်ခက်ခဲနက်နဲသော ပြဿနာ ဓာရပ် ဖြစ်သဖြင့် ကျွန်ုပ်တို့၏ညာဏ်ဦးကျောက်နှင့် ချိမနိုင်သောပြဿနာ မဟုတ်ပါချေ။ မည်သို့ပင်ဆိုစေ၊ ယခုအခါ၌ရဟန္တာတပါးပေါ် ပေါက်သည်ဟုကြားလျှင် ကြားရာအရပ်မှသွားယင်းပုဂ္ဂိုလ်အား

လေ့လာရန် တာဝန်မှာ ကျွန်ုပ်တို့ ဗုဒ္ဓနောက်လိုက်အမည်ခံ ဗုဒ္ဓဝါဒီတို့၏ တာဝန်ပင်။

မထေရ်သည် ကျွန်ုပ်တို့၏ အခြေ အနေကို အကဲခပ်၍ ဆက်လက်အမိန့်ရှိသည်မှာ အရှင်ဘုရားတို့....၊ဒီပြဿနာ လွယ်ကူတဲ့ပြဿနာမဟုတ်ပါ၊ ကိုယ်ကိုယ်တိုင်ရောက်မှ ကိုယ်ကိုယ်တိုင် သိရမည့် ပြဿနာပါ။ အကြာယ်၍ အရှင်ဘုရားတို့မှာ အရိယာဝမ္မ စိတ်မှာ ပူးကပ်ပြီဆိုလျှင်တော့ သိတန်သလောက်သိနိုင်ပါတယ်၊ တပည့်တော်ကတော့ ရဟန္တာဆိုယင် အလွန့်အလွန်ကို တွေ့ချင်တယ်၊ လေ့လာချင်တယ်၊ ကိုယ်မှာရှိတဲ့ မှီသလောက် ညာဏ်ဦးကျောက်နဲ့စစ်မယ်၊ မေးမယ်၊ ဓမ္မသဘောဝင်တယ်ထင်တာကို မှတ်သားထားပြီး ကိုယ်ပိုင်ညာဏ်ဦးကျောက်နဲ့ဝေဖန်စိစစ်ကြည့်မယ်၊ တနည်းနည်းနဲ့တော့ အမြတ်ထုတ်ရမယ်၊ သူ့ဟာသူ ဟုတ်သည်ဖြစ်စေ၊မဟုတ်သည်ဖြစ်စေ၊ ကျေးဇူးတော်ရှင် ဖြစ်တဲ့ စွန်းလွန်းဦးကဝိ ဆရာတော်ကြီး အမိန့်ရှိခဲ့သလို (သူဟုတ်ယင် ဟုတ်မှာပေါ့၊ သူမဟုတ်ယင် မဟုတ်ဘူး)ဆိုတာလို သူဟုတ်လဲ ကိုယ့်ကိစ္စမဟုတ်၊ သူမဟုတ်လဲ ကိုယ့်ကိစ္စမဟုတ်၊ကိုယ်လုပ်မှ ကိုယ်ရ၊ ကိုယ်စားမှကိုယ်ဝ၊ ကောင်းတာလုပ်ကောင်းတာဖြစ်၊မကောင်းတာလုပ်မကောင်းတာဖြစ်မှာပါဘဲ၊ကိုယ်လုပ်ထာ ကိုယ်စံ၊ကိုယ်လုပ်ထာကိုယ်ခံရဲရမယ်၊စံရဲရမယ်။ ခေတ်ကကလိယုဂ် ခေတ်ဝိသမလောဘ အားကြီးတဲ့ခေတ်၊ ဝိသမလောဘဆိုတာ တကျပ်ရင်းပြီး ကျပ်တရာ အမြတ်လိုချင်တဲ့ခေတ်၊ ချက်ခြင်းလင်နေ ချက်ခြင်း သားမွေး ချင်တဲ့ ခေတ်၊ မိဖသတ်ပြီးပစ္စည်းယူ ဇိမ်ခံချင်တဲ့ ခေတ်၊ နေ့ချင်း ညချင်း တိုက်ဆောက်၊ မော်တော်

**ကားစီးချင်တဲ့ ခေတ်၊ ဒီတော့ ဒီခေတ် ထဲမှာ ပြောသလို လုပ်ပြီး လုပ်သလို ပြောရဲတဲ့ လူ မရှိဘူး။** အယောင်ဆောင်များတယ်၊ အတုများတယ်၊ ရွှေရေစိမ်များတယ်၊ လူပေါ်လူဇော်များတယ်၊ ဒီတော့ ဒီခေတ် ယန္တရားကြားထဲမှာ ကိုယ်မညွတ်စေနဲ့၊ ကောင်းကောင်းစားပြီး ကောင်းကောင်း နေ၊ ကောင်းကောင်းသေဖို့သာ ပြင်ထားဖို့ အရေးကြီးပါတယ်၊ ကိုင်း တော်လောက်ပြီ။ နောက်ပိုင်းမှ သိချင်တဲ့ ပြဿနာတွေ တင်ကြတာပေါ့ဟု မထေရ်က နိဂုံးချုပ်လိုက်မှသာ သက်သာရာ ရလျက် ကျောင်းတွင်းမှ ထခဲ့ကြ၏။

ရဟန်းကြီးများနှင့် ဒုလ္လဘရဟန်းငယ်တို့သည် အပြင်သို့ ရောက်ကြသောအခါ ရဟန္တာရှိ၊ မရှိဟူသော ပြဿနာ များကို ဆက်လက်ဝေဖန်လျက် ရှိကြပေသည်။ တပါးသောရဟန်းကြီးကအရှင်ဘုရားတို့ ရဟန္တာဖူးချင်တွေ့ချင်ယင် တပည့်တော်ထံလာခဲ့ကြ၊ တပည့်တော်ဟာ ရဟန်းဖြစ်တဲ့နေ့ကစပြီး ရဟန်း စည်းကမ်းဥပဒေကို မကျိုးမပေါက်အောင်နေခဲ့တယ်၊ အိန္ဒြေကိုအမြဲစောင့်ထိန်းတယ်။ အဲဒီလိုနေနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ရဟန္တာနဲ့ဘာမှ မထူးပါဘူး၊ ဒါပေသည့် **စိတ်ပရမတ်ဓမ္မကတော့ ရဟန္တာစိတ်ပရမတ်ဓမ္မနဲ့ မတူဘူး၊အောင့်အီးနေရတဲ့စိတ်ပဲ။ တကယ့်အစစ်ကတော့ မအောင့်အီးရဘဲနဲ့** လောဘ၊ဒေါသ၊ မောဟ ဓမ္မတွေ **မကင်းနိုင်ဘူးပေါ့။** ကြွကြ၊လာကြ အခုအချိန်မှာတော့ တပည့်တော်ဟာ ရဟန္တာပါဘဲ၊ရဟန္တာရဲ့စိတ် ပရမတ် ဓမ္မမျိုး ထားပြမယ်၊ ဖူးကြ ကြည်ညိုကြဟုပြောလိုက်ရာ ကျန်ရဟန်း များက

ဝိုင်းဝန်းရယ်မောလျက် ရဟန္တာတပါးပေါ်နေပြီ လာကြ....လာကြဟု ဖောက်လိုက်ကြ၏။

ရဟန်းကြီးစာဆက်၍ အရှင်ဘုရားတို့စာ အဆန်းလုပ်နေကြတာ ရဟန္တာဆိုတာ အရှင်ဘုရားတို့လို ရဟန်းပါဘဲ၊ ပုံစံကမလွဲပါဘူး၊ ဆရာတော်အမိန့်ရှိသလို စိတ်တာလွဲတာပါ။တပည့်တော်တို့လဲ သတိဓမ္မနဲ့ ပညာဓမ္မတို့ နှလုံးသွင်းနေတဲ့ အချိန်မှာ ရဟန္တာအစစ်နဲ့ ဘာမှမခြားပါဘူး၊ အထူး လုပ်မနေကြပါနဲ့၊ ကိုယ့်စိတ်ဓမ္မကိုသာ အခြား လောဘ ဒေါသ မောဟ ဓမ္မတွေ မကပ်နိုင်အောင် သတိနဲ့ပညာဓမ္မကို မွေးကြပါ၊ တဒင်္ဂကတော့ ရဟန္တာလို့ သမုတ်အပ်ပါတယ်ဘုရား။

ရဟန်းကြီး၏စကားမှာ အချင်းချင်းအနိုင်ယူပြောသော်လည်း အမှန်ဓမ္မအစစ်ဟု ကျွန်ုပ်ယူဆပါသည်။

## "ဝါ ဆို လ ပြည့် တ ရား ပွဲ"

ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဝါဒီတို့အတွက် နေ့ထူးနေ့မြတ်တနေ့ဖြစ်သည့်အလျှောက် ပရိသတ် ယောဂီဟောင်းသစ်အတော်များများ တက်ရောက်ကြပါသည်။ နံနက်သီလခံယူသည့်အချိန်မှစ၍ နေ့လည် တ ရား ပွဲ မှာ ကြိတ် ကြိတ် တိုး စည် ကား သိုက်မြိုက်လှပါသည်။ နေ့လည်တရားပွဲကို အထူး သတ်မှတ်၍ ဓမ္မစကြာ ဒေသနာတော်ကို မထေရ်မြတ်က ဟောပြ ဆုံးမရန်

ကြေငြာအသိပေးထားသည်ဖြစ်သဖြင့် ရပ်ဝေး ရပ်နီး ပရိသတ် သုံးရာကျော်လောက် ခန့်မှန်းရပါသည်။

တရားမောင်းကား ထိုးချေပြီ၊ ယောဂီ များလည်း သူ့ထက်ငါ နေရာသတ်မှတ်ယူထား ကြပါသည်။ ရဟန်းကြီး များစာလည်း မိမိတို့နေရာအသီးသီးတို့၌ အစဉ်အတိုင်း နေရာ ယူကြပါသည်။

မထေရ်မြတ်အား ပင့်မောင်းတချက် ထိုးလိုက်သည်နှင့် မောင်းသံနှင့်အတူ မထေရ်မြတ်၏ အိန္ဒြေတော်ကို ဖူးတွေ့ရပါ သည်။ မထေရ်မြတ်သည် ပလ္လင်ပေါ်သို့ ရောက်သည်နှင့် တပြိုင် နက်ပရိသတ်ကို နှုတ်ဆက်သော အနေနှင့် 'ယောဂီပရိသတ်က တော့အတော် များပါစလား၊ ကဲ....ဒို့တရားနာတော့မယ်ဆို တဲ့စိတ်ကို ထူထောင်လိုက်ကြ' ဟုမိန့်လိုက်သည်နှင့် တပြိုင်နက် ပရိသတ်ကြီးမှာ ဦးခေါင်းများကို အောက်စိုက်လျက် ငြိမ်ကျ သွားကြပါသည်။

မထေရ်သည် ဒီကနေ့ ဝါဆိုလပြည့်နေ့ ဖြစ်သည့်အ ကြောင်း၊ ဗုဒ္ဓနှင့်ပတ်သက်သော နေ့ဖြစ်သည့်အကြောင်းများကို အခြေခံ၍ အောက်ပါ တရားတော်ကို ချီးမြှင့်တော် မူပါသည်။

'ဒီနေ့ဟာ ဗုဒ္ဓဝါဒီများအတွက် နေ့ထူး နေ့မြတ်လို့ဆို ရမယ်၊ ဘာပြုလို့ နေ့ထူးနေ့မြတ်လို့ ဆိုရမလဲဆိုယင် ဒီရက်ဒီလ မှာဘဲ ဗုဒ္ဓအလောင်းတော်ဟာ မယ်တော်မာယာ ဝမ်းပိုက်မှာ ပဋိသန္ဓေတည်တယ်၊ ဒီနေ့ဒီလမှာဘဲ ဗုဒ္ဓအလောင်းတော်ဟာ နန်းမ သုံးဆောင် ရွှေနန်းစည်းစိမ် နှင့်တကွ မယားချော ယသော်ဓရာစွာနာ၊ သားချော ရာဟုလာတို့ကို စွန့်ပြီးတော

ထွက်ခဲ့တယ်၊ ဒီနေ့ဒီလမှာဘဲ ပဥ္စဝဂ္ဂီရဟန်းကြီး ငါးဦးကို ဓမ္မစကြာတရားထူးကို ဟောတယ်၊ ဒီတော့ဒီနေ့ဟာ ဗုဒ္ဓနဲ့ပတ်သက်လို့ အရေးပါတဲ့ အချက်ကြီးသုံးချက်နဲ့ သက်ဆိုင်တယ်၊ ဒါကြောင့် ဒို့ဗုဒ္ဓဝါဒီတွေဟာ နေ့ထူး နေ့မြတ် ရယ်လို့ သတ်မှတ်တယ်ဆိုတာကို မှတ်မိအောင် လိုက်ဆိုကြ သုံးခေါက်ချပေးမယ်။'

သန္တေ၊ တောထွက်၊ဓမ္မစက်
ဟောမြွက်သံချို၊ လဝါဆို
'ကဲ....ညီညီညာညာမှတ်မိအောင် သုံးခေါက်ဆိုလိုက်ကြ'
သန္တေ၊ တောထွက်၊ ဓမ္မစက်
ဟောမြွတ်သံချို၊ လဝါဆို၊ မြိုင်လှ၏။

'အေးဟုတ်ပြီ မှတ်လဲထားကြ ဒီတော့အဲဒီသုံးချက်မှာ ယောဂီတို့အဖို့တော့ ဓမ္မစကြာတရားဟာ တိုက်ရိုက် ပတ်သက်နေတယ်၊ သိသင့် သိထိုက် တာတွေ အများကြီးပါတယ်၊ ဗုဒ္ဓအလောင်းတော်ဟာ ဒီလိုဗုဒ္ဓဓမ္မကို မမြင်ခင်ကဆိုယင် အများကြီးလမ်းစဉ်တွေမှားခဲ့တယ်၊ သူတွင်မဟုတ်ဘူး သူ့ထက်ရှေ့ကျတဲ့ ပဂေးကြီးတွေ'ဖက်ဂီ'ကြီးတွေ ဆရာယောဂီကြီးတွေဟာ ဆင်ကန်းတောတိုးလမ်းမှန်ကိုမတွေ့ဘဲလောကဓမ္မထဲမှာဘဲ လည်နေကြတယ်၊နောက်တော့မှဗုဒ္ဓအလောင်းတော်ကငါ့ဘာသာငါ မည်သူ့ကိုမျှဆရာမမှီဝဲ၊ကြိုးစားမှုပဲဆိုပြီး၊တပါးတည်းညောင်ပင်တပင်အောက်မှာ ဝင်သက်ထွက်သက်ကိုလေ့လာဆင်ခြင်ကြည့်တယ်။ ဒီတော့မှ ဓမ္မမျက်စိပွင့်ပြီး၊ ညာဏ်ဦးတောက်လင်းသွား

တယ်၊ ဒါကိုဘဲ ပါဠိဘာသာစကားအရ၊(ဗောဓိ)လို့ခေါ်တယ်၊ ညာဏ်ဦးကျောက်ဓမ္မပွင့်သွားတဲ့ သူ့ကိုတော့(ဗုဒ္ဓ)လို့ အမည်ပေးကြတယ်၊ အမှန်ကတော့ ဗမာတွေသုံးစွဲနေတဲ့ဝေါဟာရ(ဘုရား) ဆိုတာ လွဲနေတယ်၊ ဗုဒ္ဓကို ဆရာလို့သာ ဘာသာပြန် ဝေါဟာရသုံးစွဲသင့်တယ်၊ ဘုရားဆိုတော့ စကားလုံးအနေနဲ့ မြင့်မားတယ် ထင်ကြပေမင့်၊ လိုရင်း အဓိပ္ပာယ် မပေါ်လွင်ဘူး၊ ပါဠိဘာသာနဲ့လဲ မကိုက်ဘူး၊ ကိုင်းဒီကိစ္စကိုထား၊ အဲဒီလို ဓမ္မမျက်စိပွင့်သွားတော့ သဘာဝဖြစ်တဲ့ လောကဓမ္မတွေကော လောကကိုလွန်မြောက်သွားတဲ့ လောကုတ္တရာဓမ္မတွေပါ အကုန်သိသွားတယ် ကိုင်း လိုက်ဆို 'သိမြင် ပေါက်ပိုင် လေးပါးဆိုင်မှ မယိုင်မယိမ်း လောကသိမ်း မည်' ဆိုလိုက်ကြစမ်း သုံးခေါက်မှတ်မိအောင်'

သိမြင်ပေါက်ပိုင်<br>
လေးပါဆိုင်မှ<br>
မယိုင်မယိမ်း<br>
လောကသိမ်း မည်။<br>
ညီညာဖျဖျသာယာလှ၏။

'ဗုဒ္ဓဟာ တထိုင်တည်းနဲ့ဘဲ သိလဲသိ မြင်လဲမြင် တယ်ဆိုထာ ညာဏ်ဦးကျောက်က နှော်၊ ထုတ်ချင်းပေါက်တယ်၊သံသယကင်းကင်းနဲ့ ပိုင်တယ်၊ နိုင်တယ်၊ ဒီတော့မှ အော်.... ငါဒီလိုသိဖို့၊ ဒီလို မြင်ဖို့၊ ဒီလို ပေါက်ဖို့၊ ဒီလိုပိုင်ဖို့၊ ခြောက်နှစ်ကြီးများတောင် မျက်စိလည်နေလိုက်တာ၊ ခက်မယောင်ယောင်နဲ့လွယ်၊ လွယ်မယောင်ယောင်နဲ့ခက် ဆိုတာလို တကယ်တော့ ဓမ္မကို ဓမ္မအတိုင်း မမြင်လို့ ကျော်ခဲ့ လွှားခဲ့ တာဘဲ၊ ငါဖြင်တဲ့

ဓမ္မသဘောတွေဟာ အတော်နက်နဲခက်ခဲပါတကား၊ ငါဒီလို သိတယ်၊ ဒီလိုမြင်တယ်၊ ဒီလို ပေါက်တယ်၊ ဒီလိုပိုင်တယ်ဆိုတာ အခုလူသား သာမာန်တွေကို ပြောယင် ငါသာအရူးဖြစ်မယ်၊ သူတို့နားလည်မှာ မဟုတ်ပါဘူးဆိုပြီး၊ လောက လူသားတို့ အပေါ်မှာ အထင်သေးပြီး စိတ်ပျက်တဲ့အလျှောက် ဒီဂါထာ ကို ကြူးရင့်တော်မူတယ်တဲ့'

ကိစ္ဆေနမေ အဓိဂတံ၊ တံလံဒါနိ၊ ပကာသိတုံ၊

ရာဂဒေါသာ၊ ပရေတေဟိ၊ နာယံဓမ္မော၊ သုသမ္ဗုဓော။

မေမယာ.... ငါဘုရားသည်

ကိစ္ဆေန.... သချေင်္ကဘာ၊ လွန်လေစွာဏ လွန်စွာကြိုးပန်း ကိုယ်ကျိုးနွမ်းသဖြင့်၊

အဓိဂတံ.... သမ္မာနဓာတ် ညာဏ်တော်မြတ်ဖြင့်၊ သုံးသပ်ဆင် ချင် သင်မြင်တော်မူအပ်သော၊

ဓမ္မ ....ပရမာဏ်မြူ အလား တူသည့် ထုံကြူ ပြန့်ပွား ငါမြင်တဲ့တရားကို၊

ဒနိ ဣဒါနိ....ဏာလိယုဂ်ကပ်၊ ဆုတ်ခေတ်ပေါ်လာ၊ ယခု အခါ၌၊

ပကာသိတုံ၊ ဒေသေဘုံ....သတ္တဝါ တို့အား အသိပေး ခြင်းငှါ၊

တလံ....အခွင့်မတော်၊ မသင့်လျှော်၊

ရာဂဒေါသာပရေတေဟိ....ရာဂထန်သည်၊ဒေါသမီးတို့ဖြင့် တငြီးငြီး၊ တပြောင်ပြောင်၊

တောက်လောင် နေကြရကုန်

သော အကြင် သ တ္တ ဝ ၊
တို့သည်၊
အယံဓမ္မော....ခက်ခဲ၊ နက်လေး၊ ကြံတွေးရှုပ်တဲ့၊ ငါမြင်
တဲ့ တရားကို၊
နသမ္ဗုဓေါ....အလွယ် တကူနဲ့ မသိနိုင် ကြံရာသတည်း။
သာဓု....သာဓု....သာဓု....ဟု သံပြိုင် ဟစ်ကြ၏။

မထေရ်မြတ်၏ အောင်မြင်စူးရှသော အသံတော်ဖြင့်ရွတ်လိုက်သောဂါထာကို ကြားနာကြရကုန်သော ကျွန်ုပ်နှင့် တကွ ယောဂီပရိတ်သတ်ကြီးမှာ ယုံကြည်ချက် သဒ္ဓါဓမ္မတွေဘက်ကြပြီး ဗုဒ္ဓကိုယ်တော်တိုင်ကိုပင် အာရုံတွင်း၌ ထင်လင်းစွာ ပေါ်ပေါက်လာသည့်အလား အားရပါးရကြီး အနုမောဒနာ ပြုကြသော အသံမှာပဲ့တင်ထပ်မျှဖြစ်၏။

မထေရ်သည် ရွတ်ဖတ်လိုက်သော ဂါထာ၏ သဘာဝကျလှသော အဓိပ္ပာယ် စကားပြေကို ဗမာ ပြိုပြီ အောက်ပါအတိုင်း ဆက်လက် ဖော်ပြပါသည်။

ခုရွတ်ဆိုလိုက်တဲ့ဂါထာကို ကြားနာရ ခြင်းဖြင့် ဗုဒ္ဓသိမြင်တဲ့ ဓမ္မသဘောဟာ ဘယ်ကလောက်နက်နဲတယ်၊ ခက်ခဲတယ်၊သိနိုင်ခဲတယ်ဆိုတာပေါ်လွင်နေတယ်။ ဒီညာဏ်ဦးဏှောက်ဓမ္မကို ရဖို့အတွက် ဗုဒ္ဓဟာ လေး သင်္ချေနဲ့ ကမ္ဘာ တသိန်းတို့ကာလပတ်လုံး ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ စတဲ့ • ပါရမီဆယ်ပါး အကျယ်ချဲ့တော့ သုံးဆယ်ရတယ်။ ကိုယ်တိုင်အသေခံခဲ့ရတဲ့ ဘဝတွေ၊ လက်တွေ၊ခြေတွေ၊မျက်လုံးတွေကို စွန့်လှူတ်ခဲ့ရတဲ့ ဘဝတွေ၊ ရိုးရိုးအခုလိုအိတ်ထဲကထုတ်ပြီး စွန့်

ခဲ့ရတဲ့ဘဝတွေ၊ ပြီးမှ အခုနောက်ဆုံး ဗုဒ္ဓညာဏ်ဦးကျောက် ဓမ္မကို ရမှ သိမြင်ရတဲ့ ဓမ္မအစစ်ဟာ ဘာတန်ဆာ ဗလာနဲ့မှကြည့်မမြင်နိုင်ဘူး၊ အဆ အထောင် အသောင်း အသိန်းကြီးအောင်ချဲ့နိုင်တဲ့ မှန်ဘီလူးကြီးတွေနဲ့လဲ မမြင်နိုင်ဘူး။တွေးလို့မရ၊ကြံလို့မရတဲ့ ဓမ္မသဘောကို အခုလိုကလိယုဂ်ခေတ်မှာ ဘယ်လိုပဲ လမ်းစဉ်ချ ပေးပေမင့် မြင်နိုင်သိနိုင်အောင် ငါလို ကြိုးစား ကြမှာမဟုတ်ဘူး။

'ဘာပြုလို့လဲဆိုတော့ ကလိယုဂ်ခေတ်ဆိုတာ အသက်တိုတိုတဲ့ ခေတ်၊ လောဘ၊ ဒေါသ၊ မောဟ ဓမ္မ တွေ လွှမ်းမိုးတဲ့ခေတ်၊ ရောဂါ ထူတဲ့ ခေတ်၊ ဘေး အန္တရာယ် များတဲ့ခေတ်၊ မိုးခေါင်ရေကြီးတဲ့ခေတ်၊ အငတ် ပြဿနာနဲ့ရင်ဆိုင်ရတဲ့ခေတ်၊ လူသတ် ပစ္စည်းယူတဲ့ခေတ်၊ သိပ္ပံပညာ ထွန်းကားသလောက် တဖက်က ကမ္ဘာလောကဓာတ်ကြီးကို သဘာဝပြောအောင် စိမံခန့်ခွဲဖန်တီးပြီး၊ ကဖက်ကဒီလိုဖန်တီးထားတဲ့လောကဓာတ်ကိုဖျက်ဆီးဖို့ အနုမြူ၊ ဟိုက်ထရိုဂျင်၊ နယူကလီယာတွေကို ဖန်တီးတဲ့ခေတ်၊ အဲဒီလိုလက်နက်ဆန်းတွေ၊ ဓာတ်သဘာဝအဆန်းတွေကို၊ ခဏခဏ စမ်းသပ်ရတဲ့အတွက် လောကဓာတ်ကြီးရဲ့သဘာဝ ဓာတ်တွေကို ဖောက်လွဲဖောက်ပြန် ဖြစ်စေပြီး၊ သတ္တဝါ လူသားတွေ၊ တိရစ္ဆာန်တွေကို ရောဂါအမျိုးမျိုးရစေတယ်၊ အစာအာဟာရ ဆိုတာကလဲ သဘာဝအလိုက် ပျိုးထောင် ဖြစ်ထွန်းရခြင်း မဟုတ်ဘဲ သိပ္ပံနည်းအမျိုးမျိုးနဲ့ပျိုးတောင် ကြီးပွားရတော့ သဘာဝ ဩဇာဓာတ်

နည်းခြင်း၊ ရောဂါကို အားပေးတဲ့ ဓာတ်များ လာခြင်းတွေ ဖြစ်လာပြန်တယ်။

ဒီလိုတဖက်က အားနည်းလာတော့ တဖက်ကသိပ္ပံနည်းအရ၊ ဖြစ်ပေါ်လာတဲ့ ရောဂါတွေကို နှိမ်နင်းဖို့ဆေးဝါး ဖော်စပ်နည်းတွေကို ဖန်တည်း လာရပြန်တယ်၊ အဲဒီလိုရေမှုတ်ကတဖက်၊ မီးတုတ်ကတဖက်နဲ့ ကမ္ဘာလောကကြီးနဲ့ ဒီအတွင်းမှာမှီတင်း နေထိုင်ရတဲ့ သတ္တဝါတွေဟာ သိပ္ပံခေတ်စားတဲ့ (ကလိယုဂ်ကပ်) ထဲမှာဝဲလှည့်ပြီး ခံစားနေကြရတယ်။

အဲဒီလို အခါမျိုးမှာ ငါသိတဲ့၊ ငါမြင်တဲ့ ဓမ္မစစ်ဓမ္မမှန်ကို တင်ပြဖို့ အချိန်မဟုတ်သေးဘူးလို့ ဗုဒ္ဓကိုယ်တိုင် စိတ်ပျက်ငြီးငွေ့တော် မူခဲ့တယ်တဲ့။ (အခုရှင်းပြတဲ့ သဘာဝဓမ္မက လောလောဆယ် တွေ့နေရတဲ့ သဘာဝ(ကလိယုဂ်) သဘောဓမ္မကို ရှင်းပြတာပါ) ဗုဒ္ဓခေတ်တုံးကတော့ ဒါတွေ မပေါ်သေးပါဘူး။)

ကိုင်းဒီတော့ အခုဟောမယ့်တရားဟာ ဘယ်ကလောက် အသိခက်သလဲ၊ ယခုခေတ် လူသားတွေမှာ လွှမ်းမိုးထားတဲ့ လောဘ၊ ဒေါသ၊ မောဟဓမ္မတွေ ဘယ်လိုနည်းနဲ့ ဖယ်ရှားပြီး ဓမ္မဦးကျောက်ရအောင် လုပ်ရပမလဲ၊ ဘာဘဲဖြစ်ဖြစ် သိတာ မသိတာက သူ့အကြောင်းနဲ့ အကျိုးဘဲဆိုပြီး ဗုဒ္ဓက တရားဦး တရားထူးကို ပြောပြဖို့အတွက် ဘယ်သူတွေ ဟောရ ပြောရပမလဲလို့စဉ်းစားလိုက်တဲ့ အခါကျတော့ သူနဲ့အတူတူတောထဲမှာ နေခဲ့ကျင့်ကြံခဲ့ရတဲ့ ငါးဦးသောရဟန်းဖြစ်တဲ့ ကောဏ္ဍည၊ ဝပ္ပ၊

ဘဒ္ဒိ၊ မဟာ်ဝန်၊ အဿဇိတို့ကို သတိရပြီး ဓမ္မစကြာလည်ပုံကို သူမြင်တဲ့အတိုင်း ပြောပြတယ်။

## ‘ဓမ္မစကြာ’

ပထမတော့အဲဒီရဟန်းကြီး ငါးဦးကဗုဒ္ဓကို၊ ဗုဒ္ဓရယ်လို့ လက်မခံပါဘူး၊ ဒီတော့ ဗုဒ္ဓကမင်းတို့ငါ့အပေါ်မှာ မယုံမရှိကြနဲ့ ငါအခုဓမ္မကိုဓမ္မအတိုင်း မြင်ပြီ၊ ငါပြောတာကိုဘဲသည်းခံပြီး နားထောင် ကြည့်ကြစမ်းပါလို့ တောင်းပန် ရတယ်၊ ဒါတောင်သူတို့က ရှင်ကြီးဂေါတမ....တဲ့၊မင်း....ဒို့နဲ့နေစဉ်ကျင့်စဉ်ကအရိုးပေါ်အရေတင်အောင်ကျင့်တာတောင် မအောင်မြင်တာ အခုလိုပုံနဲ့ဆို မင်းပြောတဲ့ အတိုင်း ဖြစ်ပါ့မလားတဲ့၊ ဒီတော့ ဗုဒ္ဓက ယုံတာမယုံတာထားပါပြောပြတာကိုဘဲ နားထောင်ကြည့်ပါလို့ ဒုတိယ ပိုနှစ်ကြိမ်မြောက်တောင်းပန်တော့ မှသူတို့အထဲမှာအသက်အကြီးဆုံးဖြစ်တဲ့ ကောဏ္ဍညကဘဲ ပြောစမ်းပါအုံးလို့ဆိုပြီး မရှိမသေ မလေးမစား နားထောင်ကြတယ်။

ဒီတော့မှ ဗုဒ္ဓက မင်းတို့ငါတို့ဟာ အစကအရပ်ထဲမှာ နေပြီးမျက်စိ၊ နား၊ နှာ၊ လျှာ၊ကိုယ်၊ စိတ်တွေကို အလိုလိုက်အကြိုက်ပေးပြီး နေခဲ့ ကြတယ်၊ နောက်တော့ ဒါတွေဟာ

မကောင်းဘူးဆိုပြီး တောထဲထွက်ခဲ့ကြတယ်၊ တောထဲရောက်ပြန်တော့ အငတ်ငတ်အပြတ်ပြတ်နဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှုတွေကို ကျင့်ကြံခဲ့ကြတယ်။ အဲဒီနှစ်ခုစလုံးဟာ လမ်းမှန်တခုမှမဟုတ်ဘူး။ စောစောကတော့ မင်းတို့လဲမသိဘူး၊ ငါလဲမသိဘူး၊ အခုတော့ ငါကောင်းကောင်းမြင်ပြီ။ ကောင်းကောင်း သိပြီ။ အဲဒီအစွန်းထွက်တဲ့ မင်းတို့နားလည်အောင် ပြောမယ်ဆိုယင် လွန်တဲ့တရားတွေပေါ့။ အဲဒီလွန်တဲ့တရားနှစ်ခုကြားမှာ မပိုမလိုတဲ့နည်းလမ်းတခုရှိတယ်။ အဲဒီ နည်းလမ်းကို ငါတွေ့လို့ အခုလိုညာဏ်ဦးကျောက် ဓမ္မပွင့်ခဲ့တယ်။ ပွင့်ခဲ့တဲ့အတိုင်း ငါဓမ္မကို ဓမ္မအတိုင်း ကိုယ်တိုင်သိပြီး ကိုယ်တိုင်မြင်ပြီ၊ ငါ သိတဲ့ အလယ်အလတ်ကျင့်စဉ်ကတော့ မဆန်းပါဘူး။ အမှန်ရှိတဲ့ ဓမ္မတွေကိုရှိတဲ့အတိုင်း မြင်ဖို့က နံပါတ်(၁)၊ နောက်ဒီလိုအရှိကို အရှိအတိုင်း မြင်ဖို့အတွက် အမှန် အတိုင်း တွေးခေါ် ကြံဆမှုကနံပါတ်(၂)၊ နောက်ဒီလို တွေးခေါ်မြင်သိတဲ့ အတိုင်း မှန်ကန်တဲ့အကျိုးရှိတဲ့ စကားမျိုးကို ပြောဆို ဖို့က နံပါတ် (၃)၊ နောက် အမှန် တွေးဆ လို့ အမှန် မြင် တဲ့ အတိုင်း မမှားနိုင်တဲ့ ပြုလုပ် ဆောင်ရွက်မှုက နံပါတ်(၄)၊ နောက် အမှန်အတိုင်း ယူဆတွေးတော ပြောဆိုပြီး ကိုယ့်အသက်ကိုကိုယ်မွေးမြူခြင်းက နံပါတ်(၅)။ နောက် အဲဒီလို ပြောဆိုမှု လုပ်ကိုင်ဆောင်ရွက်မှု၊ ကိုယ့်အသက်ကို ကိုယ်မွေးမြူတဲ့နေရာမှာ အသုံးပြုရမဲ့ အားထုတ်မှုအင်အားက နံပါတ်(၆)၊နောက် အဲဒီလိုနေရာတွေမှာ မမှားရအောင် ပဲ့ကိုင် ပေးရတဲ့ သတိ ထားမှုက နံပါတ်(၇)၊ နောက်ဆုံး နံပါတ်(၈) ကတော့ ကိုယ့်စိတ်ကို

ကိုယ်တည်ငြိမ်အောင် မပြောင်းမလွဲအောင် အလုပ် အကိုင်တွေ ပေါ်မှာ စူးစိုက်နိုင်တဲ့သဘောဘဲ၊ အဲဒီရှစ်ချက် မင်းတို့ ငါတို့ လိုက်နာနိုင်ယင် လိုက်နာနိုင်အောင် ကျင့်ကြံ အားထုတ်နိုင်ယင် ဓမ္မကိုဓမ္မအတိုင်းမြင်မယ်။

အဲဒီလိုဗုဒ္ဓက မဇ္ဈိမ ပဋိပဒါ လမ်းစဉ်ကို မဂ္ဂင် (၈) ပါး တရား ကိုယ်နဲ့ တင်ပြ လိုက်တော့ အသက် အကြီးဆုံး ကောဏ္ဍညကြီးက အတော် ဘဝင်ကျသွားပုံ ရတယ်။ ဒီတော့ ကောဏ္ဍညက ဂေါတမ မင်းပြောတဲ့ ဓမ္မကို ဓမ္မအတိုင်း မြင်ပုံ ပြောပြအုံးလို့ဆိုတော့ ဗုဒ္ဓကနေလဲဝင်ခါနီးပြီ၊ မင်းတို့သိအောင် အတိုချုံးပြောမယ်၊ ဓမ္မကို ဓမ္မအတိုင်း မြင်တယ်ဆိုတာက မင်း ငါ့ကိုကြည့်စမ်း၊ ဟောဒီခန္ဓာကိုယ်ကောင်ကြီးဟာ ဘယ်သဘော ရှိသလဲ၊ ဘယ်ဓမ္မတွေ လွှမ်းမိုးနေသလဲဆိုယင် မေးလာကတည်းက စပြီးတဖြည်းဖြည်းရင့်ကျက်တဲ့ သဘောတွေ၊ ပျက်စီးတဲ့ သဘော တွေ ဒီခန္ဓာကိုယ်ကြီးဟာ ဝိညာဏ်လို့ခေါ်တဲ့ ဓမ္မတခုနဲ့ တွဲနေ လို့သာ တနေ့ကျယင် ဒီကိုယ်နဲ့ဒီဝိညာဏ်ဟာ အိုးစားကွဲပြီး ဒီ ရုပ်ဝတ္ထုဖြစ်တဲ့ အကောင်ကြီးကတော့ ပုပ်ပွ ခွေးစာ ဝက်စာ ဖြစ်ရမယ်။ ဒါကြောင့် ဒီခန္ဓာကိုယ်ကြီးဟာ တခုမှချမ်းသာတဲ့ဓမ္မ ကို မထုတ်လုပ်နိုင်ဘူး။ ဆင်းရဲတဲ့ဓမ္မတွေကိုသာ အမြဲထုတ်လုပ် နေတယ်၊ အဲဒါဟာ တကယ်ဆင်းရဲတဲ့ဓမ္မ အစစ်ဘဲလို့ မှတ်။

အဲဒီဆင်းရဲတဲ့ဓမ္မတွေဟာ ဘာကြောင့် ဖြစ်ပေါ်ရသလဲ ဆိုတဲ့ ရောင်းရင်းကိုရှာတော့ မင်းတို့ငါတို့မှာ မူလကတည်းက အမြဲကပ်နေတဲ့ လိုချင်တပ်မက်မှုဆိုတဲ့ (လောဘတဏှာ သမုဒယ ဓမ္မ)တွေဘဲ၊ မျက်စိနဲ့အဆင်း၊ နားနဲ့အသံ၊ နှာခေါင်းနဲ့ အနံ့၊

လျှာနဲ့အရသာ၊ ကိုယ်နဲ့အထိအတွေ့၊ စိတ်နဲ့စိတ်ကူး တွေ့ထိတိုင်း ဆုံတိုင်းဖြင့်ပေါ်တဲ့ ဓမ္မတွေဘဲ....'

ဒီတော့ ဒီလိုသိတိုင်းဆုံတိုင်းမှာ ဖြစ်ပေါ်တဲ့ တရားဓမ္မတွေကို မဖြစ်ပေါ်အောင် ကျင့်ကြံအားထုတ်တဲ့ လမ်းစဉ်ဟာ တော့ ငါပထမတင်ပြခဲ့တဲ့ အချက်(၈)ချက်နဲ့အညီ အ ဝင်ဂွင် ကျအောင်အားထုတ်ရမယ်၊ ဒါမှ အကြောင်း အကျိုး မြှတ်ပြီး ဆင်းရဲတဲ့ ဓမ္မတွေက မင်းတို့ငါတို့လွတ်မယ်လို့ ဗုဒ္ဓက အမှန်ဓမ္မ ဇစ်တွေကို ထုတ်ပြလိုက်တော့၊ ကောဏ္ဍညဟာ ပထမအဆင့်'အရိယာ' လမ်းကြောင်းထဲကိုဝင်လာတယ်။

ဒီတော့မှ ရှင်ကြီးဂေါတမတဲ့ ယနေ့ဒီအချိန်ကစပြီး သင့်ကို ဆရာရယ်လို့ မှတ်ပါပြီ၊ သင်တင်ပြတဲ့ဓမ္မတွေကိုလဲ အကြွင်းမဲ့ လက်ခံပါပြီ၊ ငါ့ကိုလဲသင်၏ နောက်လိုက်တပည့်ရင်းလို့ မှတ်ပါလို့ ဝန်ခံသတဲ့။

ပြောရိုးပြောစဉ် ပြောမယ် ဆိုယင်တော့ ဗုဒ္ဓက သစ္စာ လေးပါးကို ခန္ဓာကိုယ်မှာ အပ်ပြီး တင်ပြတော့ ကောဏ္ဍညဟာ ပထမအဆင့်အနေနဲ့ သောတာပန် ဖြစ်သွားတယ်။

ဗုဒ္ဓရဲ့ပထမ တပည့်ရင်းအဖြစ် ခံယူလိုက်တယ်၊ အဲဒီနေ့ ဟာ ဝါဆိုလပြည့်နေ့ဘဲ၊ နောက်ပိုင်းကျတော့ 'ဝပ္ပ'ဟာ လပြည့် ကျော်တရက်၊ 'ဘဒ္ဒိယ'က လပြည့်ကျော် ၂ ရက်၊ 'မဟာနံ' က လပြည့်ကျော် ၃ ရက်၊ 'အဿဇိ'က လပြည့်ကျော် ၄ ရက် အစဉ်အတိုင်း ဗုဒ္ဓရဲ့သစ္စာလေးပါး အမှန်ဓမ္မတွေကို လက်ခံ ယုံကြည်သွားကြတယ်။

နောက်တနေ့ ဝါဆိုလပြည့်ကျော် ၅ရက်နေ့မှာ သဗ္ဗေ ဓမ္မာအနတ္တာ ဓမ္မမှန်သမျှ အနတ္တတွေဘဲဆိုတဲ့ အနတ္တ ဒေသနာကို ဆက်လက်တင်ပြတဲ့အခါမှာ အားလုံးကုန် ရဟန္တာကြီးတွေဖြစ် ကုန်ကြတယ်၊ အနတ္တနဲ့နိဗ္ဗာန် ဆက်စပ်ပုံကို နောက်ပိုင်းမှာဘဲ ဆက်လက်ဟောပြသွားမယ်။

ဒီကနေ့အဖို့ ဒီတွင်ပဲနိဂုံးချုပ်ပြီး ဗုဒ္ဓ၏လမ်းစဉ်ဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး လမ်းစဉ်အတိုင်း ဆထက်တံပိုး ကြိုးစား အား ထုတ်ကြ။

သာဓု....သာဓု....သာဓု

မထေရ်၏ ဓမ္မစကြာတရား ဟောပြောချက်မှာ ဗမာဆန် လွန်းလှသဖြင့် ကျွန်ုပ်တို့၏နားတွင် ဘုရားဟောမှ ဟုတ်ပါလေစ ဟုထင်ယောင်မိပါသည်။ ၇ရက်ရောက်၍ ဓမ္မစကြာသုတ်၏ အ နက်အဓိပ္ပာယ်တို့ကို ထပ်မံလေ့လာကြည့်သော အခါမှသာ မထေရ်၏ဟောပြောချက်များကို သဘော ပေါက် မိပါသည်။ ဓမ္မစကြာသုတ်တွင် နတ်ဗြဟ္မာတို့ ကောင်းချီး ပေး ခြင်း၊ မြေ လျှင် တုန်လှုပ်ခြင်း စသော အချက်အလက်များကသာ ကျယ် ဝန်းပြီး ဓမ္မသဘာဝမှာ မထေရ်ဟောကြားသော လိုရင်းချက် များအတိုင်းပင်ဟု သဘောပေါက်လာပါတော့သည်။

# အနတ္တနိဗ္ဗာန်

တရားပွဲဖြုတ်သည်နှင့် မထေရ်၏ ကျောင်းခန်းဖလေး အတွင်း၌ ယောဂီများ ပြည့်ကြပ်လျက်ရှိသည်ကို တွေ့ရ၏၊ယင်း ပရိသတ်ထဲတွင် မထေရ်နှင့်အနီးကပ်ဆုံးတွင် ထိုင်နေသူယောဂီ ကြီးတယောက်မှာ သားနား ထယ်ဝါ၍ အထက်တန်း ကျသူ တယောက်ဟူ ခန့်မှန်းရ၏။ မှန်၏ယင်းပုဂ္ဂိုလ်မှာ အထက်တန်း လခစားတယောက်ဖြစ်၏။ ရတနာသုံးပါးကိုလည်း ကိုင်းရှိုင်း ပုံရ၏။ ကျွန်ုပ်လည်း ယင်းပုဂ္ဂိုလ်၏ လျှောက်ထားချက်ကို နားထောင်လိုသဖြင့် ကျောင်းကလေး၏ အပြင်စပ်ဖာပင် ထိုင် လျက် နားထောင်ခဲ့၏။

ယင်းပုဂ္ဂိုလ်က အရှင်ဘုရား ဟောလိုက်တဲ့ ဓမ္မစကြာ တရားတော်ဟာတိုတိုနဲ့အတော် ရှင်းပါတယ်ဘုရား၊တပည့်တော် တော့ အတော် သဘောကျတယ်၊ ဒါပေမဲ့ တပည့်တော် (အနတ္တလက္ခဏာသုတ်)ကို အရှင်ဘုရား အာပေါ်နဲ့ ဆက်ပြီး နာချင်ပါသေးထယ်ဘုရား၊ တပည့်တော်က ဒီကို ရောက်လာ တာမကြာသေးပါဘူး၊ တပတ်လောက်ပဲ ရှိပါသေးတယ်၊ ရန် ကုန်မှာတော့ တရားတိုက်မှန်ယင် တပည့်တော် ရောက်ဖူးတဲ့

တရားတိုက်က များပါတယ်၊ တပည့်တော် ဒီမြို့ရောက်လာတာ က အစိုးရအလုပ်နဲ့ပါဘုရား....’ဟု လျှောက်ထားရာ

မထေရ်က ‘ကောင်းတယ်ဒကာကြီး၊ ဦးပဥ္ဇင်းက ပါဠိတွေဘာတွေမသင်ဘူးခဲ့တော့ ဖြတ်လမ်းကနေပြီး ကိုယ်သဘောပေါက်သလို ဟောတာပါ၊ ပါဠိသံတွေချည်း ကြားနေကြတဲ့ ပုဂ္ဂိုလ်များအဖို့ ဦးပဥ္ဇင်းဟောတဲ့မေ့စကြာကတော့ ပေါ့ ရွတ်ရွတ်ဖြစ်မှာဘဲ ဒါပေသည့် လူပြိန်းများအတွက်တော့မှတ်မိလွယ်တာပေါ့ဒကာကြီး အကယ်၍ဒကာကြီး(အနတ္တလက္ခဏာ)သုတ်ကို နာချင် ယင်တော့ နောက်များမှဘဲနာပေါ့၊ ဒီမှာကြာအုံးမယ်မဟုတ်လား’ဟုမေးရာ

ဒကာကြီးက ‘အနည်းဆုံးသုံးနှစ်လောက်တော့ နေရမှာပေါ့၊ ဒါနဲ့ တပည့်တော်တနင်္ဂနွေနေ့မှာ အားပါတယ်ဘုရား။ အခုလာမည့်တနင်္ဂနွေနေ့မှာ အနတ္တနဲ့ ပတ်သက်လို့ ဆွေး နွေး စရာအတော်များများ ရှိပါတယ်ဘုရား၊ အရှင်ဘုရား ခွင့် ပေး ယင်တော့ အချိန်ယူပြီး ဆွေးနွေးလိုပါတယ်ဘုရား....’

‘ကောင်းတယ်ဒကာကြီး၊ လာမည့်တနင်္ဂနွေနေ့မှာဒကာကြီး အားတဲ့အချိန်လာခဲ့၊ ဆွမ်းစားချိန်ကလွဲယင် ဦးပဥ္ဇင်းအားတယ်....’ဟု မထေရ်ကခွင့်ပေးလိုက်သည်တွင် ယင်းဒကာကြီးမှာ အားရဝမ်းသာစွာနှင့် ဦးတင်သွားလေ၏။

ယနေ့ကား တနင်္ဂနွေနေ့ဖြစ်သည်။ ချိန်းဆို သွားသော အစိုးရအထက်တန်း အရာရှိကြီးသည် လွယ်အိတ်တလုံးကို ဆွဲလျက် အာရာမ်ထဲသို့ ဝင်လာရာ ကျွန်ုပ်နှင့်ပင် ပက်ပင်းမှာတွေ့၍ မထေရ်ဒီအချိန်တွင်အားမအားစုံစမ်း၏။ကျွန်ုပ်ကလိုက်လှဲစွာ

နှင့် ခရီးဦးကြိုဆို၍ ယင်းပုဂ္ဂိုလ်အား ဇရပ်အတွင်းသို့ ဖိတ်ခေါ်ပြီးလျှင် မထေရ်၏အခြေအနေကို ကျွန်ုပ်ကိုယ်တိုင် သွားရောက်အကဲခတ်စဉ် မထေရ်အား ယင်းပုဂ္ဂိုလ်ကြီးလာလိုကြောင်း ခွင့်ပန် လျှောက်ထားခဲ့ပြီးလျှင် ကျွန်ုပ်တို့နှစ်ယောက် မထေရ်၏ ကျောင်းကလေးအတွင်းသို့ ဝင်ရောက်ခဲ့ကြပါပြီ၊

မထေရ်သည် ထိုင်နေကျ နေရာတွင် ထိုင်လျက် ယင်းပုဂ္ဂိုလ်အား၊

'ဒကာကြီး တော်တော်စောစောလာခဲ့တာကိုး....'ဟု စတင်နှုတ်ဆက်လိုက်၏။

'မှန်လှပါဘုရား၊ ည က လဲ ဒီ အ န တ္တ နဲ့ နိဗ္ဗာန်ဆက်စပ်မှုကို အမျိုးမျိုး ကြံဆတွေးတောမိပါတယ်ဘုရား၊ တယ်ပြီး သဘောမပေါက်ပါဘူးဘုရား၊ ဒါကြောင့် လဘက်ရည်တခွက်သောက်ပြီး ထွက်လာခဲ့ပါတယ်ဘုရား....'

'ကိုင်း....ဒီတော့ ဦးပဉ္ဇင်းပြောချင်တာထက်၊ ဒကာကြီးမသိတာ မရှင်းတာမေးယင် ပိုကောင်းမယ်၊ ဒီတော့ ဒကာကြီးသိချင်တာလျှောက်၊ ဦးပဉ္ဇင်းသိတဲ့ လက်ခံထားတဲ့ ယုံကြည်ထားတဲ့ သဘောရေးတွေကို ဉာဏ်မှီသလောက် ရှင်းပြသွားမယ်'ဟုဆိုကာ မထေရ်သည် ချမြတိုင်းသော စက္ကူချွန်ကို ချလိုက်လေ၏။

'တပည့်တော် ပဌမအနေနဲ့ သိချင်တာက သဗ္ဗေဓမ္မာ အနတ္တာဆိုတဲ့ ပါဠိရဲ့သဘောရေးကို သိချင်ပါတယ် ဘုရား'

'ကိုင်း....ဒီတော့ သဗ္ဗေဓမ္မာ အနတ္တာကို သဘောပေါက်အောင် ပြောရယင်....သဗ္ဗေသင်္ခါရာ ဒုက္ခာတို့ သဗ္ဗေသင်္ခါရာ အနိစ္စာ

တို့ကို စရှင်းရမယ်။ ဗုဒ္ဓဟာ သဗ္ဗေသင်္ခါရာမှာတော့ အနိစ္စဒုက္ခ လို့ ဟောပြီးတော့ သဗ္ဗေဓမ္မာကျမှ ဘာပြုလို့ အနတ္တလို့ဟောခဲ့ သလဲဆိုတဲ့ မေးခွန်းရဲ့ အဖြေကို သိဖို့ သဘောပေါက်ဖို့ လို တယ်။ ဗုဒ္ဓကတော့ တိုတိုနဲ့ ကျဉ်းကျဉ်း၊ ရှင်းရှင်းဘဲ ဟောခဲ့ တာဘဲ၊ ဒါပေသည့် ညာဏ်ဦးကျောက်က မမှီတော့ မငုံမိတော့ ဗုဒ္ဓအလိုတော်အတိုင်း သဘောမပေါက်ကြဘူး။ သဗ္ဗေဓမ္မာဆို တော့ လောကဓာတ်ကြီးတခုလုံးရဲ့ အတွင်းအပြင်မှာ အချိန် မခြားဖြစ်ပေါ်ပျောက်ပျက်နေတဲ့ ရုပ်ဝတ္ထု နာမ်ဝတ္ထုမှန်သမျှ တွေဟာ သူ့သဘာဝနဲ့ သူ ဘယ်တန်ခိုးရှင် ဘယ်အာဏာရှင်မှ မဖန်တီးဘဲ လှုပ်ရှားနေကြတာမို့ ဓမ္မမှန်သမျှဟာ အနတ္တချည်း ဘဲလို့ ဗုဒ္ဓက သူ့နေရာက နေပြီး မြင်သလို ကြေငြာခဲ့တာဘဲ ဒကာကြီး။ အဲဒီသဘောအဓိပ္ပာယ်ကို ယူပြီး ဗမာဗုဒ္ဓဝါဒီတွေက အနတ္တဓမ္မဆိုတာ အစိုးမရမှု၊ အလိုမလိုက်မှု၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမရယ်လို့ မသတ်မှတ်နိုင်မှုကို ခေါ်တယ်လို့ ခံ ယူထားကြတယ် မဟုတ်လား ဒကာကြီး'

'တင်ပ....၊ ဒါကတော့ မိရိုးဖလာ သူသူငါငါ ဘာသာ ပြန်တဲ့ သဘောပါဘဲ။ အခုတပည့်တော် သိချင်တာက ဒါထက် များ နက်နဲတဲ့ သဘောအဓိပ္ပာယ်များ ရှိအုံးမလားလို့ပါဘုရား၊ ရှိရင်လဲ သိချင်လို့ပါ'

မထေရ်က 'အော်.... ဒီလိုဆိုယင် ဒကာကြီးကို (အတ္တ သဘော)က စရှင်းမှ ဖြစ်မယ်။ ဒကာကြီး အတ္တဓမ္မ ဆိုတာက တကိုယ်ကောင်းဆန်တာ၊ ငါ ငါ တငါငါနဲ့ ထောင်လွှားတဲ့ အယူ၊ ဘယ်ကိစ္စမှာမဆို ငါဆိုတဲ့သဘော စွဲနေတာ။ ငါလုပ်

တာ ငါကိုင်တာ ငါမြင်တာ ငါကြားတာ ငါစားတာ ငါသွားတာ စသည်ဖြင့် ပေါ့။ အဲဒီလို တကိုယ်ကောင်းစွဲနေတာကို ခေါ်တယ်။ အင်္ဂလိပ်လိုဆိုယင် (Self)ပေါ့၊ ဒီနေရာမှာ (Selfishness)လို့ ခေါ်ချင်တယ်။ ဒါက အတ္တ သဘော၊ အနတ္တဓမ္မ ကတော့ အတ္တဓမ္မရဲ့ ပြောင်းပြန် ပြောင်းပြန်နော်၊ ဆန့်ကျင်ဖက် မဟုတ်ဘူး။ ပြောင်းပြန်နဲ့ ဆန့်ကျင်ဖက်နဲ့သဘောချင်း မတူဘူးနော်။

'အနတ္တဓမ္မဟာ အတ္တဓမ္မကို မဆန့်ကျင်ဘူး(Reverse) ပေါ့ ဒကာကြီး။ ဒကာကြီးနဲ့ ဆွေးနွေး ရတာ တပန်းသာတယ်။ ဘာကြောင့်လဲဆိုတော့ ဗမာလိုလေးနက်တဲ့ နေရာမှာ ဗမာလိုနဲ့ အင်္ဂလိပ်လိုမှ လေးနက်တဲ့ နေရာမှာ အင်္ဂလိပ်စကားလုံးကလေးတွေ သုံးလို့ နားလည်လွယ်တယ်။

'(အနတ္တဓမ္မ)ကို သိနိုင်မြင်နိုင်ဖို့အတွက် အတ္တဓမ္မကိုဘဲ အားကိုးပြီး ကြည့်ရတယ်။ အတ္တဓမ္မနဲ့ အနတ္တဓမ္မဟာ ဗုဒ္ဓရဲ့ပဋ္ဌာန်းနည်းအရ ဆိုယင် အညမည သဟဇာတ ဘဲ။ အတ္တဓမ္မကိုပယ်လို့ မရဘူး။ အနောက်တိုင်း အဘိဓမ္မာသမားတွေကတော့ အနတ္တဓမ္မကို(Negative)လို့ ဘာသာပြန်ကြတယ်။ ဦးပဉ္ဇင်းအနေနဲ့ကတော့ (Reverse)ကို ကြိုက်တယ်။ ဘာပြုလို့လဲ ဆိုယင် (Negative)ဆိုယင် (No) (Not) (Nothingness) (Emptiness) တို့ အကြုံးဝင်သွားတော့ နောက်ပိုင်း နိဗ္ဗာန်ပြဿနာမှာ အခက်တွေ့ဖို့ ရှိတယ်။ ဒီတော့ အတ္တဓမ္မနဲ့ အနတ္တဓမ္မတို့ဟာ ပစ္စည်းဆက်အရ အညမည သဟဇာတဖြစ်ပြီး ပြောင်းပြန်ဖြစ်ပုံကို ပြောပြမယ်။

'နိုးစပ်ရာ ဥပမာ ပေးရယင် ဓာတ်ပုံရိုက်တဲ့ အခါမှာ ကော်ပြား(Film)မှာ ထင်လာတဲ့ ရုပ်ပုံနဲ့ ဒီကော်ပြားက ပုံကိုဘဲ ဓာတ်ပုံကူးတဲ့ စက္ကူပေါ်မှာ ကူးထားတဲ့ ပုံနဲ့ တူရဲ့လား၊ မတူဘူးနော်။ (Film)ကော်ပြားမှာ တုံးက မဲနေတဲ့ နေရာတွေဟာ စက္ကူပေါ်ကျတော့ ဖြူလာတယ်။ ဖြူတဲ့နေရာတွေဟာ မဲလာတယ်။ (Film)ကော်ပြားမှာ ထင်နေတဲ့ ပုံတုံးကတော့ ဘယ်သူဘယ်ဝါရယ်လို့ မထင်ရှားသော်လဲ စက္ကူ ပေါ် ကူးလိုက်တော့ ထင်ရှားပြတ်သားလာတယ်။ အဲဒီဥပမာအတိုင်းဘဲ အတ္တဓမ္မအစွဲနဲ့ ကြည့်ကြ မြင်ကြတဲ့အမြင်က ကော်ပြားပေါ်က ပုံကို မြင်သလိုဘဲ၊ အနတ္တဓမ္မ ပေါက်လို့ အတ္တဓမ္မ ပျောက်သွားတဲ့ ပုဂ္ဂိုလ်တွေရဲ့ အမြင်က စက္ကူပေါ်မှာ ထင်နေတဲ့ပုံနဲ့တူတယ်။ ကိုင်းဘယ်လောက် ကွာခြားသလဲ ဒကာကြီး။ မဆန့်ကျင်ဘူးနော် ပြောင်းပြန်ဖြစ်ပုံပြောတာ၊ ဒီတော့ ဘယ်ပုံက အမှန်လဲ ဆိုယင် စက္ကူပေါ်က ပုံက အမှန်လို့ဘဲ ဖြေရမယ်။ ဒီတော့ (Film)ကော်ပြားပေါ်က ပုံကတော့ မှားသလား ဆိုတော့ မမှားဘူး၊ သို့သော်လဲ မထင်ရှားဘူး၊ ပြောင်းပြန် ဖြစ်နေတယ်။ ဒါကြောင့် အတ္တဓမ္မ နဲ့ အနတ္တဓမ္မ ဟာ မဆန့်ကျင် သော်လဲ ပြောင်းပြန် (Reverse)ဖြစ်တာတော့ အမှန်ဘဲ ဒကာကြီး'

'တင်ပ....'

'ကဲ....(သင္ခတသင်္ခါရ အနိစ္စ၊ သင္ခတသင်္ခါရ ဒုက္ခ)ကို ပြန်ကောက်ကြစို့။ ဗုဒ္ဓဟာ သင္ခတသင်္ခါရ တုံးကတော့ အနိစ္စတို့ ဒုက္ခတို့ကို ဟောပြီးတော့ သင္ခတ ဓမ္မာကျတော့မှ အနတ္တဟောလိုက်တော့ အဲဒီ အနတ္တဓမ္မထဲမှာ ဒုက္ခ ဓမ္မ အနိစ္စဓမ္မတို့လဲ

အားလုံး အကြုံးဝင်တယ် ဆိုတာ အာရုံ ပြုထားစမ်းပါ။ ဒါမှ ကောင်းတဲ့ ဓမ္မတွေ၊ မကောင်းတဲ့ဓမ္မတွေဟာ သဗ္ဗဓမ္မာထဲမှာ ပါတယ်ဆိုတာကို သတိ ရှိမယ်၊ ပြီးတော့ အဲဒီ သဗ္ဗ ဓမ္မာ ထဲမှာဘဲ နိဗ္ဗာန်ဓမ္မလဲပါတယ်၊ အကြုံးဝင်တယ်ဆိုတာကိုလဲ သိထားရမယ်။ သဗ္ဗေဓမ္မာကို ဗုဒ္ဓက နိဂုံးအနေနဲ့ ဟောရတာဟာ မကောင်းတဲ့ ဓမ္မ (အကုသိုလ် တရား) တွေ၊ ကောင်းတဲ့ ဓမ္မ (ကုသိုလ်တရား)တွေ မခိုင်မြဲတဲ့(အသင်္ခတ သင်္ခါရ) တရားတွေ ခိုင်မြဲတဲ့ (သင်္ခတ နိဗ္ဗာန)တရားတွေ၊ မရှိကို အရှိလုပ်ပြီး သုံးစွဲ ပြောဆိုရတဲ့ (ပညတ်ဓမ္မ)တွေ၊ တကယ်ရှိတဲ့ (ပရမတ်ဓမ္မ) အားလုံးကို (အနတ္တဓမ္မ)အနေနဲ့ အစွဲ ဥပါဒါန် ပြုတ်အောင် နိဂုံး အနေနဲ့ ဟောလိုက်တာဘဲလို့ ဦးပဥ္ဇင်းယုံကြည်တယ်။

ဒါမှ 'သတ္တဝါ'တွေဟာကိုယ်လုပ်ခဲ့တဲ့မကောင်းမှုတွေကောင်းမှုတွေအပေါ်မှာ အစွဲပြုတ်ပြီး ကောင်းမှု အတွက်လဲ အကျိုးဓမ္မ မဖြစ်တော့ဘူး၊ မစံစားရတော့ဘူး၊ မကောင်းမှုအတွက်လဲ အပြစ် မခံစားရဘူး။

အချုပ်ကတော့ဒကာကြီးနားလည်အောင်ပြောမယ်ဆိုယင် Psychologically, Philo-so-phi-cally, Scientifi-cally ) "စိတ္တဗေဒ"နည်းတို့ အဘိဓမ္မာနည်းတို့ သိပ္ပံနည်းတို့ကိုသုံးပြီး( Reverse )ပြောင်းပြန်လုပ်ပြီး ဆွဲဆောင် သွားတာဘဲ။ ဒါကြောင့် အနောက်နိုင်ငံ အတွေး အခေါ် သမားတွေက ဗုဒ္ဓရဲ့ညာဏ်ဦးကျောက်ကိုမမှီတော့ဗုဒ္ဓကို ( Dogma-tist )လို့လို ( Paradoxist )လို့လို သတ်မှတ် ကြတယ် ဒကာကြီး၊ အမှန်က ဗုဒ္ဓဟာ သတ္တဝါတို့ရဲ့ ဥပါဒါန် အစွဲကို

ဖြုတ်တဲ့ နေရာမှာ အတုမရှိဘူး၊ 'သတ္တဝါ' လူသားတို့သဘော လှယ်လှယ်ပေါက်နိုင်တဲ့၊ လှယ်လှယ်လက်ခံနိုင်တဲ့ (ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ကာမာနံအာဒီနဝကထာ)တွေကိုရှေ့ ပြေးသုံးပြီး အဲဒီသတ္တဝါလူသားကြိုက်တဲ့စွဲလန်းတဲ့ ဓမ္မတွေကို ပြောင်းပြန်လန် သွားအောင် 'သဗ္ဗေ ဓမ္မာ အနတ္တာ' နဲ့ ကိုင်ပြီး နားရွက်တွေဆွဲလှည့်လိုက်တာပါဘဲ၊ ကိုင်းဒီလောက်ဆိုရင်အနတ္တာ တော့ ရှင်းလောက်ပြီထင်တယ်'

'မှန်လှပါဘုရား နဲနဲတော့ သဘော ပေါက်လာ ပါပြီ ဘုရား၊ 'အနတ္တာ'နဲ့ 'နိဗ္ဗာန်' ဆက်စပ်ပုံလေး အမိန့်ရှိပါအုံး ဘုရား'ဟု အရာရှိကြီးက ဆက်လက် တောင်းပန်ရာတွင်....

မထေရ်က 'အခု နာရီ ဘယ်လောက် ရှိသွားပြီလဲ'ဟု မေး၏။

အရာရှိကြီးက အပေါ်အင်္ကျီ လက်ကိုလှန်၍ လက်ပတ် နာရီကိုကြည့်ကာ (၇)နာရီမိနစ် ၃၀ပါဘုရားဟု လျှောက်၏။

ထိုအခါ မထေရ်က 'တနာရီ လောက်တော့ အချိန်ရ သေးတယ် ဒကာကြီး၊ ဒကာကြီးကော အချိန်ရရဲ့လား....'

ရပါတယ်ဘုရား၊ တပည့်တော်က ဒီကနေ့ တနေ့လုံးလိုလို ဆွေးနွေးဖို့ စိတ်ကူးလာပါတယ်၊ စားစရာလဲပါပါတယ်၊အိမ်က ဒကာမကြီးကိုလဲ မှာခဲ့ပါတယ်၊ ရပါတယ်ဘုရား။

'ဒီလိုဖြင့် အတော်ဘဲ အခု ရှင်းပေးရမှာက 'အနတ္တာနဲ့ နိဗ္ဗာန်'ဆက်စပ်ပုံပေါ့နော်....၊ လှယ်သွားပါပြီဒကာကြီး၊အနတ္တာ ကိုတော့ သဘောရေးတော့ရတယ်မဟုတ်လား။ 'အနတ္တာ'ဆိုတာ ပြောင်းပြန်ဖြစ်သွားတဲ့စိတ်နော်။ ( Reverse mind )ပေါ့၊

အဲဒီပြောင်းပြန် ဖြစ်သွားတယ် ဆိုတာကိုကော (ဘဝင်) ကျပြီလား?။

'တင်ပ' ဘဝင်ကျတယ်ဆိုပေမင့်( Theoret ically ) ပြောကြားသိပေါ့ဘုရား။ တကယ်( Practically ) ကိုယ်တွေ့တော့ မဟုတ်သေးဘူးပေါ့'

'ဟုတ်ပြီလေ' ပြောကြားသိ အနေနဲ့ လက်ခံနိုင်တဲ့အရည်အချင်းဆိုတာလဲ မလွယ်ဘူး၊ ဒကာကြီး အနေနဲ့ တကယ်သာ ရှင်သာရိပုတ္တရာအလောင်း၊ ဥပတိဿဟာ (သျှင်အဿဇိ)နဲ့ တွေ့တော့ (ယေဓမ္မာ) အစရှိတဲ့ ဂါထာတပုဒ်နဲ့(ဘဝင်)မှာ ချိုင့်စာနဲ့ကျသွားတာမျိုး ဘဝင်ကျသွားယင်တော့ 'အရိယာ' ချက်ချင်း ဖြစ်သွားမှာပေါ့၊ အခုတော့ ရှင်းပြတဲ့ပုဂ္ဂိုလ်ကလဲဦးပဥ္ဇင်း၊ နာယူတဲ့ ပုဂ္ဂိုလ်က ဒကာကြီးဆိုတော့ စဉ်းစားပဲ ကြည့်ပေါ့။ အေး....အခုနပြောသလို ( Practically )ကိုယ်တွေ့ မဟုတ်ပေမင့် လက်ခံတယ်ဆိုယင် ရှေ့ဆက်ဖို့ဘဲ၊(အနတ္တဓမ္မ)ပေါက်ပြီးသား(အရိယာ)ပုဂ္ဂိုလ်ဟာ သာမန်ပုထုဇဉ် အနေနဲ့ ကြည့်ယင်၊ လေ့လာယင်၊ တကယ့်ကိုပြောင်းပြန်ကြီး တွေ့ရတယ်။ အဲဒီလိုပဲ ပုထုဇဉ်ရဲ့ စိတ်ဓမ္မကို 'အရိယာ' အမြင်နဲ့ကြည့်ယင် ပြောင်းပြန်ဘဲ၊ ပြောင်းပြန်ဆိုတာ 'စိတ်ဓမ္မ' ပြောင်းပြန် ဖြစ်တာနော်....၊ ဒါကိုကော လက်ခံနိုင်ပါ့မလားဒကာကြီး'

'တင်ပ....' ဒီနေရာမှာ ဘယ်လိုပြောင်းပြန် ဖြစ်နေတယ်ဆိုတာ သိချင်ပါသေးတယ်ဘုရား'

'ဒါမှ ခက်တယ်....ဒကာကြီး၊ အခုနတုံးက ပြောင်းပြန်ကိစ္စကို 'ပြောကြားသိ' အနေနဲ့ လက်ခံထားပြီ မဟုတ်လား၊ ဒီ

သဘောပေါ့၊ ဒကာကြီးရ၊ဒါကြောင့် အနောက်နိုင်ငံ'ဗုဒ္ဓဝါဒီ' တွေက(The vastness of this many sided subject is far beyond the scope of individual experience ) လို့ဆိုတာ၊ ကျယ်ဝန်း လွန်းအားကြီးလို့ ကဲ လေ....ဆက်ပြောသွားမယ်၊ နောက်မှပဲ စဉ်းစားကြည့်တာပေါ့'

'အရိယာ'ဖြစ်ပြီးသား 'အနတ္တဓမ္မ'ပေါက်ပြီးသား ပုဂ္ဂိုလ် တွေက 'အနိစ္စ....ဒုက္ခ'ဆိုတဲ့ ဓမ္မတွေကို 'အနတ္တဓမ္မ'အနေနဲ့ မြင် နေတော့ ဒီတရားဓမ္မအစုဓတွေအပေါ်မှာ ဆင်းရဲတယ်၊ ချမ်းသာ တယ်၊ကြိုက်တယ်၊မကြိုက်ဘူး၊ မုန်းတယ် ချစ်တယ် မရှိတော့ ဘယ်ကလောက် စိတ်ဓမ္မ 'သက်သာမလဲ ကြည့်၊ ကိုယ်ပိုင်ညာဏ် ဦးကျောက်ကလေးထည့်ပြီး 'တဒင်္ဂ' ခဏ ဏလေး ပယ်ကြည့် စမ်း၊ 'ပုထုဇဉ်' သာမာန် ပုဂ္ဂိုလ်တွေ ကတော့ ဆင်းရဲယင် ဆင်းရဲတာ စွဲနေတယ်၊ ချမ်းသာယင် ချမ်းသာတာ စွဲနေတယ်၊ မုန်းယင် မုန်းတာစွဲနေတယ်၊ ချစ်ယင်ချစ်တာစွဲနေတယ်၊

ကဲ ကွာခြားပုံ၊ကွာခြားပုံကို မြင်ပြီလား၊ ကိုယ်မဟုတ် တာလုပ်ခဲ့ယင် ငါမဟုတ်တာတွေ လုပ်ခဲ့ပါသလား။ ငါဒီမ ကောင်းမှုအတွက်တော့ ခံရတော့မယ်၊ အပယ်ကျတော့မယ် ဆို တဲ့'ဉပါဒါန်'ကြီးစွဲပြီး ဒါမျိုးတွေကို နောက်ပိုင်းမှာ ရှောင်သ လားဆိုတော့လဲ မရှောင်နိုင်ဘူး၊ ထပ်လုပ်၊ ထပ်ပြီးဒီလုပ်တဲ့ အ ပေါ်မှာ ပြောတဲ့အပေါ်မှာ ကြံစည်တဲ့အပေါ်မှာ ဉပါဒါန် အစွဲဓမ္မတွေဖြစ်နေတယ်။

ကောင်းတာလုပ်တော့လဲ ငါဒီကောင်းတဲ့အလုပ်အကိုင် အပြောအဆို၊ အကြံအစည်တွေအပေါ်မှာ ဉပါဒါန်အစွဲဓမ္မဖြစ်

ပြီး ငါ့ သေယင်နတ်မင်းကြီးဖြစ်မှာ ကေန်ဘဲ၊ ဗြဟ္မာမင်းကြီး ဖြစ်မှာ ကေန်ဘဲ၊ ဝိဇ္ဇာကြီးဖြစ်မှာကေန်ဘဲလို့ အဲဒီလိုဥပါဒါန် အစွဲကြီးနဲ့ ဝင်းမြောက်တဲ့စိတ်ဓမ္မဖြစ်ပေါ်လိုက်၊ ဝမ်းနည်းတဲ့ စိတ်ဓမ္မတွေဖြစ်ပေါ်လိုက်နဲ့ ဘယ်မှာဒီဆင်းရဲခြင်းဓမ္မ၊ ချမ်းသာ ခြင်းဓမ္မတွေက လွတ်နိုင်ပါတော့မလဲ၊ ကဲ အရိယာနဲ့ ပုထုဇဉ် ပြောင်းပြန်ဖြစ်ပုံ သဘောကျပြီလား....'

'ကျပါပြီဘုရား၊ အနတ္တနဲ့နိဗ္ဗာန်ဆက်စပ်ပုံ နေရာကို မ ရောက်သေးလို့ ငြိမ်နားထောင်နေပါတယ်ဘုရား....'

'ရှင်းမယ်လေ ဒကာကြီး၊အခုရင်မလိုနဲ့ဒီကိစ္စဟာ ဒီပြောင်း ပြန်သဘောမှာမှ ကြေကြေညက်ညက် မရှိခဲ့ယင် နားလည်ဖို့ မလွယ်ဘူး၊ အဲဒီပြောင်းပြန်ဖြစ်သွားတဲ့ စိတ်ဓမ္မကို သဘော မ ပေါက်ကြလို့ အရှေ့တိုင်း၊ အနောက်တိုင်း ဗုဒ္ဓဝါဒီတွေဟာ (နိဗ္ဗာန်ဓမ္မ)ကို အမျိုးမျိုးတွေးခေါ်ကြတယ်ဒကာကြီး....'

'အရှေ့တိုင်းကတွေးခေါ်ပုံ၊ အနောက်တိုင်းက တွေး ခေါ်ပုံတွေကို အခြေခံအနေနဲ့သိထားဘို့ ပြောပေးအုံးမယ်၊ အချို့ အရှေ့ပိုင်းဗုဒ္ဓဝါဒီတွေက နိဗ္ဗာန်မှာ ရုပ်ထူး၊ နာမ်ထူး ရှိတယ်လို့ ခံယူထားကြတယ်၊ အချို့ကတော့လဲနိဗ္ဗာန်ဆိုတာ ဗြဟ္မာ့ပြည်ထက်မြင့်တဲ့နေရာမှာ ဆက်လက်တောက်နေတဲ့ ရွှေ အတိ၊ငွေအတိ၊စိန်အတိ၊ ပတ္တမြားအတိပြီးတဲ့ ဘုံဗိမာန်တွေရှိ တယ်၊ နိဗ္ဗာန်ဝင်စံတဲ့ပုဂ္ဂိုလ်တွေပါ။ အဲဒီဘုံဗိမာန်တွေထဲမှာ ရွှေရုပ်၊ငွေရုပ်၊စိန်ရုပ်၊ပတ္တမြားရုပ်အသွင်နဲ့ မအို၊မနာ၊ မသေဘဲ ပီတိသုခနဲ့ အမြဲနေသွားရတယ်၊ အချို့ ဗုဒ္ဓဝါဒီတွေကတော့ နိဗ္ဗာန်ဆိုတာ ဘာမျှမရှိတဲ့ ဟာဿဟင်းလင်း 'ရုပ်ဓမ္မ'လဲမရှိ၊

နာမ်ဓမ္မသဲမရှိလို့ ဆိုကြပြန်တယ်၊ အချို့ကြတော့လဲ နိဗ္ဗာန်ဆိုတာတဏှာဆိုတဲ့ လိုချင် တပ်မက်တဲ့ စိတ်ဓမ္မ ပျောက်ကွယ်ကုန်ခမ်းသွားတာကိုခေါ်တယ် (ဒါကအရှေ့တိုင်းက ခံယူထားတဲ့ နိဗ္ဗာန်ဓမ္မတွေ)

အနောက်တိုင်း 'ဗုဒ္ဓဝါဒီ' တွေကတော့( Nirvana can be rendered as the effort of blowing,just like a smith's fire which goes out if not repeatedly blown upon the implication being the extinction of the fire of grief, hatred and delusion )

လို့....ခံယူထားကြတယ်၊ ဒီစာပိုဒ်ရဲ့ဘာသာပြန်ကတော့ ဗုဒ္ဓနဲ့ 'အဂ္ဂိဝစ္ဆ' 'ပရိဗိုဇ်'တို့အခြေအတင်ပြောတဲ့နေရာမှာ 'ဗုဒ္ဓ' ဖြေတဲ့ အဖြေမျိုးပါဘဲ ဒကာကြီး၊ အဲဒီ'အဂ္ဂိဝစ္ဆသုတ်'ကို တွေ့ဘူးတယ်မဟုတ်လား။

'အမိန့်ရှိပါဘုရား....'

'အေး....ကြုံတုန်း တိုတိုနဲ့ လိုရင်းပြောပြမယ်၊ အခါတပါး (အဂ္ဂိဝစ္ဆ)ဆိုတဲ့ ပရိဗိုဇ်ကြီး တယောက်ဟာ 'ဗုဒ္ဓ'ထံကိုလာပြီး (နိဗ္ဗာန်ပြဿနာ)ကိုဆွေးနွေးတယ်၊အဲဒီအချိန်အခါတုံးကတော့ 'ပရိဗိုဇ်'ဆိုတဲ့ 'သမဏ'သမားတွေ အတော်ခေတ်စားတယ်။'ဗုဒ္ဓ' ကိုတောင် ဝေဖန်နိုင်ကြတယ်။ 'ပရိဗိုဇ်'က စပြီး မေးခွန်းထုတ်တယ်....'

"သျှင်ကြီး 'ဂေါတမ'တဲ့၊ မေးပုံကြည့်(အဲဒီအခါတုံးကတော့ 'ဗုဒ္ဓ'ကို သူတို့က သူငယ်ချင်းပဲ သဘောထားတယ်)၊ သင့်အယူ

'ဝါဒ'မှာ 'နိဗ္ဗာန်ဆိုတဲ့ 'ဓမ္မ' ရှိတယ်ဆိုတာ ဟုတ်ရဲ့လားလို့ မေးတယ်....။

ဒီတော့ 'ဗုဒ္ဓ'က ဟုတ်တယ် ငါ့'ဝါဒ'မှာ နိဗ္ဗာန်ဓမ္မ ရှိတယ်လို့ ငါဆိုတယ်လို့ ဖြေလိုက်တယ်။

ပရိဗိုဇ်ကြီးက နောက် မေးခွန်း တခုဆက်ပြီး မေးပုံက ဟုတ်ပြီ၊သျှင်ကြီး'ဂေါတမ' သင်ရဲ့ နောက်လိုက်တွေထဲမှာ အဲဒီ 'နိဗ္ဗာန်ဓမ္မ'ကိုရထားတဲ့ပုဂ္ဂိုလ်'တွေသေယင်ဘယ်နေရာဘယ်ဌာန ရောက်မလဲလို့ မေးပြန်တယ်။

'ဒီတော့'ဗုဒ္ဓ'က ဒီလိုပုဂ္ဂိုလ်မျိုးတွေ သေယင် ဘယ်ကို ရောက်သွားတယ်လို့ ငါမဆိုဘူးလို့ ပြန်ဖြေတယ်။

'ပရိဗိုဇ်'ကြီးက ဒီလိုဆိုယင် ဘယ်မှမရောက်ဘူးလား လို့ မေးပြန်တယ်။

'ဒီတော့'ဗုဒ္ဓ'က ဒီလိုလဲ ငါမဆိုလိုဘူး....လို့ ဖြေလိုက် ပြန်တယ်'

'ဒကာကြီး'ဗုဒ္ဓ'ဖြေတဲ့ အဖြေကို သတိထားနော်....'

ဒီလို ဖြေလိုက်တော့ 'ပရိဗိုဇ်'ကြီးက ဗုဒ္ဓ' အပေါ်မှာ အထင်လွဲပြီး ဒေါပွလာတယ်....ဒကာကြီး'

'ပရိဗိုဇ်'ကြီးက ဒေါပါပါနဲ့ ဒီလိုဆိုယင် ဘယ်နေရာမှ ရောက်တယ်လဲမဟုတ်၊ မရောက်ဘူးလဲ မဟုတ်လို့....သင်းဆိုလို သလားလို့ တုံ့ပြန်လိုက်တော့...'

'ဗုဒ္ဓ'က ငါဒီလိုလဲ မဆိုလိုဘူးလို့ဖြေပြန်တယ်'

ဒါနဲ့ 'ပရိဗိုဇ်'ကြီးဟာ ပိုပြီး ဒေါထလာပြီး သျှင်ကြီး 'ဂေါတမ' သင်ဖြေတဲ့ အဖြေတွေဟာ ငါ့အဖို့ မရှင်းတဲ့အပြင်

ပိုတောင် ရှုပ်ထွေး သွားသေးတယ်လို့ 'ဗုဒ္ဓ'ကို အပြစ်ဖို့လိုက်တယ်....။

ဒီတော့'ဗုဒ္ဓ'က ဟုတ်တာပေါ့ကွ။ မင်းလို 'ပရိဗိုဇ်'တွေ သိအပ်တဲ့ 'ဓမ္မမှ မဟုတ်ဘဲလို့ ပြန်တီးလိုက်တော့ (ပရိဗိုဇ်'ကြီး စကား မပြောတော့ဘူး)။

ဒီတော့မှ ဗုဒ္ဓက မေတ္တာ၊ကရုဏာထားပြီး အဂ္ဂိဝစ္ဆ'တဲ့၊ မင်းကိုငါမေးမယ်။ မင်းကြိုက်သလိုဖြေပေါ့၊ မင်း ရှေ့မှာ ... လောင်စာ အပြည့်နဲ့ ဟိန်းဟိန်းတောက်နေတဲ့ မီးတောက်ကြီး ရှိတယ်ဆိုပါတော့ အဲဒီမီးတောက်ဟာ လောင်စာတွေမကုန်ခင် တော့ (ဟိန်းဟိန်းဟိန်းဟိန်း)နဲ့ တွေ့နေရတယ်။ တဖြည်း လို့ လောင်စာ ကုန်သွားတဲ့အခါ ကျတော့ မင်းပထမမြင်နေတဲ့မီး တောက်ကို တွေ့သေးသလား....လို့ 'ဗုဒ္ဓ'က မေးတော့ ပရိဗိုဇ် ကြီးက မီးတောက်နေတုန်း ကတော့ မီးတောက်ကို မြင်တယ်၊ လောင်စာကုန်လို့ မီးငြိမ်းသွားတော့ မီးတောက်ကို ဘယ်မှာ မြင်ပါတော့မလဲလို့ ဖြေသတဲ့....။

ဒီတော့မှ 'ဗုဒ္ဓ'က 'ပရိဗိုဇ်' တော့ သူ့အဖြေနဲ့ သူ့ အမေးကို ပြေလည်သွားအောင် ဘယ်လို မေးခွန်းထုတ်လိုက် သလဲဆိုတော့ (အဂ္ဂိဝစ္ဆ)တဲ့၊ မင်း စောစောက မြင်နေတဲ့မီး တောက်ဟာ ငြိမ်းသွားတော့ အဲဒီမီးတောက်တွေ ဘယ်ရောက် သွားကြသလဲ၊အရှေ့ရောက်သွားသလား၊ အနောက်ရောက်သွား သလား၊မြောက်ရောက်သွားသလား၊တောင်ရောက်သွားသလား၊ အောက် ရောက်သွားသလား၊ အထက်ရောက် သွားသလားလို့ မေးလိုက်တော့....

'ပရိုဗိုင်'ကြီးစာ သျှင်ကြီး'ဂေါတမ'တဲ့.....၊ ဘယ်ရောက်တယ်လို့ ငါဘယ်လိုပြောတတ်မလဲ၊ ပျောက်သွားတာ ကတော့ အမှန်ဘဲ'လို့၊ ဖြေတော့မှ'ဗုဒ္ဓ'က အဲဒီ ဥပမာအတိုင်းပေါ့ဟေ့၊ (ဥပါဒါန်) အစွဲကုန်ဆုံးပြီးသား 'ပုဂ္ဂိုလ်'တွေဟာသေယင် ဘယ်ရောက်တယ် မရောက်ဘူးလို့ ဖြေရမလားလို့ စကားကို နိဂုံးချုပ်လိုက်တယ်တဲ့....ဒကာကြီး။

(အဲဒီ ရှင်းလင်းချက်ဟာ အနတ္တဓမ္မနဲ့ နိဗ္ဗာန်ဓမ္မ ဆက်စပ်နေပုံပေါ့၊ ဘယ်လိုလဲ ဒကာကြီး မရှင်းသေးဘူး မဟုတ်လား....)

'တင်ပ....'

'အေး....ဒီအင်္ဂလိပ်စွဲသုတ်ကိုဘဲလေ့လာပြီး အနောက်တိုင်း ဗုဒ္ဓဝါဒီကို လေ့လာဆဲ ပုဂ္ဂိုလ်တွေက ဒီလိုဆိုထားပြန်တယ်၊ အခဲယဉ်ခက်တယ် ဒကာကြီး၊ ဘယ်လို လဲဆိုတော့ Buddhism have considered Nirvana to be a sophisticated version of suicide, a goal of self extinction, complete nihilism and absolute zero) လို့ဆိုတော့ ကဲ ဘယ်နှယ်နေသေးသလဲ(အနတ္တဓမ္မ) သဘောကိုမပေါက်တော့ စွပ်စွဲစရာဘဲ၊ အမှန်ကတော့ စွပ်စွဲလဲစွပ်စွဲစရာဘဲ (နိဗ္ဗာန်ဓမ္မ)ဆိုတာ ရုပ်နာမ်တို့၏ ချုပ်ငြိမ်းချမ်းရာ အိုခြင်းနာခြင်း သေခြင်းကင်းရာဆိုတော့ ကိုယ့်ကိုယ်ကိုယ် အဆုံးသတ်စီရင်လိုက်သလို ကျနေတော့တာပေါ့....'

'ခက်ပါတယ်ဘုရား၊ အခုအရှင်ဘုရား ရှင်းနေရင်းဘဲ

တပည့်တော်မှာတဖြည်းဖြည်းပိုပြီး ရှုတ်ထွေးသွားပြန်တယ်ဟုတ်တော့ မလိုဟုတ်တော့မလိုနဲ့...'

'ဒီလိုဖြစ်နေတာဟာ တခြားကြောင့် မဟုတ်ဘူး ဒကာကြီး၊ အမှန်ကတော့ ဒီအနတ္တနိဗ္ဗာန်ကို ရှင်းနိုင်ဘို့ ဒကာကြီးနားလည်နိုင်တဲ့စကားလုံးက ရှာမရဘူး၊ ဒကာကြီးကလဲ ညာဏ်ဦးကျောက်နဲ့မထိုးဖောက်နိုင်သေးဘူးဆိုတော့ ခက်တယ်၊ ဒီကိစ္စဟာ ဦးပဥ္စင်းတပါးသာ ဘာသာပြန်မတတ်တာ မဟုတ်ဘူး၊ ရဟန္တာကြီးတွေလဲ ဘာသာပြန်တတ်ပုံမရဘူး၊ အနောက်တိုင်းကတော့ ဝန်ခံထားတာတွေ့ရတယ်ဒကာကြီး။

('Nirvana' is beyond all terms of duality and relativity. It is therefore beyond our conceptions of good and evil, right and wrong, existence and non-existence)

(နိဗ္ဗာန်ဓမ္မရဲ့ အလားတူ အဓိပ္ပာယ်စကားလုံးကို ဖော်ထုတ်ဘို့မရှိဘူး၊ဒီတော့သူတို့ရဲ့ အသိညာဏ် ဦးကျောက်နဲ့မမှီဘူးတဲ့၊မမှီလို့ဘာကိုနိဗ္ဗာန်လို့ခေါ်ရမယ်မသိဘူး၊ကောင်းသလားဆိုးသလားမှန်သလား မှားသလား၊ ဘဝတခုလို တကယ်ရှိသလား၊ မရှိဘူးလားဆိုတာ မခန့်မှန်းတတ်ဘူး) လို့ ဝန်ခံထားတယ်၊ ဟုတ်တယ်၊ တကယ်ဆိုတော့ ကိုယ်မှုသဘောမပေါက်တာ သူများယောင်လို့ယောင်ရပါ အမောင် တောင်မှန်း မြောက်မှန်း မသိ' ဆိုသလို နိဗ္ဗာန်၊ နိဗ္ဗာန်နဲ့စကားထဲသာ ထည့်သုံးနေကြရတာ နိဗ္ဗာန်ဆိုတာ ဘာမှန်းမသိ၊ အေးတယ်ငြိမ်းတယ်၊ စီးပွားမရှာရ၊ ထမင်းမချက်ရ၊ အဝတ်မဝတ်ရ၊ မအိုဘူး၊ မနာ

ဘူး၊ မသေဘူး သတ္တဝါကြောက်တဲ့ရန်တွေ ဘေးတွေက လွတ်တယ် ဆိုတော့ လူတိုင်း နိဗ္ဗာန်ကို တောင့်တ နေကြ တာဘဲ ဒကာကြီး....'

'ကြုံတုန်းထည့်ပြောရအုံးမယ်။ တခါတုန်းက ဗုဒ္ဓကိုယ်တော်တိုင်ရှိစဉ်ကပုထုဇဉ်ရဟန်းတပါးကရှင်သာရိပုတ္တရာရဟန္တာမထေရ်မြတ်ကြီးကို မေးသတဲ့၊ အရှင်ဘုရားတို့က နိဗ္ဗာန်ဆိုတာ သိပ်ချမ်းသာတာဘဲ အလွန်အေးမြတာဘဲနဲ့ ခဏခဏ အမိန့်ရှိကြတယ်၊ ပြီးတော့ နိဗ္ဗာန်မှာ 'ရုပ်' လဲမရှိ 'နာမ်' လဲမရှိနဲ့ ဝေဒနာစမ္မမရှိတဲ့ နိဗ္ဗာန်ဟာ ဘယ်လိုလုပ်ပြီး ချမ်းသာတာ အေးမြတာတွေကို ခံစားနိုင်ပမလဲလို့ ဆိုတော့(ရှင်သာရိပုတ္တရာ)ကြီးက 'အို....ငါ့ရှင် အဲဒီဝေဒနာ စမ္မ မရှိတာဘဲ အေးတယ်။ ချမ်းသာတယ် ခေါ်ရတာပေါ့လို့ ဖြေတယ်။ ကိုင်း....ဒီနေရာမှာ ဆော ဒကာကြီး သဘော ပေါက်ရဲ့လား၊ တဲ့တဲ့ ဖြောင့်ဖြောင့် ကြီးလိမ်နေတာ၊ အဲဒီအလိမ်ပြေမှ ရှင်းမှာ'

'အလိမ်ပြေတယ်ဆိုတာ (Reverse) ပြောင်းပြန် ဖြစ်သွားတဲ့ စိတ်ဓမ္မ ကို ပြောတာ ပညတ်ဓမ္မ မဟုတ်ဘူး ပရမတ်ဓမ္မ အစစ် (Very Very Highly Phi-lo-sophical) ဒကာကြီး၊ ဆာမန် ပုထုဇဉ်တို့ မသိနိုင်ဘူး၊ နားမလည်နိုင်ဘူး။ ပြီးတော့ (ဗုဒ္ဓ သဗ္ဗညု)လို့ ခေါ်တဲ့ (သျှင်ဗုဒ္ဓဃောသ) တို့ရဲ့ အဋ္ဌကထာကို နိုင်ငံခြား ဗုဒ္ဓဝါဒီများက ဝေဖန် ထားပြန်သေးတယ်၊ ဘယ်လိုလဲ ဆိုတော့....

(The whole tradition of Theravada Buddhism' has emphatically rejected the nihilistic interpretation of' Nirvana and a significant portion of the writings of the famed Fifth Century Theravada Scholar Buddhaghosa was dirceted at refùting the notion of Nirvana" as no existence)

'ဒီစာပိုဒ်ကို ထောက်ခြင်းအားဖြင့် နိဗ္ဗာန်ရဲ့ အယူအဆတွေဟာ အတော်အကွဲကွဲ အလွဲလွဲ ဖြစ်နေတယ်ဆိုတာ ထင်ရှားနေတယ်'

'ပြီးတော့အချို့အနောက်တိုင်း ဗုဒ္ဓဝါဒီတွေ ကတော့

(Nirvana is that which is realized when craving is ended. Nirvana is nothing only in that it is nothing. It is neither matter nor energy and it has no location in space and time)

ဆိုပြန်ဘယ်။ ဒီသဘောရေးကိုတော့ ဦးပဥ္ဇင်း တပိုင်းတစကို ကြိုက်တယ်၊ အကုန်လုံးကို မကြိုက်ဘူး။

(It is neither matter nor energy and it has no location in space and time)

ဆိုတဲ့အပိုင်းကို ကြိုက်တယ်။ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓ ကိုယ်တော်တိုင် အဂ္ဂိဝစ္ဆ ပရိဗိုဇ် ကို ရှင်းပြပုံနဲ့ အတော်သဘော တူတယ်။ ပရမတ် အစစ်ဆိုတော့ ဒီလို ခံယူချက်ဟာ မှန်တယ်။ လက်ညှိုးထိုးပြစရာတခုခုရှိတယ်ဆိုယင် ပရမတ်မဟုတ်တော့ဘူး။ ဒကာကြီး သဘောကျပြီလား၊ ကျမှာတော့ မဟုတ်သေးပါဘူး။ ကိုင်းသူတပါးအယူအဆတွေတော့ အတော် တင်ပြပြီး သွားပြီ၊

အခု ဦးပဋ္ဌင်း ယုံကြည်ထားတဲ့ နိဗ္ဗာန်ဓမ္မ အကြောင်းကို ရှင်းပြမယ်၊ ကြိုက်တာ မကြိုက်တာ ထား....၊ ယုတ္တိရှိ၊ မရှိ နောက်တော့ ဝေဖန်တာပေါ့'

'ဒဏ္ဍာကြီးကို ဆက်လက်ရှင်း မပြမီ ကြိုတင် ခံယူထားရမည့် အချက်အလက်တွေကို တင်ပြထားချင်သေးတယ်'

'ဒီအချက်အလက်တွေက....

၁။ စကားနောက်မှာ တရား(ဓမ္မ)ပါတယ်။

၂။ ပညတ်နောက်မှာ ဓာတ် ပါတယ်။

၃။ ပရမတ်ကို ကင်းပြီး ပညတ် မရှိဘူး။

၄။ သံသရာဟာ ပညတ် နိဗ္ဗာန်ဟာ ပရမတ်။

၅။ သံသရာကို ကင်းပြီး နိဗ္ဗာန် မရှိနိုင်ဘူး။

၆။ အတ္တဓမ္မသည် ပညတ်၊ အနတ္တဓမ္မ သည် ပရမတ်။

၇။ အတိတ်ဓမ္မတွေသည် ပစ္စုပ္ပန်ဓမ္မ က သွားသည်။

၈။ 'တောက်' ဟူသော အသံတချက် ၌ပင် အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလ သုံးပါး တပါတည်း ပါသည်။

၉။ သံသရာနှင့် နိဗ္ဗာန် ကြားတွင် ငါ ခံနေသည်။

၁၀။ ငါပျောက်၏ သံသရာနှင့် နိဗ္ဗာန် သည် တသားတည်း ဖြစ်သည်။

၁၁။ အားလုံးသော ဓမ္မများသည် အနတ္တဓမ္မများသာဟု အဆိုရှိသဖြင့် လောကဓမ္မ လောကုတ္တရာ ဓမ္မ အတ္တဓမ္မ ပညတ်ဓမ္မ ပရမတ်ဓမ္မ အားလုံးသည်

အနတ္တဓမ္မ များသာ ဖြစ်သည် ဟု မှတ်ယူရမည်။
(သဗ္ဗေဓမ္မာ အနတ္တာ)

၁၂။ လောကဓမ္မသည် ပုထုဇဉ်များအတွက် နိဗ္ဗာန်ဓမ္မ ဖြစ်သည် (Reverse)

၁၃။ လောကုတ္တရာဓမ္မသည် အရိယာများအဖို့ နိဗ္ဗာန်ဓမ္မ ဖြစ်သည် (Reverse)

၁၄။ လောကဓမ္မနှင့် လောကုတ္တရာဓမ္မ နှစ်ခုကို အဆက်ဖြတ်ထားသော အတ္တဓမ္မကို လုံးလုံး လျှားလျှား ဖယ်ရှားလိုက်ပါက လောကဓမ္မနှင့် လောကုတ္တရာဓမ္မနှစ်ခုသည်တသားတည်းဖြစ်လာသည်(လောကီဟုတ်မှ လောကုတ္တရာ)

၁၅။ ပညတ်ဓမ္မနှင့် ပရမတ်ဓမ္မ ဆက်စပ်နေပုံကို ငါ ဖယ်၍ ကြည့်ရသည်။

၁၆။ အရှိသဘောကို မရှိသဘောက ကျေးဇူးပြုသည်။ မရှိ သဘောကို အရှိ သဘောက ကျေးဇူးပြုသည် (Reverse)

၁၇။ အတ္တဓမ္မ ကို အနတ္တဓမ္မ က ကျေးဇူး ပြုသည်။ အနတ္တဓမ္မ ကို အတ္တဓမ္မ ကပင် ကျေးဇူး ပြုသည် (Reverse)

၁၈။ အတ္တဓမ္မ ကို ဆုပ်ကိုင်၍ အနတ္တ ဓမ္မ ကြည့်လျှင် မမြင်နိုင်။

၁၉။ အနတ္တဓမ္မ ကို ပိုင်က အနတ္တ ကိုလည်း မြင်သည်၊ အတ္တဓမ္မကို လည်းမြင်သည်။

၂၀။ အနတ္တဓမ္မ သည် ပရမတ် အစစ်ဖြစ်သဖြင့် ပရမတ် ဓမ္မလေးခု ဖြစ်သော စိတ် စေတသိတ် ရုပ်၊ နိဗ္ဗာန် တို့သည် အနတ္တဓမ္မ များသာဖြစ်သည်။

၂၁။ စိတ် စေတသိက် ရုပ် သုံးခုပေါင်းသည် ရုပ် နာမ် ဓမ္မ များဟု အဖြေထွက်သည်။

၂၂။ ရုပ် နာမ် ဓမ္မများသည် သံသရာ ဓမ္မ များ ဖြစ်သည်။

၂၃။ နိဗ္ဗာန် ဓမ္မ သည် သံသရာ၏ပြောင်းပြန် ဓမ္မဖြစ်သည် (Reserve)

၂၄။ ထို့ကြောင့် အနတ္တဓမ္မနှင့် နိဗ္ဗာန်ဓမ္မ သည် တစပ်တည်း တခုတည်း ဖြစ်သည်။

၂၅။ အဖြေဓမ္မသည် အလုပ်ဓမ္မ က ပေါ်ထွက် လာသော ပညတ်ဓမ္မ ဖြစ်သည် (Practie into Theory)

၂၆။ အလုပ် ဓမ္မ မှရသော အတွေ့အကြုံတို့ကို အပြောဓမ္မ လုပ်၍ အသုံးချရသည်။

၂၇။ ထိုသို့ အပြောဓမ္မများကို လမ်းခင်း၍ ဆောင်လုပ်ကိုင်မှသာ အလုပ်ဓမ္မ ဖြစ် လာ နိုင် သည် (Theory into Practice)

၂၈။ ဗုဒ္ဓ အလောင်းတော်သည် အလုပ်ဓမ္မကို လက်တွေ့လုပ်ပြီးမှ ဗုဒ္ဓအမည်ကို ရသည်(Reverse) (Practice into Theory)(Reverse) ဗုဒ္ဓ အမည်ရတော့မှ အပြောဓမ္မများကို ထုတ်ဖော်

နိုင်သည်။ မှန် ကန် သော ဓမ္မ ( သစ္စာ ဓမ္မ ) (Ultimate Truth) တို့သည် အလုပ်မှ ရသော ညာဏ်ဦးကျောက်ဓမ္မ များဖြစ်သည်။ ဗုဒ္ဓသည် ယင်းဓမ္မများကို အပြောဓမ္မ အဖြစ်(၄၅) နှစ်တို့ ကာလပတ်လုံး အလုပ်ဓမ္မ ဖြစ်အောင် တိုက်တွန်းနှိုးဆော်ခဲ့သည်။

ခံယူကျင့်သုံး သူတို့သည် ဗောဓိပညာကို ရကြ၏။ (Practice into Theory) (Reverse)

၂၉။ ထို့ကြောင့် အနတ္တဓမ္မ နှင့် နိဗ္ဗာန်ဓမ္မ တို့သည် ဗောဓိပညာ ရသူများအဖို့ ခွဲ၍ မရ၊ တသားတည်း၊ တစပ်တည်းဟု မြင်သည်၊ သိသည်။

၃၀။ ဗုဒ္ဓ၏ ဓမ္မစစ် ဓမ္မမှန်တို့သည် ဖြောင့်ဖြောင့် စင်းစင်းကြီး ဖြစ်သော်လည်း မျက်စိ လည် နေသူ ပုထုဇဉ်များ အဖို့ကား ဝေ့လည် ကြောင်ပတ် ကွေ့ကောက် လိန်တွန့်နေသည်ဟု ထင်ရသည်။ အလိမ်ပြေသူများ အဖို့ကား ဖြောင့်ဖြောင့် စင်းစင်းကြီး ပေါ်နေသည်မှာ ထင်ရှား၏။

'ဒကာကြီး အခုပြောခဲ့တဲ့ အချက်ပေါင်း(၃၀)ကို ဒီစာရွက်ပေါ်မှာ ကူးသွား ပြန်ပြောပေးမယ်'ဟု မထေရ်က စာရွက် တရွက်ကို ထုတ်ပေး၍ ကူးစေခဲ့ပါသည်။ ဒကာကြီးလည်း မထေရ်ပြောသမျှတို့ကို လိုက်ကူး၍ အပြီးတွင်....

ဒီအချက် တွေကို တပည့်တော် ဘယ်လိုလုပ်ရမလဲဘုရား'ဟု လျှောက်ထားရာ မထေရ်က 'ဒီလိုကူးခိုင်းတာ

က ဒကာကြီး ပြန်လေ့လာဖို့ပါ၊ အခုဆက်ပြီး ရှင်းတန်သလောက် ရှင်းပေးပါအုံးမယ်’ဟု အမိန့် ရှိကာ၊ ‘ဒကာကြီး သဗ္ဗဓမ္မာအနတ္တ ကို ဗမာလိုပြန်ယင် လောကဓာတ်ကြီးတခုလုံးမှာ ဖြစ်ပေါ်ပျောက်ပျက်လှုပ်ရှားနေတဲ့ ဓမ္မ မှန် သမျှဟာ အနတ္တ ချည်းဘဲလို့ ဆိုဘယ်၊ ဒါကို မျက်စိမလည်စေနဲ့။ ဥပမာ လယ်သမားနှစ်ယောက်အနက် တယောက်သောသူမှာ နွားအဖြူ တကောင်ရှိတယ်၊ နောက်တယောက်မှာ နွားအနက် တကောင် ရှိတယ် ဆိုကြပါစို့။ နွားဖြူ ရှိတဲ့ လယ်သမားက နွားနက်ကို လိုချင်တယ်၊ နွားနက်ရှိတဲ့ လယ်သမားက နွားဖြူကို လိုချင်တယ်၊ ဒီတော့ သူတို့နှစ်ဦးသဘောတူ နွားချင်းလဲလိုက်တော့ ကိုယ်ကြိုက်တဲ့အရောင်နဲ့ နွားအသီးသီးကိုမရကြဘူးလား၊

‘ရပါတယ်ဘုရား....’

‘အေး....ရတာမှန်တယ်၊ သို့ပေမယ့် သူတို့နှစ်ယောက်မှာ အစကတည်းက နွားတကောင်စီဘဲရှိကြတယ်မဟုတ်လား....’

‘တင်ပ....’

‘အခုတော့ကော နွားတကောင်စီဘဲမဟုတ်လား၊ဘာထူးသလဲ၊ ထူးတာက အရောင်ပြောင်းသွားတာဘဲ မဟုတ်လား၊ အဲဒီလိုဘဲ သံသရာနဲ့နိဗ္ဗာန် လောကီနဲ့လောကုတ္တရာ ပညတ်နဲ့ပရမတ် အနတ္တနဲ့နိဗ္ဗာန်၊ သံသရာနဲ့အနတ္တ၊ အတ္တနဲ့အနတ္တ၊အတိတ်နဲ့ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်၊ ဓမ္မတွေဟာ(အရောင် မတူတဲ့ နွားလိုပါဘဲ) (နွားတော့နွားဘဲ) ဆိုသလို အနတ္တဓမ္မကမကင်းကြပါဘူး၊ ဒါကြောင့် ဒကာကြီး သိချင်တဲ့ အနတ္တနဲ့ နိဗ္ဗာန် ဆက်စပ်ပုံဟာ ဦးပဥ္ဇင်းတင်ပြတဲ့အချက် ၃၀ ကိုသဘောပေါက်

ယင် ဖြောင့်ဖြောင့်စင်းစင်းကြီးပါ၊ ဒကာကြီးရဲ့ လိမ်ကောက်နေတဲ့ အသိစိတ်ဓမ္မကိုသာ စင်ကြယ်အောင် အညစ်အကြေးကာကင်းဝေးအောင် သတိဓမ္မကို လက်ကိုင်ထားပြီး၊ အခုလုပ်နေကျသီလဓမ္မကနေပြီး သမာဓိဓမ္မအထိ တိုးတက်လာအောင်သမာဓိဓမ္မကနေပြီး ပညာဓမ္မညာဏ်ဦးကျောက်ရအောင် ဆက်လက်ကြိုးစားပါ၊ ဒီနေ့မရ နောက်တနေ့ပေါ့၊ ဒီလမရ နောက်လ၊ နောက်လမရ နောက်နှစ်၊ ဒီဘဝမရယင် နောက်ဘဝကတော့ သေချာပါတယ်၊ (နောက်ဘဝဆိုတာက ပြောနေကျမို့ ပြောရတာ) အရေးကြီးတာက 'ပစ္စုပ္ပန်ကာလ' အရေးကြီးပါတယ်၊ ကဲ တော်လောက်ပြီ၊ နောက်ပိုင်းကြတော့ ဘုရားရဟန္တာများ နောက်ဆုံးသေခြင်းဖြစ်တဲ့ သမုစ္ဆေဒပရဏ အကြောင်းနဲ့ ပတ်သက်ပြီး သေပြီးနောက် အနုပါဒိသေသနိဗ္ဗာန်ဓမ္မကို ဆက်ရှင်းပေးမယ်....'

'အဲဒီအနုပါဒိသေသနိဗ္ဗာန်ဓမ္မကိုအနောက်နိုင်ငံ ဗုဒ္ဓဝါဒီတွေကတော့(Living in the light of eternity)လို့ဘာသာပြန်ကြတယ်၊ ဒါကိုနောက်ပိုင်းမှ ရှင်းပေးမယ်။ကူးယူသွားတဲ့အချက်အလက်တွေကိုသာ နား လည် ဘဝောပေါက် ခံယူနိုင်အောင် လေ့လာထားပါ'ကိုင်းတော်ပြီ' ဒကာကြီးဟု မထေရ်က အနတ္တနှင့်နိဗ္ဗာန် စပ်ဟပ်ပုံကို အချက်အလက် (၃၀) ဖြင့်တင်ပြသွားသော်လည်း ကျွန်ုပ်နှင့်တကွ အရာရှိကြီးမှာသဘောမပေါက်သေးသည့်အပြင် ပို၍ပင်ရှုတ်ထွေးသည့် အပိုင်းမှာပင် ရှိနေကြပါသည်။ မှန်၏။ (နိဗ္ဗာန်တရား) သည် လွယ်သည် မဟုတ်၊ သို့ပင်တစေ၊ ကြိုးစားကဘုရားဖြစ်နိုင်သည် ဟူသော ဗမာတို့၏

စကားပုံအရ မထေရ်တင်ပြသောအချက် ၃၀ ကိုသာလျှင် လိပ်ပတ်လည်ရန် အရေးကြီးသည်ဟု ကျွန်ုပ်ဆုံးဖြတ်ခဲ့ပါသည်၊

မထေရ်ဘင်ပြသွားသောအချက်၃၀တို့ကိုသေသေချာချာ ဂဃဏနလေ့လာလိုက်သောအခါဝယ် ကျွန်ုပ် သဘောပေါက်မိသည်မှာ....

'သဗ္ဗေဓမ္မာအနတ္တ'ဟူသော 'ဗုဒ္ဓ'၏ နိဂုံးစကားမှာ အတော်ပင်လေးနက်လျှက်ရှိပေသည်၊ အကယ်၍ ယင်းအဓိပ္ပာယ်ကို မိရိုးဖလာအတိုင်း ဘာသာပြန်လိုက်ပါလျှင် ဘာသာရေး အယူဝါဒများပင်လျှင် ဆိတ်သုဉ်းကွယ်ပျောက်ခြင်းသို့ဆောက်ဖွယ်ရာရှိ၏။အနောက်နိုင်ငံသိပ္ပံရှင်ကြီးများပြောဆိုရေးသားကြသောစာပေဝေါဟာရတို့နှင့် အတူတူထပ်တူထပ်မျှဖြစ်သည်ဟု ယူဆဖွယ်ရာ ဖြစ်လာတတ်ပေသည်။ ဥပမာ( World is merely Void )ဟူသော ရေးသား ပြောဆိုချက်မှာ 'သဗ္ဗေ ဓမ္မာ အနတ္တ' သဘောသို့ သက်ဝင်နေသလိုလို ထင်မြင် ယူဆရ၏။ အမှန်စင်စစ်မှာကား 'ဗုဒ္ဓ'၏ 'အနတ္တဓမ္မ'ဝါဒနှင့် ( Void ) တို့မှာတူချိမ့်မည်မဟုတ်၊ အချို့ အနောက်တိုင်း 'ဝါဒီ' တို့က ( Desert, Stillness. Silence, Nothingness ) ဟူ၍လည်း ရေးသားပြောဆိုကြပြန်သည်၊မည်သို့ပင်ဆိုစေ 'ဗုဒ္ဓ' ၏ 'အနတ္တ'မှာ ယင်းသို့ မဟုတ်နိုင်ကြောင်း 'အဂ္ဂိဝစ္ဆသုတ်' က သက်သေခံနေပေမည်။

'ဓမ္မ' ကို 'ဓမ္မ' အတိုင်း မြင်ရန်ကြိုးစား အားထုတ် နိုင်ကြပါစေသော်

(နောက် ဆက်လက် ထုတ်ဝေမည့်စာအုပ် များ၌ ဆက်လက်ဖြေရှင်းသွားမည်ဖြစ်ကြောင်း....)

# ☆ ယာမာတို မှသည် မစ်ဆူရီသို့ ☆

## [ ဂျပန်ပြည် စစ်ရှုံးချိန် ]

- ချစ်စိုးမြိုင်နှင့် မင်းဆွေရှင်တို့ (ပြုစုသည်....)
- ဂျပန်စစ်ဝါဒီများက သူတို့၏ နည်းဗျူဟာ များကို မည်သို့ သုံးသပ်ခဲ့လေ သနည်း။
- အနိုင်ရစတမ်း တိုက်ခိုက်ခဲ့ရာမှ လက်မြှောက်အရှုံးပေး လိုက်ရသည့်အခါ မည်သို့ ဖြစ်သနည်း။
- အနုမြူဗုံးကို မည်သို့ တီထွင် ခဲ့ကြသနည်း။
- ချာတိတ်နှင့် ဖိုးဝတုတ်ဒဏ်ကို ဂျပန် ပြည်သူတို့ မည်သို့ ခါးစီး ခံခဲ့ကြရသနည်း။
- တင်နီယောကာ၏ နာမည်ကျော် ဗုံးခိုကျင်း အတွင်းမှ ဆုံးဖြတ်ချက်များကား မည်သို့နည်း။
- ဂျပန် ဗိုလ်မှူးငယ် များနှင့် ဗိုလ်ချုပ်ကြီး များတို့ မည်သို့ ထိပ်တိုက် တွေ့ခဲ့ကြသနည်း။
- ယာမာတို စစ်သင်္ဘောကြီးဖြင့် အနိုင်စယူခဲ့သော်လည်း မစ်ဆူရီ စစ်သင်္ဘောကြီး ပေါ်တွင် လက်နက်ချလိုက် ရသည့် စစ်၏ သရုပ်သကန်က မည်သို့နည်း။

**မကြာမီ ထွက်တော့မည်**


**ဖြန့်ချိရေး**

လင်းလင်းမြတ်စာပေ၊ ၁၆-လမ်းသွယ် (၁)၊
ရွှန်းလွန်းရ ကျောင်းလမ်း၊ ပြည်သာယာ-ဘောက်ထော်။
( ဖုန်း-၅၂၁၅၆ )

ပေါင်းတည်-ဘုန်းကြည်၏....

# ကမ္ဘာ့သမိုင်း သော့ချက်များ

## (ပထမတွဲ)

ဤဘဒ္ဒကမ္ဘာကြီး စတင်ဖြစ်ပေါ်လာသည့် လွန်ခဲ့သော နှစ်သန်း ၂၀၀၀မှစ၍ ခရစ်သက္ကရာဇ် ၁၉၁၄-ခုနှစ် အထိ ကမ္ဘာ့သမိုင်း ဖြစ်ရပ်ကြီးများကို သက္ကရာဇ် အစီအစဉ် အတိုင်း မှတ်တမ်းတင်ထားသည့် စာအုပ်ဖြစ်သည်။

မကြာမီထွက်တော့မည်။

ကမ္ဘာ့သမိုင်းသော့ချက်များ

( ဒုတိယတွဲ )

လူရည်ချွန် ဖြစ်လိုသူများ အတွက်

မျှားမကြာမီ ဆက်လက်ထွက်မည်။

ကမ္ဘာ့ အခြေခံ နိုင်ငံရေးပညာကို ဂ ဃ န ဏ သိလိုသူတိုင်း

ပေါင်းတည်ဘုန်းကြည်၏—

ကမ္ဘာ့အခြေခံ နိုင်ငံရေးပညာ....ကို

ဆိုင်တိုင်းမှာမေးဝယ်ပါ။

## ညိုသောင်း ၏

- ဟိန္ဒူဘာသာ
- ဗုဒ္ဓဘာသာ
- ခရစ်ယာန်ဘာသာ
- အစ္စလာမ်ဘာသာ

# ဘာသာကြီးလေးခု၏

## အနှစ်သာရများ

ကမ္ဘာ့ဘာသာကြီး လေးခုကို အခြေခံကျကျ
လေ့လာလိုသူများလက်ဝယ်
အမြဲထားရှိသင့်သည့် ကျမ်းစာအုပ်ကြီး ဖြစ်သည်။
သာသာရေး ခွင့်ပြုချက် (၇၃၁၂)အရ ထွက်ပါတော့မည်။

☆ တက္ကသိုလ်-ရွှေတင်ဦး ၏

# မေတ္တာ ကွက်လပ် ဖြည့်ရသူ

ဘာသာပြန် စုံထောက် လျှို့ဝှက်သဲဖိုဝတ္ထု ဖတ်ရင်း

ရင်တထိတ်ထိတ်ဖြင့် အာရုံ ခံစားရမည်....။

ထွက်တော့မည်

လေးနွယ်၏ [၁၉]-အုပ်မြောက်

# အင်းလျားမြိုင်က—မစန္ဒာ

ထွက်တော့မည်—၆ ကျပ်။

လေးနွယ် ၏ [၁၈] အုပ်မြောက်

# ချောကလျှာ

လျှို့ဝှက်သဲဖို အချစ်စွန့်စားခန်း

ထွက်ပြီ....မြ-ကျော်။

ရဲစိုး ၏

# တာဝန်

ချိုးဖောက်သူမိ-ကျော်ညွန့်နှင့် အပေါင်းအသင်းများ

တအုပ်....၇-ကျပ်၊

# ဒိဗ္ဗစက္ခုရနည်း

ထွက်ရပ်ပေါက် ဝိဇ္ဇာဂိုဏ်းကြီးများနှင့် ဝိညာဉ်လောက ဆက်သွယ်လိုသူများ စမ တန်ခိုး၊ ပထမံတန်ခိုး၊ သမထ စွမ်းအား တန်ခိုးရလိုသူများအတွက် ထွက်ရပ်ပေါက် ဆရာကြီး ဗ.ဆူဖြစ်သော ဓါတ်ဝိဇ္ဇာဇိုရ် စတုဝလ္လိက သတ္တဝါများအပေါ် မေတ္တာရှေ့ထား၍...

၁။ ဓါတ်ဝိဇ္ဇာ .... ၂။ ပဒါးဝိဇ္ဇာ

၃။ ဆေးဝိဇ္ဇာ .... ၄။ သံဝိဇ္ဇာ

၅။ အင်းဝိဇ္ဇာ .... ၆။ မန္တန် ဝိဇ္ဇာ များအပြင်....

ဇော်ဂျီ-တပသီ-အရှင်ထွက်-အသေထွက် စသည့် ဝိညာဉ်လောကတခုလုံးကို မိတ်ဆက် ပေးထားသော....

## ကျင့်စဉ် စာအုပ်ကြီး....

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် (၈၁၇၉)အရ စောင်ရေကန့်သတ် ရိုက်နှိပ်ရသဖြင့် ကြိုတင် မှာသူကို ဦးစားပေး ဖြန့်ချိပါမည်။

ဤအနုတ္တနိဗ္ဗာန် စာအုပ်ကို ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်
အမှတ် (၇၉၆၆) အရထုတ်ဝေ ဖြန့်ချိသည်။

တန်ဖိုး— ရှစ်ကျပ်

သိမ့်....၁၉၁ - ၃၃-လမ်း၊ ရန်ကုန်မြို့။ (ဖုံး-၁၀၃၆၇)